ရေကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

သံသရာ

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပမ်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာ ရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။ ဗာလဝဂ်(၈မ္မပဒ-၆၀)

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ 28, Thursday July 2016 (၈၆၃၆)

(၈)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေးဥက္ကဋ္ဌတာဝန် မြန်မာနိုင်ငံထမ်းဆောင်မည်

အာဆီယံ-ဩစတြေးလျ ဝန်ကြီးအဆင့်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဧရာဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၂၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် တစ်ပေခွဲခန့်၊ မြင်းမူမြို့နှင့် ပခုက္ကူမြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် သပိတ်ကျင်းမြို့နှင့် ပခုက္ကူမြို့တို့တွင် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့

ဥပဒေသည် အခြေအနေ၊ အချိန်အခါအလိုက် ပြောင်းလဲသည့်သဘောရှိ

ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်လျော်ညီအောင်ဆောင်ရွက်

စာမျက်နှာ-၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာသော ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာသင်းသင်းမော် ဦးဆောင်သည့် ဆရာ ဆရာမ ၁၀ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၃၆ ဦးတို့အား ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းမှု၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများ အနေဖြင့် စာတွေ့သီအိုရီပိုင်းသာမက လက်တွေ့ပိုင်းကိုပါ လေ့လာထိတွေ့မှုရှိရန်လိုကြောင်း၊ လုပ်ငန်းခွင်ပိုင်းထိတွေ့မှုရှိမှသာ လုပ်ငန်းခွင်ရောက်ရှိသည့်အခါ ဦးဆောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ အဓိကမှာ ကြိုးစားရန်၊ ရိုးသားရန်နှင့် စေတနာထားဆောင်ရွက်ရန်လိုကြောင်း၊ ယနေ့ လူငယ် နောင်ဝယ်လူကြီးဟူသည့် ဆောင်ပုဒ်အတိုင်း ယနေ့လာရောက်သည့် လူငယ်များအနေဖြင့် နောင်တစ်ချိန် လူကြီးဖြစ်လာသည့်အခါ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် သီအိုရီပိုင်းသာမက လက်တွေ့နယ်ပယ်မှာပါ အလေးအနက်ထား လေ့လာရန်လိုအပ်ကြောင်း၊ ဘွဲ့ရသွားသည့်အခါတွင်လည်း လုပ်ငန်းခွင်များသို့ သွားရောက်လေ့လာကြရန်နှင့် နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထင်းနောက် ဒေါက်တာသင်းသင်းမော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ရွေးကောက်ပွဲခုံအဖွဲ့ဖွဲ့စည်းမှု၊ ရွေးကောက်ပွဲအငြင်းပွားမှုများ စစ်ဆေးကြားနာမှုတို့အား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့က ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာနှင့် ကျောင်းသားများက ကော်မရှင်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ပေးနိုင်မှု မေးခွန်းများနှင့် စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းကလည်းကောင်း၊ လွတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ (Right to Recall Law)နှင့် စပ်လျဉ်း၍ မေးမြန်းချက်ကို ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က လည်းကောင်း ပြန်လည် ရှင်းလင်းဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ရွေးကောက်ပွဲ ခုံရုံးတရားခွင်များ၌ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများအား စစ်ဆေးကြားနာ အမိန့်ချမှတ်နေမှုများကို အဖွဲ့လေးဖွဲ့ခွဲ၍ လေ့လာခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သန်လျင်မှ ထူးချွန်ကျောင်းသားကျောင်းသူများ စင်ကာပူနိုင်ငံ လေ့လာရေးခရီးသွားရောက်မည်

ရန်ကုန် ဇူလိုင် ၂၇

သန်လျင်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိခဲ့သော ကျောင်းသားကျောင်းသူများ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်မည်ဖြစ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သန်လျင် အထက(၁)မှ ခြောက်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ အထက(၂)မှ ခြောက်ဘာသာဂုဏ်ထူးရှင်သုံးဦး ရရှိခဲ့ပြီး သက်ဆိုင်ရာကျောင်းများမှ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ် လေးညအိပ် ငါးရက်ခရီးကို ဩဂုတ်လ ပထမပတ်အတွင်း သွားရောက်ကြမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ ခရီးစဉ်အတွင်း စင်ကာပူနိုင်ငံရောက် ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလျှူရှင်များက လိုက်ပါကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအနေဖြင့် ခရီးစဉ်အတွင်း ခေတ်မီတိုးတက်နေသော နည်းပညာများ၊ ဒေသန္တရဗဟုသုတများရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သန်လျင် အထက(၂) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဌေးမိုး၏ ပြောပြချက်အရ သိရသည်။

သန်းဝင်း(သန်လျင်)

ရောင်းမှုံ

သမိုင်းမှပေးသောအားမာန်ခွန်အား

အတိတ်သမိုင်းကို မသိပါက ပစ္စုပ္ပန်ကို အပြည့်အဝနားလည်နိုင်စွမ်းရှိမည်မဟုတ်ပါ။ ပစ္စုပ္ပန်ကို အပြည့်အဝနားလည်နိုင်စွမ်းမရှိပါက အနာဂတ်ကို ခန့်မှန်းတွက်ချက်ပြင်ဆင်ရန်ကိုလည်း စွမ်းဆောင်နိုင်မည်မဟုတ်ပါ။ လူငယ်မျိုးဆက်သစ်တို့တွင် သမိုင်းအပေါ် စိတ်ဝင်စားမှုနည်းပါးနေသည်ဟူသော သတင်းတို့ကြားရသောအခါ၌ တိုင်းပြည်၏ အနာဂတ်အတွက် စိုးရိမ်ပူပန်မိပါသည်။ လူငယ်မျိုးဆက်သစ်တို့ကြား၌ သမိုင်းအပေါ် စိတ်ဝင်စားမှုနည်းပါးနေရခြင်း၏ အကြောင်းရင်းကို အသေအချာစိစစ်သုံးသပ်ရန် လိုအပ်ပါသည်။

ယေဘုယျသဘော ပြောရမည်ဆိုပါက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ လူငယ်ကျောင်းသားတို့အား သမိုင်းပညာသင်ကြားမှုသည် "သင့်" အဆင့်၌ ရှိသည်ဟု ပြောနိုင်ပါသည်။ သို့သော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ မူဝါဒသဘောထားများနှင့် ဆန့်ကျင်သော သမိုင်းအဖြစ်မှန်တို့ကိုမူ လုံးဝဖုံးဖိဖျောက်ဖျက်ထားခဲ့ပါသည်။ တပ်မတော်ကအုပ်ချုပ်ခဲ့သော ကာလ၌လည်း ဤအစဉ်အလာလမ်းကြောင်းသည် ဆက်လက်ရှင်သန်ခဲ့ပါသည်။ သမိုင်းသင်ခန်းစာများကို ဆရာ ဆရာမများ သင်ကြားခဲ့သည့်အတိုင်း တစ်လုံးမကျန် အလွတ်ကျက်ရသော ပညာရေးစနစ်သည်လည်း လူငယ်ကျောင်းသားတို့၏ သမိုင်းအပေါ် နားလည်လိုစိတ်ကိုအပြီး မြေမြှုပ်သင်ကြိုက်ခဲ့ပါသည်။ သတင်းမီဒီယာတို့၌ သမိုင်းဖြစ်ရပ်မှန်များအပေါ် လွတ်လွတ်လပ်လပ်တင်ပြရေးသားခွင့်မရခဲ့ခြင်းသည်လည်း လူငယ်မျိုးဆက်သစ်တို့ကို သမိုင်းဘာသာရပ်နှင့်ဝေးသည်ထက်ဝေးအောင် တွန်းပို့သကဲ့သို့ ဖြစ်ခဲ့ပါသည်။

သို့သော် ဆင်ဆာလုပ်သည့် မူဝါဒကို ရုတ်သိမ်းလိုက်သည့်အခါ၌ သမိုင်းဖြစ်ရပ်တို့နှင့် ပတ်သက်သော စာအုပ်စာတမ်းများစွာပေါ်ထွက်လာပါသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ သို့သော် ထွက်ပေါ်လာသည့် တချို့သောသမိုင်းဆိုင်ရာ စာအုပ်စာတမ်းများ၌ သမိုင်းအချက်အလက်တို့ လွဲချော်နေသည်ကို တွေ့ရပါသည်။ ရည်ရွယ်ချက်ဖြင့် တမင်သက်သက်ရည်ရွယ်ရေးသားသည်ဖြစ်စေ၊ အမှတ်တမဲ့ရေးသားသည်ဖြစ်စေ လွဲမှားနေသော သမိုင်းအချက်အလက်တို့သည် ခန့်မှန်း၍ မရနိုင်လောက်သည့် အတွေးအခေါ် လွဲချော်မှု အန္တရာယ်တို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်က မောင်းထုတ်တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်၌ မြန်မာ့ဖက်ဆစ်တော်လှန်ရေး၏ အခန်းကဏ္ဍသည် အားဖြည့်ပေးသော အခန်းကဏ္ဍ၌သာရှိသည်။ ဗြိတိသျှတို့ မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေး စစ်ဆင်ရေးများသည်သာ အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍ၌ ရှိနေသည်ဟူသော သဘောထားအမြင်သည် အမှားမှားအယွင်းယွင်း သမိုင်းအချက်အလက်တို့မှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းနှင့် တပ်မတော်အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဖက်ဆစ်ဂျပန်တို့ကို တစ်ခဲနက် တွန်းလှန်တိုက်ခိုက်ခဲ့ခြင်းသည်သာ အဆုံးအဖြတ်ကဏ္ဍဖြစ်ပါသည်။ ဤသမိုင်းဖြစ်ရပ်ကို သုံးသပ်ပါက သမိုင်းအချက်အလက်မှန်တို့ကို အမှားဟု ယုံကြည်ခြင်းသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ခေါင်းဆောင်တို့အပေါ် အထင်အမြင်သေးခြင်းတို့ ဖြစ်ပေါ်လာစေနိုင်ပါသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ အတိတ်သမိုင်းအပေါ် ဂုဏ်ယူဝင့်ကြွားသော စိတ်ဓာတ်အားမာန်တို့ရှိမှသာ ပစ္စုပ္ပန်သမိုင်းကို အားမာန်အပြည့် ဖန်တီးနိုင်မည်ဖြစ်ပါသည်။

အတိတ်သမိုင်း၌ မြန်မာ့ဖက်ဆစ်တော်လှန်ရေးကို တပ်မတော်ကသာ ဦးဆောင်ခဲ့သည်ဟူသော ဝါဒဖြန့်မှုတချို့ ရှိခဲ့ဖူးပါသည်။ အမှန်မှာမူ ဖက်ဆစ်တော်လှန်ရေးကို ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ)ဦးဆောင်မှုဖြင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကဆင်နွှဲခဲ့ခြင်းဖြစ်ပါသည်။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ)၌ ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ပါတီနှင့် တပ်မတော်တို့က အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး အမျိုးသားရေးအင်အားစုတစ်ရပ်လုံးကလည်း ဝန်းရံလက်တွဲဆောင်ရွက်ခဲ့ပါသည်။ ဤသမိုင်းဖြစ်ရပ်မှန်ကိုသာသိနားလည်ပါက ပစ္စုပ္ပန်ကာလ အမျိုးသားပြန်လည်သင့်မြတ်ရေးမူဝါဒသည် အတိတ်သမိုင်း၏ ကောင်းမွေကို ဆက်ခံသယ်ဆောင် အကောင်အထည်ဖော်ခြင်းသာဖြစ်သည်ကို လေးလေးနက်နက် နှလုံးသွင်းခံယူနိုင်မည်ဖြစ်ပါသည်။ ။

စာအုပ်၊ စာစောင်လျှုဒါန်းပွဲနှင့် စာကြည့်တိုက်ဖွင့်

ပဲခူး ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ အမှတ်(၁)ရပ်ကွက် စာပေအလင်းရောင် စာကြည့်တိုက်သစ်ဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနမှ သုတရသစာအုပ် ၁၂၀၊ ဂျာနယ်မျိုးစုံ စောင်ရေ ၂၀၀ နှင့် ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အင်းတကော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က စာအုပ်၊ စာစောင်များ လျှုဒါန်းခဲ့သည်။ **(တင်မိုးညွန့်)**

ရောင်းမှုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်း၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးပုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရောင်းမှုံ Mirror Established in 1937
၁၉၅၇ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀
ရန်ကုန်မြို့ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၇၄၊ မြန်မီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ကြေးမုံ

ပြည်တွင်းရေးရာ

အာဆီယံ-ဂျပန်ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

◎ (၈)ကြိမ်မြောက်မှ

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၂၃ ရက်က အရှေ့တောင်အာရှ နယ်လီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာကော်မရှင် အစည်းအဝေးနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် ကိုယ်စားလှယ်များတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ ဇူလိုင် ၂၄ ရက်တွင် (၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မျက်နှာစုံညီ အစည်းအဝေးနှင့် သီးသန့်အစည်းအဝေးများသို့ ဆက်လက်တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးများမှ (၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ချုပ်ဆိုခြင်းဆိုင်ရာ နှစ်(၄၀)ပြည့်အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးများ၏ထုတ်ပြန်ကြေညာချက်နှင့် ဒေသတွင်းအေးချမ်းတည်ငြိမ်မှုထိန်းသိမ်းရေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဗီယင်ကျန်းမြို့၌ ဇူလိုင် ၂၄ ရက် နှင့် ၂၅ ရက်တွင် ကျင်းပသည့် (၆) ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၇) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၊ (၉) ကြိမ်မြောက် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၉) ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို တက်ရောက်ခဲ့သည်။ (၈) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံမှ တာဝန်ယူထမ်းဆောင်မည်ဖြစ်သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၅ ရက်တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီ ကျင်းပသည့် ဆွေးနွေးဖက်နိုင်ငံများ အစည်းဝေးများသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးများအပြီးတွင် အာဆီယံဥက္ကဋ္ဌ၏ ကြေညာချက်များကို ထုတ်ပြန်နိုင်ခဲ့သည်။ အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာကြေညာချက်အပြည့်အဝ ထိရောက်စွာ အကောင်အထည်ဖော်ရေးဆိုင်ရာ **အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ ပူးတွဲကြေညာချက်**ကိုလည်း အတည်ပြုခဲ့သည်။

ယင်းအစည်းအဝေးများအနက် အာဆီယံ-ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စ ဂျူလီဘီရှော့နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေးတွင် ညှိနှိုင်းရေးတာဝန်ခံနိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၆ ရက်တွင် (၁၇) ကြိမ်မြောက် အာဆီယံ အပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး၊ ဆဋ္ဌမအကြိမ်မြောက် အရှေ့အာရှထိပ်သီး နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည်။ (၂၃) ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား သွားရောက်တွေ့ဆုံခဲ့သည်။ အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့်လည်းကောင်း၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ အစည်းအဝေးများအပြီး ဇူလိုင် ၂၆ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏နေအိမ်၌ ကျင်းပသော သံရုံးမိသားစုညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာသံရုံးဝန်ထမ်းများ၊ လာအိုနိုင်ငံရှိ မြန်မာအသိုင်းအဝိုင်းနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ယခုကျင်းပခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပထမဆုံးတက်ရောက်သည့် အာဆီယံအစည်းအဝေးဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ အာဆီယံနှင့် ပြင်ပဆက်ဆံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အချိန်အခါကြည့်ပြီးမှ ကိုယ့်နိုင်ငံအတွက် ရသင့်ရထိုက်တာကိုမျှမျှတတ တောင်းဆိုမှုဖြစ်မှာ

လာအိုနိုင်ငံတွင် ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်ထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာသတင်းမီဒီယာများ ဇူလိုင် ၂၆ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဗီယင်ကျန်းမြို့ရှိ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံခဲ့ကြသည်။ **(ယာဝုံ)**

ထိုသို့တွေ့ဆုံစဉ် သတင်းထောက်များ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ပြန်လည်ဖြေကြားခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-

အစည်းအဝေးတွေရဲ့ သဘာဝအရ တချို့တွေက တော့ စိတ်ဝင်စားစရာ ကောင်းပါတယ်။ တချို့အစည်းအဝေးတွေက စိတ်ဝင်စားစရာမကောင်းဘူး။ အစည်းအဝေးတက်တဲ့လူတွေရဲ့သဘာဝအရ တချို့တွေက မိန့်ခွန်းပြောတာအလွန်ရှည်တယ်။ တချို့တွေက တိုတိုနဲ့ လိုရင်းပဲပြောတတ်တယ်။ တစ်ယောက်နဲ့ တစ်ယောက်လည်းမတူဘူး။ အစည်းအဝေးတစ်ခုရဲ့ အကြောင်းအရာပေါ်မှာလည်း မူတည်ပါတယ်။ အန်တီကတော့ တိုတိုနဲ့လိုရင်းပဲပြောတာ ဝါသနာပါပါတယ်။

ဒီအစည်းအဝေးတွေဟာ ကိုယ့်ပြည်သူတွေအတွက် ဘာအကျိုးရှိလဲဆိုတော့က ဒါ အာဆီယံအဖွဲ့အစည်းအတွင်းက နိုင်ငံတစ်ခုအနေနဲ့ရတဲ့ အကျိုးပါ။ သက်သက်ကြီး သီးခြားရတဲ့အကျိုးမျိုးတော့မဟုတ်ဘူး။ အာဆီယံနိုင်ငံတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်လို့ရတဲ့ အကျိုးပေါ့။ အဓိကပြောရမယ်ဆိုရင် သင်ခန်းစာကတော့ အာဆီယံနိုင်ငံတွေဆိုတာကလည်း အားလုံးညီညီညွတ်ညွတ် ရပ်တည်နေရင်၊ ရပ်တည်နိုင်ရင် ပိုပြီးအင်အားရှိမယ်။ အဲဒီတော့ လုပ်နိုင်အားတက်လာမယ်။ ဒါကတော့ အာဆီယံတင်မဟုတ်ပါဘူး ကိုယ့်နိုင်ငံလည်း ဒီလိုပါပဲ။ နိုင်ငံအတွင်း ညီညွတ်ရင် ကိုယ့်နိုင်ငံပိုပြီးတောင့်တင်းမယ်။ ပိုပြီးထိရောက်မယ်။

နိုင်ငံရဲ့အကျိုးကို ဘာလုပ်ခဲ့သလဲဆိုတော့ စောစောကပြောတဲ့အတိုင်းပဲ ဒီအစည်းအဝေးဟာ လေ့လာတာ၊ နားထောင်တာ ဖြစ်တယ်။ လာပြီးတော့ချက်ချင်း ငါ့နိုင်ငံအတွက် ဒါလုပ်ပေးလို့ဆိုတာဟာလည်း သင့်တော်တာ မဟုတ်ပါဘူး။ အချိန်အခါကိုကြည့်ပြီးမှ ကိုယ့်နိုင်ငံအတွက် ရသင့်ရထိုက်တာကို မျှမျှတတ တောင်းဆိုမှုဖြစ်မှာပါ။

ဒီအစည်းအဝေးတွေမှာ စိတ်အဝင်စားဆုံးကတော့ အာဆီယံရဲ့ရပ်တည်ချက်ပါပဲ။ အာဆီယံကနေပြီးတော့ ဘယ်လို သူတို့အဖွဲ့အစည်းတစ်ခုအနေနဲ့ ဘယ်လို ရပ်တည်တယ်။ ဘယ်လို အတိုင်းအတာတစ်ခုအထိ တစ်သံတည်းထွက်သလဲဆိုတာ အခုမှ အန်တီက လေ့လာရတာပေါ့။

စာမျက်နှာ ၄ သို့ ❖

ဥပဒေသည် အခြေအနေ၊ အချိန်အခါအလိုက် ပြောင်းလဲသည့်သဘောရှိ

ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်လျော်ညီအောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ဥပဒေ(မူကြမ်း)နှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စနစ်တစ်ခု၊ ခေတ်တစ်ခုပြောင်းတိုင်းတွင် ဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်ရပါကြောင်း၊ ခေတ်စနစ်နှင့်လျော်ညီအောင် ဥပဒေပြုရေးအပိုင်းက ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ပြောင်းလဲပေးမှသာ သက်ဆိုင်ရာအစိုးရက အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ဥပဒေများသည် ပြည်သူကို မှန်ကန်မှု၊ မျှတမှု၊ ညီညွတ်မှုပေးသည့်၊ အကာအကွယ်ပေးသည့် ဥပဒေများဖြစ်ရန် လိုအပ်သကဲ့သို့ ပြည်သူများ လေးစားလိုက်နာနိုင်သည့် ဥပဒေများဖြစ်ရန်လည်း အရေးကြီးပါကြောင်း။

ဥပဒေသည် အခြေအနေ၊ အချိန်အခါအလိုက် ပြောင်းလဲသည့် သဘောရှိပါကြောင်း၊ ခေတ်စနစ်နှင့် အံဝင်ခွင်ကျမဖြစ်သည့် ဥပဒေများသည် အကျိုးသက်ရောက်မှုအားနည်းပါကြောင်း၊ ထို့ကြောင့် ခေတ်စနစ်နှင့် အံဝင်သည့်၊ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်ကိုက်ညီသော ယခုကျင့်သုံးနေသည့် စီးပွားရေးစနစ်နှင့် ညီညွတ်သည့်၊ လူမှုဘဝနှင့်ဆီလျော်မည့် ဥပဒေများပြဋ္ဌာန်းနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မိမိတို့နိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ဥပဒေပေါင်း ၄၀၀ ကျော်ရှိသည်ဟု လေ့လာတွေ့ရှိရပါကြောင်း၊ တည်ဆဲဥပဒေများသည် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေများနှင့် ဆက်စပ်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားခြင်း ရှိ၊ မရှိနှင့် ယခင်ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်မှု ရှိ၊ မရှိ ပြန်လည်စိစစ်ရန် လိုအပ်ပါကြောင်း၊ ယခုကျင့်သုံးနေသည့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် တရားဥပဒေဝိုးမိုးမှုသည် အလွန်အရေးကြီးပါကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မိမိနိုင်ငံတွင် ကျင့်သုံးနေသည့်ဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီး ယနေ့ခေတ်စနစ်နှင့်လိုက်လျောညီထွေမှု ရှိ၊ မရှိ၊ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်သည့်ဥပဒေများ ဟုတ်၊ မဟုတ် လေ့လာသုံးသပ်၍ ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားသင့်ပါကြောင်း၊ မိမိတို့လိုချင်သည့် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်မည်ဆိုပါက ဥပဒေများကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းမပြုဘဲ မဖြစ်နိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်နှင့် ဦးကျော်စိန်တို့က ဥပဒေ(မူကြမ်း)နှင့် နည်းဥပဒေရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ လေ့လာတွေ့ရှိချက်များနှင့် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပါသည်။ ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ကော်မတီအသီးသီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဥပဒေ(မူကြမ်း)နှင့် နည်းဥပဒေများ ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီဘွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ရုံးအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြည်မြို့နယ် ကိုင်းဝူကျေးရွာတွင် မြေဌားဂရန်များထုတ်ပေး

ရေကြည် ဇူလိုင် ၂၇

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကပြည်သူ့အတွက် ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ ကျေးရွာမြေဌားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို ကျေးရွာမြေဌားဂရန်ထုတ်ပေးရေးခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း ဦးဆောင်၍ ဇူလိုင် ၂၆ ရက်က ပုသိမ်ခရိုင်ရေကြည်မြို့နယ်တွင်ပလွတ်ကျေးရွာအုပ်စု ကိုင်းဝူကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ရာ ကိုင်းဝူကျေးရွာသည် အိမ်ခြေပေါင်း ၄၉ လုံးရှိပြီး မြေဌားဂရန် ၁၈ ခုကို ပြည်သူများ တစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ခဲ့သည်။

ထို့နောက်ကျေးရွာမြေဌားဂရန်ပေးအပ်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မလေးရှားနိုင်ငံတွင် ထိန်းသိမ်းခံနေရသည့် မြန်မာနိုင်ငံသား ၇၀၀ ပြန်လည်ပို့ဆောင်မည့် အစီအစဉ် ဆက်လက်မဆောင်ရွက်နိုင်တော့ကြောင်း မလေးရှားသံရုံး ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၇

မလေးရှားနိုင်ငံရှိ မြန်မာသံရုံးက မူလစီစဉ်ထားသော မလေးရှားနိုင်ငံ အကျဉ်းစခန်းများတွင် ထိန်းသိမ်းခံနေရသည့် မြန်မာနိုင်ငံသား ၇၀၀ ကို မြန်မာလေကြောင်းပိုင်လေယာဉ်ငါးစင်းဖြင့် လာမည့် သြဂုတ် ၃ ရက်မှ စတင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးမည့်အစီအစဉ်ကို မဆောင်ရွက်နိုင်တော့ကြောင်း အသိပေးကြေညာခဲ့သည်။

ထိုသို့ မဆောင်ရွက်နိုင်ခြင်းမှာ အလျှရှင်ဖြစ်သူ ဖိုးလမင်းထရိတ်ဒင်းကုမ္ဏီမှ မလေးရှားနိုင်ငံတစ်ဝန်းရှိ အကျဉ်းစခန်း ၁၁ ခုတွင် ထိန်းသိမ်းခံနေရသည့် မြန်မာနိုင်ငံသားများအား စင်းလုံးဌားလေယာဉ် ငါးစင်းဖြင့် အမိမြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည့် ကမ်းလှမ်းအဆိုပြုချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းကြောင့် ဖြစ်သည်ဟုလည်း သံရုံးက အသိပေးဖော်ပြထားသည်။

သို့သော်လည်း ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးအနေဖြင့် ပြီးခဲ့သည့်နှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံသားအကျိုးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် တစ်ခုဖြစ်သည့် မလေးရှားနိုင်ငံတစ်ဝန်းရှိ Camp များသို့ အလှည့်ကျသွားရောက်၍ ထိန်းသိမ်းခံနေရသော မြန်မာအလုပ်သမားများအပါအဝင် မြန်မာနိုင်ငံသားမှန်ကန်သူများ၊ မြန်မာနိုင်ငံသို့ ပြန်လိုသူများကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်များကိုမူ ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်၍ ကူညီစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာသံရုံးက အသိပေးဖော်ပြထားသည်။ **ရှင်မင်း**

❖ စာမျက်နှာ ၃ မှ

အာဆီယံအတွင်းမှာဆိုရင် ဘယ်နိုင်ငံက ဘယ်လိုပုံစံနဲ့ရပ်တည်သလဲဆိုတာ လည်းစိတ်ဝင်စားစရာကောင်းပါတယ်။

"ဒီလိုအစည်းအဝေးမှာ ကိုယ်နိုင်ငံကို ကိုယ်စားပြုပြီးသွားတဲ့အခါ အားလုံးကို ညီညီမျှမျှ တန်းတူညီတူမိတ်ဆွေတွေလိုဆက်ဆံရတယ်။ မိတ်ဆွေတွေလည်းဖြစ်ရမယ်၊ တန်းတူညီမျှမှုလည်းရှိရမယ်၊ ဒါမှအတူတူပူးပေါင်းပြီး ဆောင်ရွက်နိုင်မှာ။ ငါကတော့ပိုလိုလုပ်မယ်ဟေ့လို့ဆိုပြီး တက်လာတဲ့လူတွေကတော့ အဆင်ပြေမယ်လို့ မထင်ပါဘူး။

"အခုဒီအစည်းအဝေးနဲ့ပတ်သက်ပြီး ကျေနပ်ပါတယ်။ ဘာကြီးလုပ်မယ်၊ ညာကြီးလုပ်မယ်ဆိုပြီးမျှော်မှန်းပြီးတက်တာမဟုတ်ပါဘူး။ တကယ်တော့သင်ယူဖို့တက်တယ်လို့ ပြောရမှာပါ။ ပထမဦးဆုံးအစည်းအဝေးဆိုတာ ကိုယ်ကသင်ယူရမှာပါ။ တကယ်ဆိုရင် အန်တီတို့အဖွဲ့က အန်တီ့ကို အများကြီးသင်ပြတယ်။ ဒီသွားရမယ်၊ ဒါလုပ်ရမယ်၊ ဒီလိုလုပ်ရမယ်ဆိုတာသင်ပြပေးတယ်။ နိုင်ငံခြားရေးရုံးကအဖွဲ့တွေက ကျွမ်းကျင်နေပြီလေ။ အန်တီက ကျွမ်းကျင်တာမှ မဟုတ်ဘဲ။ အန်တီက ကိုယ်မကျွမ်းကျင်တာကို သင်ယူဖို့ပဲရှိတာပါ။

အားလုံးကအာရုံစိုက်နေတဲ့ တောင်တရုတ်ပင်လယ်ကိစ္စတို့၊ ကိုရီးယားကျွန်းဆွယ်ကိစ္စတို့ကတော့ အခုလောလောဆယ်မှာ အများကအာရုံစိုက်နေတဲ့ကိစ္စဆိုတော့ ဆွေးနွေးတာတွေတော့ ရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဆိုတာက တစိုက်မတ်မတ် အာဆီယံကအလေးပေးတဲ့ကိစ္စတွေပါပဲ။

မိုင်ဂျာယန်မှာစတင်နေတဲ့ တိုင်းရင်းသားညီလာခံနဲ့ပတ်သက်လို့ အန်တီကတော့ ရိုးရိုးပါပဲ။ တိုင်းရင်းသားတွေညီလာခံလုပ်ရင် ပြည်ထောင်စုညီညွတ်ရေးအတွက်၊ အမျိုးသားရင်ကြားစေ့ရေးအတွက် ဦးတည်တာဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်။

သတင်းအဖွဲ့

❑ ရောဝတီမြစ်ရေမှ

သို့ဖြစ်ပါ၍ သပိတ်ကျင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(ကြေးမုံ)

လွတ်တော်ရေးရာ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း ပြင်ဆင်ချက်အဆို တင်သွင်းနိုင်

နေပြည်တော် ဇူလိုင် ၂၇

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှိုးမြို့နယ်အတွင်းရှိ လေယုံ၊ ငကျန်၊ ဂျီလာ၊ ရန်ပိုမိုန္တေး၊ မော်နွမ်း၊ ထပိုင်၊ နမီးယူပီ၊ ဆပ်ပြာ၊ ချယ်ရာ၊ ခိုလာ၊ ဝမ်းဘဲနှင့် မိုဂွန့်ရွာမကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံများဆောက်လုပ်ရန် (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်း မရှိသေးပါကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ တတိယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး လေရှိုးမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၁၆-၂၀၁၇)ခုနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲအဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ရန် တိုင်းဒေသ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ကြီး/ပြည်နယ်များသို့ ဦးစားပေး အစီအစဉ်အလိုက် ဆောက်လုပ်လိုသည့်စာရင်းများတောင်းခံ၍ ဆောင်ရွက်ခဲ့သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လိုကြောင်း တင်ပြလာသည့်စာရင်းတွင် လေရှိုးမြို့နယ်အတွင်းမှ အထက်ဖော်ပြပါကျေးလက်ကျန်းမာရေးဌာနခွဲအမည်များ ပါဝင်ခြင်းမရှိသေးပါကြောင်း၊ သို့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အထူးဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ရွှေဘိုမြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ် တင်သွင်းသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက်စွာပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လားရှိုး မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းက ကျန်းမာရေးဝန်ကြီးဌာန၏ ယခင်ဖွဲ့စည်းပုံအရ ကျန်းမာရေးဦးစီးဌာနသည် လုပ်ငန်းပမာဏကြီးမားပြီး ဝန်ထမ်းအများဆုံး၊ လုပ်ငန်းအရှုပ်ထွေးဆုံးနှင့် မနိုင်ဝန်ထမ်းခဲ့ရသည့် ဦးစီးဌာနတစ်ခုဖြစ်ခဲ့ရပါကြောင်း၊ ကုသရေးကဲ့သို့ပင် ပြည်သူ့ကျန်းမာရေး ဖြစ်သည့် ကာကွယ်ရေးအပိုင်းသည် ကူးစက်ရောဂါများဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ အိတ်ခ်ျအိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ အနာကြီး၊ ဆင်ခြေထောက်၊ မျက်ခမ်းစပ်၊ ကာလဝမ်း၊ သွေးလွန်တုပ်ကွေး၊ ကြက်ငှက်တုပ်ကွေး၊ ဆားစ်၊ မားစ်၊ ဇီကာ၊ အီဘိုလာ စသည်တို့ကို အခါမလပ် စောင့်ကြပ်ကုသနေရသည့် အပြင် တစ်နိုင်ငံလုံး ကာကွယ်ဆေးထိုးနှံခြင်း စသည့်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ဆောင်နေရပါကြောင်း၊ ယင်းလုပ်ငန်းများအတွက် အဆောက်အအုံ၊ ဆေးဝါး၊ စက်ကိရိယာ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ကျွမ်းကျင်ဝန်ထမ်းနှင့် လုံလောက်သည့်ရန်ပုံငွေများ လိုအပ်သည့်အပြင် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် ပညာပေးစည်းရုံးနိုင်ပါမှ အောင်မြင်မည့်လုပ်ငန်းများ ဖြစ်ပါကြောင်း၊ ပြည်သူများကို ထိရောက်

ဦးကျော်ဌေး

လုံလောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် ဆိုပါက လိုအပ်ချက်များစွာ အတွင်းမှ (၁) ကျွမ်းကျင်လူသားအရင်းအမြစ် ပြည့်စုံမှု၊ (၂) ပြည်သူလူထုကျန်းမာရေးအသိဖြင့် ပူးပေါင်းပါဝင်လာမှု၊ (၃) နိုင်ငံတော်၏စီးပွားရေးတောင့်တင်းခိုင်မာမှု/မခိုင်မာမှု၊ (၄) ပြည်တွင်းငြိမ်းချမ်းရေးရရှိမှု /မရရှိမှု၊ (၅) ကျေးလက်ဒေသအထိ လွှမ်းခြုံနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု၊ (၆) ပဂ္ဂလိကကဏ္ဍ တိုးမြှင့်ပါဝင်လာမှု၊ (၇) လူတိုင်း ကျန်းမာရေးလွှမ်းခြုံမှု စနစ်ရရှိမှု/မရရှိမှု စသည်တို့နှင့် များစွာသက်ဆိုင်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက သနပ်ပင်မြို့နယ်တွင် ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၆၀၊ ကျေးရွာပေါင်း ၁၀၃ ရွာ လူဦးရေ တစ်သိန်းခြောက်သောင်းကျော် ရှိပါကြောင်း၊ (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံနှင့် တိုက်နယ်ဆေးရုံ လေးရုံရှိပါကြောင်း၊ တစ်မြို့နယ်လုံးတွင် ဆရာဝန်မှာ တစ်ဦးတည်းသာရှိပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈ ခုရှိပြီး လက်ထောက်ကျန်းမာရေးမျူးငါးဦး၊ ကျန်းမာရေးဆရာမ ရှစ်ဦး၊ သားဖွား ၃၈ ဦးနှင့် အရန် ခြောက်ဦး ရှိပါကြောင်း၊ ၂၀၁၀-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အရန်သားဖွား ခြောက်ဦးတိုးလာသည်ကလွဲ၍ ပြောင်းလဲမှုမရှိပါကြောင်း၊ သားဖွားဆရာမတစ်ဦးသည် ကျေးရွာသုံးရွာရှိ လူဦးရေ ၃၇၀၀ ခန့်ကို တာဝန်ယူရပါကြောင်း၊ ကျွမ်းကျင်သူနှင့် မီးဖွားသည့်နှုန်းမှာ ငါးဆယ်ရာခိုင်နှုန်းခန့် သာရှိပါကြောင်း။

ရွာအားလုံးသို့ သွားရောက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲပါကြောင်း၊ အလုပ်လည်း မနိုင်ဝန်ဖြစ်ရပါကြောင်း၊ အိမ်သာစနစ်မကောင်းသောကြောင့် အညစ်အကြေးများ ချောင်း၊ မြောင်းများ အတွင်းသို့ ပြန်လည်စီးဝင်ပြီး ယင်းရေကိုပင် ပြန်လည်သုံးစွဲကြရပါကြောင်း၊ မြို့ပေါ်နှင့် ကျေးလက်ဒေသ ကျန်းမာရေးသည် အလွန်ကွာခြားလှပါကြောင်း၊ ယင်းသို့ ကွာခြားချက် အားနည်းသွားစေရန် ကျေးလက်ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်အပ်ရန်၊ ရွာတစ်ရွာတွင် သားဖွား ဆရာမတစ်ဦး၊ အရန်တစ်ဦး၊ ကျန်းမာရေးလုပ်သားတစ်ဦး ထားရှိရေးကို ဦးတည်ဆောင်ရွက်သွားသင့်ပါကြောင်း၊ ၎င်းတို့ကသာ နေရာအနှံ့ သွားလာနိုင်ကြပြီး နှစ်ဆယ့်လေးနာရီ တာဝန်ယူနိုင်ကြပါကြောင်း၊ အရန်သားဖွားနှင့် ကျန်းမာရေးလုပ်သားများကိုလည်း ပညာအရည်အချင်းသတ်မှတ်၍ စဉ်ဆက်မပြတ် အရည်အသွေးမြင့်သင်တန်းပေးပြီး အမြဲတမ်းဝန်ထမ်းများအဖြစ် အဆင့်တိုးမြှင့်ခန့်အပ်ရန်နှင့် မျှော်လင့်ချက် အခွင့်အလမ်းများပေးရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုရှင် ဒေါက်တာအေဇင်လတ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကာ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်အဆုံးအဖြတ်ကို ရယူသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက အစီရင်ခံစာတင်သွင်းပြီး လွှတ်တော် ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို လွှတ်တော်သို့ ကြေညာသည်။

(သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် e-lottery စနစ်ဖြင့် ၅၀၀ ကျပ်တန်ထီများ တိုးချဲ့ဆောင်ရွက်ရန်စီစဉ်

နေပြည်တော် ဇူလိုင် ၂၇

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေထီပေါက်သူ ပြည်သူများ၏ ရပိုင်ခွင့်ဖြစ်သော ထီဆုငွေများမှ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ယူခြင်းမရှိသည့် ဘဏ္ဍာသိမ်းရငွေများအပေါ် အစိုးရအနေဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ တစ်ဆင့် နိုင်ငံတော်၏လုံခြုံရေး၊ ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် ၅၁ သန်းကျော်သော ပြည်သူများအတွက် အချိုးကျပြန်လည်ခွဲဝေသုံးစွဲလျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ "အောင်ဘာလေသိန်းဆုဌာနခွဲက အကြောင်းအမျိုးမျိုးကြောင့် လာရောက်ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုဘဲ ဆုမဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်" မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် လစဉ်အောင်ဘာလေထီပေါက်မဲများကို ပြည်သူလူထု အချိန်မီသိရှိနိုင်ရန် ထီပေါက်စဉ်များကို အောင်ဘာလေထီဝက်ဘ်ဆိုက်မှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထီဆုငွေများကို ထီပေါက်စဉ်ကြေညာပြီးနောက် တစ်နှစ်တာကာလ အတွင်း လာရောက်ထုတ်ယူရန် သတ်မှတ်ထားပါကြောင်း၊ အဆိုပါကာလအတွင်း လာရောက်ထုတ်ယူခြင်းမပြုပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည်ဖြစ်ကြောင်း၊ ထီလက်မှတ်၏နောက်ကျောတွင် ဖော်ပြထားပြီးဖြစ်သကဲ့သို့ ထုတ်ပေးရန်သတ်မှတ်ကာလ စေ့ရောက်ခါနီးတွင်လည်း နိုင်ငံပိုင်သတင်းစာများနှင့် အောင်ဘာလေထီဝက်ဘ်ဆိုက်တို့မှ ထုတ်ပြန်အသိပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းသော ထီဆုငွေများကို သတ်မှတ်ချက်များနှင့်အညီ အောင်ဘာလေထီလုပ်ငန်းနှင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြန်လည်သုံးစွဲသွားရန် အစိုးရအောင်ဘာလေထီဥပဒေ(မူကြမ်း)တွင် ပြဋ္ဌာန်းသွားရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ တရားမဝင်ထီထိုးခြင်းကို စိတ်ဝင်စားမှုလျော့နည်းရေး၊ ဆုကြေးငွေပိုမိုရရှိနိုင်ရေး၊ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ လူနေမှုအဆင့်အတန်းပိုမိုမြင့်မားစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၅၀၀ ကျပ်တန် အောင်ဘာလေထီ ထုတ်ဝေရောင်းချရန် စီစဉ်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အဆိုပါအောင်ဘာလေထီတွင် အထူးဆုကြီးအဖြစ် ကျပ်သိန်း ၁၀၀၀၀၊ ဒုတိယဆုအဖြစ် ကျပ်သိန်း ၅၀၀၀၊ တတိယဆုအဖြစ် ကျပ်သိန်း ၁၀၀၀ နှင့် အခြားဆုမဲများကို ဝေဝေဆာဆာတိုးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထီလက်မှတ်များအား မြို့နယ်အခွန်ရုံးများတွင် လက်လီဖြန့်ဖြူးရောင်းချရန် အစီအစဉ်မရှိပါကြောင်း၊ လက်ကားဝယ်ယူရောင်းချလိုပါက သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ဝယ်ယူခွင့်ရရှိရေး တင်ပြလျှောက်ထားနိုင်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ဦးထိန်ဝင်း

ပါကြောင်း၊ ထို့ပြင် ထီစျေးနှုန်းမြင့်မားနေခြင်းကို ထိန်းညှိနိုင်ရန်နှင့် ထီစောင်ရေလိုသလောက်ကံစမ်းနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် e-lottery စနစ်ဖြင့် ၅၀၀ ကျပ်တန်ထီများ တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး၏ "မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၏ အနှုန်းအမြတ်၊ ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်အစီရင်ခံစာ ထုတ်ပြန်ပေးနိုင်ခြင်းရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်စာရင်းရေးဆွဲပြီး စာရင်းစစ်ချုပ်၏ သုံးသပ်တင်ပြချက်နှင့်အတူ ဘဏ်၏အရှုံးအမြတ်စာရင်း၊ လက်ကျန်ရှင်းတမ်းများပူးတွဲလျက် ဝန်ကြီးဌာနသို့တင်ပြရပါကြောင်း၊ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထပ်မံတင်ပြရပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးဖြင့် စိစစ်အတည်ပြုပြီးနောက် အဆိုပါနှစ်ချုပ်အစီရင်ခံစာများကို ဘဏ်(ရုံးချုပ်)ဌာန အသီးသီးသို့ပေးပို့၍ ထုတ်ပြန်ကြေညာပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ပြီးခဲ့သည့် (၁၀)နှစ်တာကာလကို ပြန်လည်သုံးသပ်ကြည့်ပါက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ အသားတင်အမြတ်စုစုပေါင်း ကျပ် ၅၄ ဒသမ ၇၄ ဘီလီယံရရှိခဲ့ပြီး နိုင်ငံတော်သို့ ထည့်ဝင်ငွေအနေဖြင့် စုစုပေါင်း ကျပ် ၄၁ ဒသမ ၀၅၄ ဘီလီယံ ထည့်သွင်းနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြီးခဲ့သည့်(၁၀)နှစ်တာကာလ စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်ကြည့်လျှင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၄ ဒသမ ၈၇ ဘီလီယံချေးခဲ့ရာမှ ချေးငွေပမာဏ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၁၆၇ ဒသမ ၄၈ ဘီလီယံအထိ ထုတ်ချေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်မူ ချေးငွေကျပ် ၁၀၉၁ ဒသမ ၄၀ ဘီလီယံ ထုတ်ချေးခဲ့ပြီး ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၇၀၀ ဘီလီယံခန့် ထုတ်ချေးရန်လျာထားပါကြောင်း၊ သီးနှံအလိုက်ချေးငွေများကို ကြည့်ပါက စပါးချေးငွေသည် စုစုပေါင်းချေးငွေ၏ ၉၁ ရာခိုင်နှုန်းနီးပါးရှိပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လချုပ်၊ နှစ်ချုပ်များကို စနစ်တကျပြုစုရေးဆွဲပြီး မြို့နယ်ဘဏ်ခွဲ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဘဏ်ခွဲများမှ သည် ဘဏ်ရုံးချုပ်တိုင်အောင် စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်အဖွဲ့များက စစ်ဆေးအတည်ပြုထားပြီးဖြစ်၍ ဘဏ်၏နှစ်ချုပ်အစီရင်ခံစာများကို အများပြည်သူသိရှိနိုင်ရန်အတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ်ခွဲများမှ တစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ "တရားရုံးများတွင် အမှုပြီးပြတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဆွေးမြည့်ပျက်စီးမှုမရှိခင် နိုင်ငံဘဏ္ဍာဖြည့်တင်းနိုင်ရေးအတွက် လေလံတင်ရောင်းချခြင်း သို့မဟုတ် မော်တော်ယာဉ်လိုအပ်သောဌာနများသို့လွှဲပြောင်းအသုံးပြုခွင့်ပေးရန်အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက တရားရုံးများတွင် အမှုပြီးပြတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်အတိုင်း Open Tender စနစ်ဖြင့်ရောင်းချပြီး ရောင်းချမရသောမော်တော်ယာဉ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ နိုင်ငံပိုင်စာရင်းရေးသွင်းနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သော တရားရုံးအသီးသီးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် မော်တော်ယာဉ်များကို ကွင်းဆင်းစစ်ဆေးပြီး ပြုပြင်သုံးစွဲနိုင်သည့်အဆင့် မော်တော်ယာဉ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မော်တော်ယာဉ်လိုအပ်သော ဌာနများသို့ ခွဲဝေပေးလျက်ရှိပြီး ပြုပြင်သုံးစွဲရန်မသင့်အဆင့် မော်တော်ယာဉ်များကို သံရည်ကျိုဖျက်ဆီးနိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက်ယူပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ပြုပြင်သုံးစွဲနိုင်သည့် အဆင့်မော်တော်ယာဉ်များကို အစိုးရအဖွဲ့အစည်းများနှင့် ဌာနများသို့ ဌာနဆိုင်ရာမော်တော်ယာဉ်များအဖြစ် ခွဲဝေပေးလျက်ရှိပြီး ပြုပြင်သုံးစွဲရန် မသင့်အဆင့် မော်တော်ယာဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သံရည်ကျိုဖျက်ဆီးနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ကြောက်ပါပြီ V.I.P

သန်းမြင့်ဝင်း

"V.I.P". . . . "V.I.P" နဲ့ ဟိုနေရာမှာလည်း V.I.P ဒီနေရာမှာလည်း V.I.P နဲ့၊ ဘယ်နေရာမှ V.I.P မလွတ်ပါလား၊ ဩော် . . . V.I.P, V.I.P ဟု ဦးဝင်းမြင့်တစ်ယောက် ညည်းညူနေပါသည်။ ညည်းမည်ဆိုလျှင်လည်း ညည်းလောက်ပါသည်။ ဦးဝင်းမြင့်သည် ရုံးတစ်ရုံးတွင် ဌာနခွဲမှူး အဆင့်တာဝန်ကို ထမ်းဆောင်နေရသူဖြစ်သော်လည်း ရုံးတွင်းအစည်းအဝေးများ၊ အခြားရုံးကလာပြီး စည်းဝေးကြသည့်အခါများတွင် အခမ်းအနားပြင်ဆင်ပေးရခြင်း၊ ကျွေးမွေးဧည့်ခံရခြင်းနှင့် V.I.P (ခ) အရေးကြီးပုဂ္ဂိုလ်တို့အား တာဝန်ယူနေရသူဖြစ်ပါသည်။

ဦးဝင်းမြင့်သိထားသည့် V.I.P (ခ) Very Important Person (အရေးကြီးပုဂ္ဂိုလ်)ဆိုသည်မှာ ဒုတိယဝန်ကြီးနှင့် အထက်လူပုဂ္ဂိုလ်များကို အရေးကြီးပုဂ္ဂိုလ် V.I.P ဟု နားလည်ထားပါသည်။ သို့သော် ဒုတိယဝန်ကြီး မဆိုထားဘိ၊ "ဟိုမှာ . . . . V.I.P. . . လာနေတယ်၊ . . . ပေး . . . . ပေး (V.I.P)အတွက် . . ဒါက V.I.P ဝိုင်းအတွက်ဆိုပြီး သီးသန့်ပြင်ဆင်ပေးရခြင်း၊ ဆရာ. . . V.I.P အိမ်အတွက် ပါဆယ်ထည့်ပေးရမယ်။ ဆရာ V.I.P ကတော်က အရေးကြီးတယ်နော်" စသည်ဖြင့် V.I.P . . . V.I.P စကားများကို နေ့စဉ်ကြားနေရပါသည်။

တစ်နေ့တွင် ရုံးပိတ်ရက် ဇနီးသည်နှင့်အတူ ဈေးလိုက်သွားခဲ့ရာ ဈေးဝယ်၍ကောင်းတုန်းအချိန်တွင် ဈေးသည်များ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ရောင်းချနေသည့် ဈေးဗန်းများကို ကမန်းကတန်းသိမ်းပြီး အဝေးသို့ ရှောင်တိမ်းသွားနေသည်ကို တွေ့ရသဖြင့် "ဘာဖြစ်တာလဲဟ. . " ဟု စပ်စုမေးလိုက်ရာ ဈေးသည်တစ်ဦးက "ဦးရေ . . . V.I.P လာနေလို့ . . ရှောင်ပေးနေရတာ. . " ဟု ပြောပြေး ပြေးသွားသဖြင့် ဦးဝင်းမြင့်က V.I.P ဆိုတာ ဘယ်သူလဲဟဟု ကြည့်နေစဉ် စည်ပင်ဝတ်စုံဝတ်ဆင်ထားသည့် ဝန်ထမ်းနှစ်ဦးက ဘေးဘယ်၊ ညာခြံရံလျက် အလယ်ကလူနှင့်အတူ လမ်းလျှောက်လာနေသဖြင့် စိတ်ထဲတွင် "ဩော် V.I.P ဆိုတာ ဒီပုဂ္ဂိုလ်ဖြစ်လိမ့်မယ်ဟု" တွေးမိပြီး ဈေးသည်တစ်ဦးအား "အလယ်ကလူက ဘယ်သူလည်းဟင်" ဟု မေးကြည့်ရာ ထိုဈေးသည်က "အဲဒါ ဈေးခေါင်းလေ၊ V.I.P ပေါ့တဲ့" "ဘုရား. . . ဘုရား"။

တစ်ခါကလည်း ဌာနခွဲမှူးဦးဝင်းမြင့်သည် ရုံးကထုတ်ပေးထားသည့် (B-600)မာဇဒါလေးဘီးကားလေးဖြင့် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ကတက်ရန် ကားပါကင်ထိုးနေစဉ် လုံခြုံရေးဝန်ထမ်းတစ်ဦး အပြေးရောက်လာပြီး "ဒီမှာ . . . ဒီမှာ . . . တခြားကားတွေ ရပ်ခွင့်မရှိဘူး။ ဒီနေရာက V.I.P ရပ်တဲ့နေရာ။ ခင်ဗျားရပ်ချင်ရင် ဟိုဘက် ကားပါကင်မှာ သွားရပ်တဲ့" ဦးဝင်းမြင့်ကလည်း ရိုသေစွာဖြင့် "ဟုတ်ကဲ့ပါခင်ဗျာ"ဟု ယဉ်ကျေးစွာပြောဆိုပြီး အများရပ်ထားသည့် ကားပါကင်တွင် သွားရပ်ရပါသည်။

ကားပါကင်၌ ကားရပ်ထားပြီး ဘုရားတက်ရန် လှေကားရှိရာလမ်းလျှောက်လာပြီး V.I.P ဟု သတ်မှတ်ထားသည့်နေရာကို လျှပ်တစ်ပြက် လှည့်ကြည့်လိုက်စဉ် ကားတစ်စီးထိုးဝင်လာသဖြင့် လုံခြုံရေးဝန်ထမ်းမှာ အပြေး အလွှားသွား၍ ပိတ်ထားသည့် သံပန်းကို ဖယ်ရှားကာ ကားပါကင်ထိုးရန် ယာဉ်ထိန်းရဲသဖွယ် လက်ပြပေးနေသည်ကိုတွေ့ရ၍ ဘယ်သူလည်းဟ၊ ဘယ်က V.I.P လည်းမသိဘူးဟု သိလိုသဖြင့် လုံခြုံရေးဝန်ထမ်းအနီးသို့ ကပ်ပြီး "ဆရာ အဲဒါ ဘယ်သူလည်းဟင်" ဟု မေးမြန်းလိုက်သည်ကို လုံခြုံရေးဝန်ထမ်းက ဟန်ပန်အမူအရာဖြင့် ခင်ဗျားကလည်း စပ်စုလိုက်တာ "အဲဒါ ကျုပ်တို့ဘုရားက ဂေါပကလူကြီးဗျ" သိလားတဲ့။ "ဩော် ဘုရား ဘုရား" ဟု ထပ်တမံပါသည်။

တစ်ခါကလည်း မိတ်ဆွေတစ်ဦး၏သမီး မင်္ဂလာဆောင်သို့ ဇနီးဖြစ်သူနှင့်အတူ သွားရောက်ခဲ့ရာ ဦးဝင်းမြင့်တို့ ဇနီးမောင်နှံအား ရင်းနှီးလွန်းသောကြောင့် ထိပ်ဆုံးစားပွဲများတွင် V.I.P ဟုရေးထားသည့် ကတ်ပြားများထောင်ထားသည့် စားပွဲအနီးတွင် နေရာချပေးပါသည်။ ခေတ္တခဏတွင် သူငယ်ချင်းဇနီးမောင်နှံက V.I.P ဟု ယူဆရသည့် ဇနီးမောင်နှံနှစ်ဦးကို တလေးတစားခေါ်လာပြီး ထိပ်ဆုံး V.I.P စားပွဲတွင် နေရာချထားလိုက်သည်ကို

ဌာနဆိုင်ရာတွင် နှစ်ပေါင်း ၄၀ နီးပါးတွေ့ကြုံခဲ့ရသည့် "V.I.P" ပေါင်းများစွာတို့ကို ဖြတ်သန်းခဲ့ကာ ဌာနဆိုင်ရာ၌သာ "V.I.P" ရှိသည်မဟုတ်ပါ။ ဈေးထဲတွင်လည်းကောင်း၊ ဘုရားတွင်လည်းကောင်း၊ မင်္ဂလာဆောင် အခမ်းအနားများတွင်လည်းကောင်း၊ ယာဉ်ရပ်နားရာတွင်လည်းကောင်း၊ အသုဘတွင်လည်းကောင်း (V.I.P) မျိုးစုံရှိနေကြရာ ဌာနခွဲမှူးကြီး ဦးဝင်းမြင့်(ငြိမ်း)သည် "V.I.P" ပေါင်းစုံကို မြင်တွေ့ကြုံတွေ့ခဲ့ရခြင်းကြောင့် "V.I.P" ဆိုသည့်အသံကို မကြားချင်တော့သည်အထိ မုန်းတီးခဲ့သူဖြစ်ပါသည်။

ဌာနခွဲမှူး ဦးဝင်းမြင့်(ငြိမ်း)သည် မိမိကိုယ်မိမိ ရာထူးတစ်ဆင့်တက်သွားခြင်းကို ခံရပါသည်။ ထိုရာထူးမှာ (ငြိမ်း)ဆိုသည့် အငြိမ်းစားရာထူးပင်ဖြစ်ပါသည်။ အငြိမ်းစားကြီး ဦးဝင်းမြင့်သည် ကြိုတင်ခွင့် လေးလခံစားနေရစဉ် နံနက်မိုးလင်းသည်နှင့် ရုံးသွားရန်ပြင်ဆင်နေသည်ကို ဇနီးသည်က တွေ့သွားပြီး "အဖေကြီး ဘယ်လဲ၊ ကိုယ့်ကိုယ်ကိုယ် အငြိမ်းစားယူလိုက်ရတာ မသိဘူးလား" ဟု ဇနီးသည်ပြောမှ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေစဉ် "အေးဟ. . ငါ. . မနေတတ်ဘူး. . ဘာလုပ်ရမှန်းလည်းမသိဘူး. . "ဟုပြောပြီး ပက်လက်ကုလားထိုင်တွင် ထိုင်ချလိုက်ပါသည်။ ထို့နောက် အငြိမ်းစား ဦးဝင်းမြင့်သည် နေအိမ်တွင် တစ်နေကုန် TV ကြည့်လိုက်၊ ညဘက် ဘုရားစာဖတ်လိုက်၊ တရားထိုင်လိုက်နှင့် တစ်နေ့တာအချိန်တွေကို ကုန်ဆုံးစေခဲ့ရပြီးဖြစ်သော်လည်း နားထဲတွင် "V.I.P" . . . . "V.I.P"ဆိုသော စကားသံကိုသာ ကြားယောင်နေမိသောကြောင့် နားနှစ်ဖက်ကို ဖွတ်ပိတ်လိုက်ပါတော့သည်။

သို့ဖြစ်၍ အငြိမ်းစားကြီးဦးဝင်းမြင့်သည် ရက်ကြာပါများသော် "V.I.P"ဆိုသည့်အသံကို မကြားရသဖြင့် ဝမ်းသာပီတိဖြစ်နေချိန်တွင် နယ်၌ တာဝန်ထမ်းဆောင်နေသည့် သားမိသားစုသည် ရွှေရာသီရုံးပိတ်ရက် အလည်လာရောက်မည်ဖြစ်ကြောင်း ဖုန်းဆက်အကြောင်းကြားလာပါသည်။ အငြိမ်းစားကြီး ဦးဝင်းမြင့် ကလည်း တစ်ဦးတည်းသောသားနှင့် ခွဲခွာနေရသည်မှာ နှစ်အတော်ကြာနေပြီဖြစ်၍တစ်ကြောင်း၊ မြေးဦးလေးကိုလည်း တွေ့လိုရ၍တစ်ကြောင်းဖြင့် စောင့်မျှော်နေစဉ် နံနက်ခင်းတစ်ချိန်၌ ဇနီးဖြစ်သူ၏ ပြောသံကိုကြားလိုက်ရသဖြင့် ဦးဝင်းမြင့်၏နားထဲတွင် သံရည်ပူနှင့် လောင်းထည့်လိုက်သလို ခံစားလိုက်ရသည့်စကားသံမှာ "ဖေကြီးရေ ညနေ သားတို့မိသားစု ရောက်လာလိမ့်မယ်၊ "V.I.P" ပါလာမယ်တဲ့။ အမလေး . . "V.I.P"ဆိုပါလား၊ ကြောက်ပါပြီ V.I.P ရယ်။ "အငြိမ်းစားကြီး ဦးဝင်းမြင့် အကြောက်ကြီးကြောက်သော V.I.P မှာ အဘိုး အဘွားတို့၏ အသည်းစွဲဖြစ်သော၊ အဘိုး အဘွားများကို အနိုင်ယူသော၊ လိုချင်တာမရလျှင် ရအောင်ဝယ်ပေးရသော၊ မိသားစုတစ်ခုလုံးက ကြောက်နေရသော မြေးဦး V.I.P လေးပင်ဖြစ်ပါသည်။

အငြိမ်းစားဝန်ထမ်းဟောင်းကြီး ဦးဝင်းမြင့်သည် နှစ်ပေါင်း ၄၀ နီးပါးအထိ "V.I.P"မျိုးစုံကို ကြုံတွေ့လာခဲ့ရပြီးနောက် အဆိုပါ "V.I.P"များကို နည်းမျိုးစုံဖြင့် ရှောင်လွှဲရန် ကြိုးစား၍ရခဲ့ပြီး မည်သည့် "V.I.P"ကိုမျှ မကြောက်ခဲ့ရသော်လည်း ယခုကြောက်ရမည့် "V.I.P" တစ်ခုမှာ မကွယ်လွန်မီအထိ အမြဲတမ်းတွေ့ဆုံနေရမည့် မြေး "V.I.P"ပင်ဖြစ်ပါတော့သည်။ ဩော်. . "V.I.P" ဆိုတာ. . သေသည့်တိုင်အောင်. . "V.I.P" အတန်းအစားများ ရှိနေပါသေးလား။ ။

ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ငွေကျပ်သိန်းတစ်ထောင်လျှာ်ဒါန်း

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ထိထိရောက်ရောက် ပြင်ဆင်နိုင်ရေးနှင့် ကယ်ဆယ်နိုင်ရေးအတွက် ကမ္ဘာ့ဇေအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)သည် အလျှော့ငွေများကို ပေးအပ်လျှာ်ဒါန်းလျက်ရှိရာ ဇူလိုင် ၂၆ ရက်က ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ အလျှော့ငွေကျပ် သိန်းတစ်ထောင်ကို ပေးအပ်လျှာ်ဒါန်းခဲ့သည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး BFM မှ ဒေါ်ယဉ်ယဉ်မာက လမ်းပန်းဆက်သွယ်ရေးပြတ်တောက်၍ ဝေးလံခေါင်သီသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရကြောင်းနှင့် ထိုအတွေ့အကြုံများကို အခြေခံ၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများအတွက် ယခုလိုလျှာ်ဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ အလျှော့ငွေကျပ်သိန်းတစ်ထောင်ကို ပေးအပ်လျှာ်ဒါန်းခဲ့သည်။

ကမ္ဘာ့ဇေအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇွန်လအတွင်း အလျှော့ငွေကျပ် သိန်း ၁၀၀၀ စီကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ကို လျှာ်ဒါန်းခဲ့ပြီး ယခု ဇူလိုင်လအတွင်းတွင် ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ် အပါအဝင် စုစုပေါင်း ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုသို့ သွားရောက်လျှာ်ဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (ဝ၁၀)

ကြေးမုံ

ပြည်တွင်းရေးရာ

စုံညီခုံရုံးက ရွေးကောက်ပွဲအယူခံမှုအမှတ် (၉)၊ (၁၀) နှင့် (၁၁) တို့အား ဩဂုတ် ၃၀ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်မည်

နေပြည်တော် ဇူလိုင် ၂၇

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမောင်မောင်ဖြူ (ရခိုင်အမျိုးသားပါတီ)က ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အပေါ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊၆၈၊ နည်းဥပဒေ ၈၇၊ ၈၈ တို့အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေးစေခဲ့သည်။ ၂၀၁၆ ခုနှစ် ဇွန် ၁၃ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ခုံအဖွဲ့ဝင်များအဖြစ် ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင် တို့ပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၂)က လျှောက်ထားခံရသူ ဦးဝင်းနိုင်အား ရွေးကောက် တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိ အတည်ဖြစ်လျက်ရှိကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်ကြောင်းဆုံးဖြတ်ချက် (အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားသူ ဦးဇေယျာ(ဗိုလ်ချုပ်)ကလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ကန့်ကွက်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း ကန့်ကွက်လွှာ တင်သွင်း

ပြည်တွင်းရေးရာ

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲအပေါ် စာတမ်းရှင်များ၏ သဘောထားအမြင်များ (၃)

တွေ့ဆုံမေးမြန်း
ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ
ဇော်မင်းလတ်

ရန်ကုန် ဇူလိုင် ၂၇

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက သခင်ဘဝတွင် နိုင်ငံရေးအမျိုးမျိုး ဟူသည့်ဆောင်းပါးတစ်ပုဒ်ကိုရေးသားခဲ့ဖူးသည်။ နိုင်ငံကိုကောင်းအောင်လုပ်ခြင်းသည် နိုင်ငံရေးပင်ဖြစ်သည်ဟူသည့် ဒဿနအပါအဝင် နိုင်ငံရေးစနစ်အမျိုးမျိုးကို သုံးသပ်ဝေဖန်ပိုင်းခြားရေးသားသွားခဲ့သည်။ သို့တစေ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီစနစ်နောက်ပိုင်းကာလများတွင် နိုင်ငံရေးဆိုသည့်ဝေါဟာရက သာမန်ပြည်သူများအတွက် စိုးထိတ်စရာဖြစ်ရသကဲ့သို့ နိုင်ငံရေးသမားဆိုသည်မှာလည်း အုပ်ချုပ်သူအစိုးရကို ဆန့်ကျင်သူများသဘော သက်ရောက်သွားခဲ့သည်။

မျက်မှောက်ခေတ် ပါတီစုံဒီမိုကရေစီစနစ်ရောက်မှသာ နိုင်ငံရေးစာပေ၊ နိုင်ငံရေးအတွေးအမြင်၊ နိုင်ငံရေးသဘောထား၊ နိုင်ငံရေးဒဿန၊ နိုင်ငံရေးလမ်းစဉ် စသဖြင့် သမိုင်းတစ်ပတ်ပြန်လည်ပတ်လာခဲ့သည်။ လက်ရှိအစိုးရလက်ထက်တွင် ပြန်ကြားရေးဝန်ကြီးဌာနကြီးမှူး၍ ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၉ မှ ၃၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်းအတွင်း၌ ကျင်းပတော့မည်ဖြစ်သည်။ နိုင်ငံရေးစာပေစာတမ်း ၁၈ စောင်ကို စာတမ်းရှင် ၁၈ ဦးက ကဏ္ဍအလိုက်ဖတ်ကြားကြမည်ဖြစ်ရာ မြန်မာ့သတင်းစဉ်က နိုင်ငံရေးစာတမ်းဖတ်ပွဲအပေါ် စာတမ်းရှင်များ၏သဘောထားအမြင်များကို ဆက်လက်ကောက်နုတ်ဖော်ပြအပ်ပါသည်။

ဦးမြင့်ဆွေ(မြင့်ဆွေဦး)

ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)

ဦးဇော်လင်း(လင်းအေး)

ဦးမော်လင်း(မော်လင်း)

ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ဦမ်း)

ဦးမြင့်ဆွေ(မြင့်ဆွေဦး)

နိုင်ငံရေးစာပေအစ နဂါးနီက စာတမ်းကို ဖတ်ပါမယ်။ ရှေးတုန်းက နိုင်ငံရေးစာပေတွေ သိသိသာသာမရှိခဲ့ဘူး။ တစ်အုပ်စ နှစ်အုပ်စပဲ ရှိခဲ့တယ်။ ဒီလို အုံနဲ့ကျင်းနဲ့လုပ်တာမျိုးမရှိဘူး။ ဘာလို့ နဂါးနီကို စပြောရသလဲဆိုရင် စထူထောင်တဲ့သူက ဦးနု(သခင်နု)၊ ဦးသိန်းဖေမြင့်တို့ စခဲ့တာပါ။ နောက်ပိုင်း သခင်သန်းထွန်း၊ သခင်စိုး၊ သခင်အောင်ဆန်းတို့၊ သခင်ဗဟိန်းတို့ ပါလာတယ်။ သူတို့အုပ်စုတွေက နဂါးနီ စာအုပ်အသင်း တည်ထောင်မယ်။ အင်္ဂလန်မှာရှိတဲ့ လက်ဝဲစာအုပ်အသင်းလို ဆိုရှယ်လစ်စာပေမျိုးနှံ့အောင် လုပ်တယ်။ လွတ်လပ်ရေးတိုက်ပွဲဝင်မယ့်သူတွေအတွက် အထောက်အကူဖြစ်မယ့်စာအုပ်တွေ လုပ်ကြတယ်။ သူတို့တွေဦးဆောင်ပြီး လုပ်လိုက်ကြတော့ နဂါးနီစာအုပ်အသင်းကြီး ပေါ်လာပြီး လစဉ် စာအုပ်တစ်အုပ် ထွက်လာတယ်။ ကြားထဲမှာ အထူးထုတ်ဆိုပြီးထွက်တယ်။ နဂါးနီက စာအုပ် ၇၀ ကျော်လောက် ထွက်လိုက်တယ်။

ဦးထွန်းအေးက နောက်ပိုင်း နဂါးနီ စာအုပ်တိုက်ကခွဲထွက်ပြီး ဗမာပြည် စာအုပ်ဖြန့်ချိရေးဆိုပြီး တည်ထောင်တယ်။ စာအုပ် ၃၀ ထွက်တယ်။ အဲဒီ နှစ်တိုက်လုံးက နဂါးနီပဲ။ ဦးထွန်းအေးက နဂါးနီရဲ့ကိုယ်ပွားလို့ ပြောလို့ရတယ်။ ဒီလူတွေပဲ စာအုပ်တွေ ရေးတယ်။ တချို့စာအုပ်တွေဆို အင်္ဂလိပ်ဗြိတိသျှအစိုးရက လိုက်သိမ်းတယ်။ ဖမ်းဆီးပြီး ပိတ်သိမ်းတဲ့အဆင့်ထိ လုပ်တယ်။ အဲဒီလောက်ထိရေးခဲ့ကြတယ်။ အဲဒါတွေကို အထူးသဖြင့် လူငယ်တွေသိစေချင်လို့ ရည်ရွယ်ချက်နဲ့ ဒီစာတမ်းကိုဖတ်တာပါ။ ဒီနိုင်ငံရေးစာတမ်းဖတ်ပွဲက ကောင်းပါတယ်။ နောင်အစဉ်အလာတစ်ခုလို ဖြစ်သွားမှာပါ။ ဟိုတုန်းက စာပေဝေမာန်က ဖတ်ခဲ့တဲ့ စာတမ်းတွေက နိုင်ငံရေးနဲ့မပတ်သက်ဘူး။ တခြားဝတ္ထုရှည်တို့၊ ဝတ္ထုတိုတို့ပေါ့။ ဒါပေမယ့် နိုင်ငံရေးနဲ့ပတ်သက်တာ ပြောလို့ရှိရင် ဇာတိမာန်စာတမ်းတစ်ခုပဲ ပြောလို့ရတယ်။ အဲဒီတုန်းကလည်း နဝတခေတ်ဆိုတော့ သိပ်မပွင့်လင်းဘူး။ အခုဒီဘက်ခေတ်ကျတော့ နည်းနည်းပွင့်ပွင့်လင်းလင်းဖြစ်လာတော့ အရင် မပြောလိုက်ရတဲ့ အကြောင်းအရာတွေ ထုတ်ပြောလို့ရပြီပေါ့။ အဲဒါတွေက ကောင်းပါတယ်။ အားတက်တယ်။ စာဖတ်သူတွေအတွက်လည်း သိသင့်၊ သိထိုက်တာတွေ ရပါတယ်။

ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)

နဂါးနီ၏ နိုင်ငံရေးစာပေစာတမ်း ဖတ်ပါမယ်။ ဒီနိုင်ငံရေးစာပေစာတမ်း ဖတ်ပွဲလုပ်မယ်ဆိုပြီး တိုက်တွန်းတဲ့အတွက် အသင့်ဖြစ်သလောက်နီးနီး နဂါးနီနိုင်ငံရေးစာပေကို ဖတ်ဖြစ်ခဲ့တာပါ။ အသင့်ဖြစ်တာက ဂျပန်လူမျိုး တစ်ယောက်ဖြစ်တဲ့ မစ္စတာဇွန်ဝေ နားဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်က မြန်မာ Legister Project ဆိုပြီး နဂါးနီစာပေတွေကို အထူးပြုလေ့လာတဲ့အလုပ်လုပ်တယ်။ ဆရာက သူ့ကို ကူညီပြီး တချို့တွေကို ဘာသာပြန်ပေး၊ ဖတ်ပေးတယ်။ စာအုပ်ဝေဖန်ချက်တွေ ရေးပေးတယ်။ ဒါကြောင့် နဂါးနီ စာပေတွေကို အတော်ဖတ်ဖြစ်တယ်။ အဲဒါနဲ့ပတ်သက်ပြီး နဂါးနီမှာတွေ့ရတဲ့ နိုင်ငံရေးဝေါဟာရ ဘာသာပြန်ပုံတွေကို သိရတယ်။ တော်လှန်ရေးကို ရှေးတုန်းက သူပုန်ကြီးတို့ ပုန်ကန်သည်ဆိုပြီး ဘာသာပြန်တယ်။ နိုင်ငံရေးဝေါဟာရတွေကို နဂါးနီခေတ်မှာ ဘာသာပြန်ခဲ့ပုံတွေကို သတိပြုမိပြီး အင်္ဂလိပ်လို စာတမ်းတစ်ခုရေးတယ်။ ၂၀၀၆ က စင်ကာပူမှာ ကျင်းပတဲ့ Burma Study Conference စာတမ်းကို တင်ခဲ့ဖူးတယ်။ နောက်စာအုပ်ဝေဖန်ချက်တွေလည်း လေ၊ ငါးအုပ် သေသေချာချာရေးတယ်။ အဲဒါကိုအကြောင်းပြုပြီး မြန်မြန်ရေးလိုက်မယ်ဆိုပြီးတော့ နဂါးနီ၏ နိုင်ငံရေးစာပေဆိုပြီးတော့ စာတမ်းရေးတာပါ။

ဒီစာတမ်းမှာ အခန်း(၃)ခုပေါ့။ ပထမပိုင်းက နဂါးနီရဲ့သမိုင်း၊ ဒုတိယပိုင်းကတော့ နဂါးနီနိုင်ငံရေးစာပေမှာတွေ့ရတဲ့ နိုင်ငံရေးဝေါဟာရတွေ ဘာသာပြန်ပုံပေါ့။ ဥပမာ အဲဒီခေတ်က ဒီမိုကရေစီဆိုတာ သိပ်ဘာသာမပြန်တတ်သေးဘူး။ နောက်မှ ပြန်ရင်းနဲ့ ဒီမိုကရေစီကို ပြန်လို့မရဘူးဆိုပြီး ဆရာကြီး ရွှေဥဒေါင်းတို့ဆို ဒီမော့ကရေစီ အဲလို အသံထွက်တာလည်းရှိတယ်။ တဖြည်းဖြည်းနဲ့ စကားလုံးဖြစ်လာပုံပေါ့။ ဥပမာ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်နုတို့ ဘာသာပြန်ခဲ့ကြတာ အလုပ်သမားဝါဒ၊ ဆင်းရဲသားဝါဒတို့၊ ဘုံဝါဒတို့ အမျိုးမျိုးပေါ့။ နောက်ဆုံးကျတော့ လိုရင်းအဓိပ္ပာယ်မပါဘူး။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ နောက်ပြန်ရင်းနဲ့ ဆိုရှယ်လစ်နဲ့ ကွန်မြူနစ် အတူတူပါပဲ ဆိုတာလည်း ဖြစ်သေးတယ်။ အဲဒါမျိုး လေးတွေ သူတို့ရေးခဲ့ကြတာကို ကြည့်ပြီး နောက်ဆုံး အတည်ဖြစ်လာတဲ့ အသံကိုလက်ခံပြီး စာလုံးပေါင်းမှာ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ ဖြစ်ပေါ်လာပုံကို သတိပြုမိပြီးတော့ အင်္ဂလိပ်လိုရေးခဲ့တဲ့ စာတမ်းမှာ ပါတယ်။

နောက်တစ်ခုက စာအုပ်စာပေ ဝေဖန်ချက်အနေနဲ့ လူငယ် လူလတ် လူကြီးတွေအားလုံး၊ မဖတ်ရသေးသူတွေအားလုံး သခင်နုရဲ့ ဖတ်သင့်တဲ့ ဂန်းတာလစ်စာအုပ်ပါ။ ဘက်စုံစာပေ လို့ပြောလို့ရတယ်။ ဒီမှာတော့ စာဖတ်ပရိသတ်အတွက်အကျဉ်းချုံးပြီး မြန်မာလို အပိုင်း(၃)အဖြစ်ရေးတယ်။ နိုင်ငံရေးစာတမ်းဖတ်ပွဲက အင်မတန်လုပ်သင့်ပါတယ်။ နိုင်ငံရေးဆိုတာ လူတိုင်းရဲ့ အရေးလေ၊ နိုင်ငံရေးလို့ သုံးနှုန်းသော်လည်း နိုင်ငံရေးဆိုတာ အတိတ်က ဖြစ်ပျက်ခဲ့တာကို သမိုင်းလို့ခေါ်ကြတယ်။ အခုလုပ်နေတာ နိုင်ငံရေးလို့ ခေါ်တယ်။ အခုလုပ်နေတာ နောက် အနှစ် ၅၀၊ ၁၀၀ ဆို သမိုင်းဖြစ်သွားမှာပါ။ တကယ်တော့ နိုင်ငံရေးသမိုင်းကိုရေးကြတာ။ သမိုင်းကလည်း အတိတ်ပစ္စုပ္ပန်၊ အနာဂတ်ဆက်နေမှာပါ။ သမိုင်းဆိုတာ နိုင်ငံရဲ့အဖြစ်အပျက်၊ နိုင်ငံရဲ့အကြောင်းအရာ၊ နိုင်ငံနဲ့ပတ်သက်သမျှ အရေးကိစ္စတွေအတွက် လူတိုင်းစိတ်ဝင်စားသင့်ပါတယ်။ တစ်ချိန်တစ်ခါက နိုင်ငံရေးဆိုတာက မလုပ်အပ်ဘူးလို့ အစိုးရဘက်က သဘောပေါက်သလို ဖြစ်နေတယ်။ အစိုးရက ပြည်သူ့ပြည်သားတွေ ငြိမ်ငြိမ်နေစေချင်တယ်။ နိုင်ငံရေးနဲ့ပတ်သက်တာ ဘာမှမပြောနဲ့ပေါ့။ နိုင်ငံရေးက အနာဂတ်လည်း အရေးကြီးမယ်၊ မျက်မှောက်လည်း အရေးကြီးတယ်။ အထူးသဖြင့် လူငယ်တွေ တိုင်းပြုပြည်ပြုစိတ်ရှိသူတွေ လေ့လာသင့်ပါတယ်။

ဦးဇော်လင်း(လင်းအေး)

မြန်မာနိုင်ငံအမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ (၁၉၀၀-၁၉၄၀) စာတမ်းဖတ်ပါမယ်။ စာတမ်းကတော့ လူငယ်တွေကို ရည်ရွယ်ပါတယ်။ လူငယ်တွေ သမိုင်းကို စိတ်ဝင်စားလာအောင်၊ နိုင်ငံရေးအပေါ်မှာ စိတ်ပါဝင်စားမှုရှိလာအောင်၊ လေ့လာချင်စိတ်ရှိလာအောင် ရည်ရွယ်ပါတယ်။ တစ်ချိန်က လူငယ်တွေကြိုးစားခဲ့တဲ့၊ လုပ်ရှားခဲ့တဲ့ သမိုင်းတွေကို သိစေချင်လိုပါတယ်။ ပထမဆုံးဆိုတော့ စမ်းသပ်ပေါ့။ ဒါက အစဆိုတော့ နည်းနည်းမပြည့်စုံတာတွေ၊ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ ရှိမှာပါ။ သို့သော် တဖြည်းဖြည်းနဲ့ ပိုကောင်းလာမှ ဒီထက် ကျယ်ကျယ်ပြန့်ပြန့်လေးလေးနက်နက်ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ လူငယ်တွေက လေးနက်ဖို့လိုတယ်။ နိုင်ငံရေးကို စိတ်ပါဝင်စားဖို့လိုတယ်။ နိုင်ငံရေးကို စိတ်ပါဝင်စားတဲ့လူငယ်တွေ လိုအပ်တယ်။

နိုင်ငံရေးဆိုတာ တိုင်းပြည်အတွက် ကိုယ်ကျိုးကို စွန့်လွှတ်အနစ်နာခံပြီး ကိုယ့်အကျိုးစီးပွားထက် တိုင်းပြည်အကျိုးစီးပွားကို အလေးပေးပြီး လုပ်တာဆိုတော့ အင်မတန်မွန်မြတ်တဲ့ အလုပ်ဖြစ်တယ်။ စာပေတွေကို လေ့လာဖတ်ရှုခြင်းအားဖြင့် လူငယ်တွေမှာလည်း ကိုယ့်အတ္တအကျိုးစီးပွားထက် တိုင်းပြည်အတွက်ဆိုပြီး ခံယူချက်တွေ၊ စိတ်နေစိတ်ထားတွေ၊ စိတ်ဓာတ်တွေ ဖြစ်ထွန်းလာမယ်လို့ မျှော်လင့်ပါတယ်။ အဲဒီစိတ်ဓာတ်တွေ ဖြစ်ထွန်းလာရင် တိုင်းပြည်အတွက် ကောင်းမယ်။ သူတို့အတွက်လည်း ကောင်းမယ်။ ဒီလိုပွဲမျိုးလုပ်သင့်ပါတယ်။ အခုက ပထမဆုံးဆိုတော့ ဝမ်းသာစရာ ကောင်းပါတယ်။ လုပ်ပေးတဲ့ပုဂ္ဂိုလ်ကို ကျေးဇူးတင်ပါတယ်။

ဦးမော်လင်း(မော်လင်း)

မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းများ စာတမ်းဖတ်ပါမယ်။ နိုင်ငံရေးစာပေ အကြောင်းပြောတော့ နိုင်ငံရေးစာပေမှာ မြန်မာနိုင်ငံသမိုင်းကို ပြန်ကြည့်ရင် မြန်မာ့နိုင်ငံရေးသမိုင်းလို့ ပြောလို့ ရလောက်အောင် နိုင်ငံရေးက ထွန်းကားခဲ့တယ်။ ပြည်သူလူထုက လည်း နိုင်ငံရေးနိုးကြားတယ်။ နိုင်ငံရေးစိတ်ရှိတယ်။ နိုင်ငံရေးတက်ကြွတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်တော်လှန်ရေးခေတ်တွေပြောင်းလဲလာတဲ့အခါမှာ နိုင်ငံရေးဖြတ်သန်းမှုတွေ များတယ်။ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုကလည်း များတယ်လို့မြင်ပါတယ်။ အဲဒီထဲမှာ စာနယ်ဇင်းတွေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက မြန်မာ ပြည်မှာ စပြီးပေါ်တဲ့အချိန်ကစပြီး နိုင်ငံရေးကို ပြည်သူလူထုက စိတ်ဝင်စားတာဖြစ်တဲ့အတွက် နိုင်ငံရေးနဲ့ ကင်းလွတ်လို့မရဘူး။ စာနယ်ဇင်းတွေက အမြဲတမ်း နိုင်ငံရေးသတင်းတွေကိုဖော်ပြတယ်။ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ သဘောထားမှတ်ချက်တွေကိုပေးတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံရေးအပေါ်မှာလည်း စာနယ်ဇင်းတွေက လွှမ်းမိုးမှုရှိတယ်။

စာနယ်ဇင်းတွေက လို့ဆော်တဲ့အတွက် နိုင်ငံရေးမှာ ဖြစ်လာတာ အမျိုးသားလွတ်မြောက်ရေး နယ်ချဲ့ဆန့်ကျင်ရေးကာလကစပြီး (၈၈) ဒီမိုကရေစီတော်လှန်ရေးကနေ အခုနောက်ဆုံး ပြည်သူ့အစိုးရပေါ်လာတဲ့ အချိန်ထိ ပထမဆုံး အစိုးရအပြောင်းအလဲမှာ သတင်းစာတွေ ထွက်လာတဲ့ အပေါ် လူတွေစိတ်ဝင်စားမှုကို ကြည့်ရင် စာနယ်ဇင်းတွေနဲ့ ပြည်သူလူထုနဲ့ကြားထဲမှာရှိတဲ့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ လွှမ်းမိုးမှုပေါ် စိတ်ညြောလွှမ်းမိုးမှုရှိတယ်ဆိုတဲ့အကြောင်းကို ပြောချင်တာပါ။ တကယ်က ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ရေးဖို့ကောင်းတဲ့ဟာပါ။ စာတမ်းပဲဖြစ်တော့ အဲဒါလေးကို နည်းနည်းမိတ်ဆက်တဲ့ သဘောမျိုး ရေးချင်ပါတယ်။

နိုင်ငံရေးစာတမ်းဖတ်ပွဲက ပထမဆုံးအကြိမ်ဖြစ်ပေမယ့် အရင်ကဇာတိမာန်စာပေဖတ်တာမျိုး ရှိပါတယ်။ နိုင်ငံမှာ စာပေပုံစံတစ်ရပ်အနေနဲ့ရှိနေတာ အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်ကြီးတွေ ခေတ်အဆက်ဆက် ပိုလ်ချုပ်အောင်ဆန်းတို့ကစပြီး စာပေစာနယ်ဇင်းနဲ့ကင်းတဲ့ ခေါင်းဆောင် အင်မတန်ရှားပါတယ်။ ပိုလ်ချုပ်အောင်ဆန်းတို့၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်းတို့ ကြိုက်တဲ့ခေါင်းဆောင်တစ်ယောက်ကို ရွတ်လိုက် သူတို့စာပေတွေက စာနယ်ဇင်းနဲ့ ဆက်နွယ်နေပါတယ်။ နိုင်ငံရေးစာပေကို စာတမ်းဖတ်ပွဲအနေနဲ့လုပ်တာ မြန်မာနိုင်ငံရေး သမိုင်းကြီးတစ်ခုလုံးကို အတော်အသင့်ခြုံငုံသိရလိမ့်မယ်လို့ ထင်ပါတယ်။ လူငယ်တွေအနေနဲ့ နားထောင်သင့်ပါတယ်။ မြင်တွေ့ကြတဲ့အလျောက် ပါဝင်ရေးသားသင့်တယ်။ ကိုယ်တိုင်လည်း မှတ်တမ်းပြုစုသင့်တယ်။ သူများပြုစုထားတာကိုလည်း လေ့လာသင့်ပါတယ်။

ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ဦမ်း)

ကျွန်တော်ဖတ်မယ့်စာတမ်းက ၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ ခွဲထွက်ခွင့် ပြဿနာများဖြစ်ပါတယ်။ ဒီစာတမ်းကိုဖတ်ရတဲ့ရည်ရွယ်ချက်က ကျွန်တော်တို့နိုင်ငံမှာ ပထမဦးဆုံးသောအခြေခံဥပဒေပေါ့။ ၁၉၄۷ ခုနှစ် အခြေခံဥပဒေကိုဆွဲတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံက နယ်ချဲ့လက်အောက်မှာ ကျရောက်ခဲ့ရတဲ့ အတွက်ကြောင့် ပြည်နယ်နဲ့ ပြည်မက တကွဲတပြားစီ ဖြစ်နေတယ်။ အဲဒါတွေကိုပေါင်းပြီး ပိုလ်ချုပ်အောင်ဆန်းတို့က လွတ်လပ်ရေးယူတဲ့အခါမှာ စည်းလုံးညီညွတ်စွာနဲ့ ရယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိုင်းရင်းသားတွေနဲ့ ဆွေးနွေးကြတယ်။ ဆွေးနွေးကြတဲ့အခါမှာ တိုင်းရင်းသားတွေဘက်က ဘာတွေ တောင်းလဲဆိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ခွဲထွက်ခွင့်ဆိုတာ တောင်းတယ်။ တကယ်တော့ ဖက်ဒရယ်နိုင်ငံတွေမှာ ခွဲထွက်ခွင့်ကိုတောင်းတဲ့ အခြေခံဥပဒေပါတဲ့နိုင်ငံ အနည်းအကျဉ်းပဲ ရှိတယ်။ သုံးခုလောက်ပဲရှိတယ်။ သုံးခုလောက်ပဲရှိတဲ့အတွက် မြန်မာနိုင်ငံရဲ့ ခွဲထွက်ခွင့်က အခြေခံဥပဒေထဲမှာ ဘယ်လိုပါသလဲ။ တိုင်းရင်းသားတွေကပဲ တောင်းလို့လား၊ ဒါမှမဟုတ် ဗမာခေါင်းဆောင်တွေကလည်း အလွယ်တကူနဲ့ ပေးလိုက်တာလား၊ အဲဒါက ရှုပ်ထွေးနေတယ်။

ခေတ်က ကြာလာတဲ့အခါ ဒီအကြောင်းတွေ အကုန်လုံးသိတဲ့သူ တော်တော်များများ မရှိတော့ဘူး။ ၁၉၉၀ လောက်မှာ အဲဒါနဲ့ပတ်သက်ပြီး သုတေသနလုပ်ပါတယ်။ ၁۹۷۲ အခြေခံဥပဒေနဲ့ တိုင်းရင်းသားလူမျိုးများအရေးဆိုပြီး စာအုပ်ထွက်ပါတယ်။ အဲဒီအထဲမှာလိုက်ပြီး သုတေသနလုပ်ရင်းနဲ့ အဲဒီအချက်ကို သွားတွေ့တယ်။ တကယ်တော့ တိုင်းရင်းသားတွေဟာ နယ်ချဲ့လက်အောက်မှာ နေတာကြာတဲ့အခါ သွေးခွဲတာခံနေရတဲ့အခါ သူတို့ဘက်ကနေ အကာအကွယ်ဆိုပြီး ခွဲထွက်ခွင့်ကို တောင်းတယ်။ ခွဲထွက်ခွင့်ပေးထားပေမယ့်လည်း ခွဲထွက်လို့မရအောင် တင်းကျပ်တဲ့စည်းမျဉ်းမျိုးတွေနဲ့ ချမှတ်ထားတာတွေ့ရတယ်။ မြန်မာနိုင်ငံကို တည်ထောင်တဲ့နေရာမှာ တိုင်းရင်းသားပေါင်းစုံရှိတဲ့ ကျွန်တော်တို့နိုင်ငံမှာ ခုနကလို ခွဲထွက်ခွင့်ပါလာတာကို

စာမျက်နှာ ၉ သို့ ✻

ကြေးမုံ

ပြည်တွင်းရေးရာ

✻ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲမှ

တချို့က မကြိုက်ကြဘူး။ မကြိုက်တဲ့အတွက် ဒါဟာ ဘာကြောင့်ပါလာရမလဲ ဒီဆိုးကျိုးတွေက ဘာတွေလဲ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး ကျွန်တော့် အနေနဲ့ ဒါလေးကိုပြည်သူတွေကိုတင်ပြရင် ကောင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့စာတမ်းကိုတင်တာ ဖြစ်ပါတယ်။ ဒီစာတမ်းဖတ်ပွဲပြုလုပ်တာကို ကျွန်တော်တို့က ဝမ်းမြောက်တယ်၊ ကြိုဆိုတယ်။ နှစ်ပေါင်းများစွာ တစ်ခါမှ နိုင်ငံရေးစာတမ်းဖတ်ပွဲဆိုတာမရှိခဲ့ဘူး။ ပညာရှင်တွေရော၊ နိုင်ငံရေးကိုစိတ်ဝင်စားတဲ့ ပြည်သူပြည်သားတွေကရော ဒါကို ကြိုဆိုကြရမယ်လို့ထင်ပါတယ်။ နောင်လည်းပဲ ဒီစာတမ်းတွေကို နိုင်ငံတော်အစိုးရကနေ ကြီးမှူးပြီး ဆက်တိုက်ဆောင်ရွက်သွားမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံကလူငယ်တွေက သမိုင်းကြောင်းသိတဲ့သူက နည်းသွားပြီ။ အဲဒါကြောင့် မျိုးဆက်ပြတ်နေတာ။ မြန်မာနိုင်ငံမှာဖြစ်ပျက်ခဲ့တဲ့ သမိုင်းကြောင်းတွေ၊ နိုင်ငံရေးအပြောင်းအလဲတွေကို ဒီလိုစာတမ်းဖတ်ပွဲတွေကတစ်ဆင့်လူငယ်တွေအနေနဲ့ ပိုပြီးသိခွင့်ရလိမ့်မယ်လို့မျှော်လင့်တယ်။ (၂၁)ရာစုပင်လုံညီလာခံအောင်မြင်ဖို့ ကြိုးပမ်းနေတဲ့ အချိန်မှာ အခုလိုတိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံရေးစာတမ်းဖတ်ပွဲ ဖြစ်ပေါ်လာတဲ့ အတွက် အများကြီးအထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်

မိုင်ဂျာယန် ဇူလိုင် ၂၇

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တက်ရောက်နိုင်ရေးနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် နိုင်ငံရေးဘုံသဘောတူညီချက်များရယူနိုင်ရန် ရည်ရွယ်ကျင်းပသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီခွဲက မိုင်ဂျာယန်၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် သဘာပတိ KNU ဒုတိယဥက္ကဋ္ဌ ပဒိုနော်စီဖိုးရာစိန်က ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်နှင့် စစ်မှန်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တစ်စုတစ်ဖွဲ့တည်း တည်ဆောက်နိုင်မည်မဟုတ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ ဒီမိုကရေစီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးပါဝင်မှသာလျှင် အောင်မြင်မှုကိုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးတွင် အားလုံးဝိုင်းဝန်းဆွေးနွေးကြပြီး တူညီသော ဘုံသဘောရပ်တည်ချက်များ ချမှတ်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးအပြီးတွင် အစည်းအဝေး ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ-၁ ပဒိုစောကွယ်ထူးဝင်း အပါအဝင် အဖွဲ့အစည်းအသီးသီးမှ ဦးဆောင်သူ ကိုးဦးတို့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင် ၁၈ ရက်မှ ၂၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

စဉ်	စာရေးသူ	စာအုပ်	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၁	နတ်နွယ်	တက္ကသိုလ်နှင့်ပြင်ပကမ္ဘာ	၂၈၀၀/-	စိတ်ကူးချိုချို
၂	ဦးဖေမောင်တင်	ရှေးခေတ်မြန်မာကဗျာကောက်နုတ်ချက်များ	၁၃၀၀/-	စိတ်ကူးချိုချို
၃	နိုင်ဝင်းဆွေ	ဘဝစာမျက်နှာများ(၂)	၂၃၀၀/-	စိတ်ကူးချိုချို
၄	ဒဂုန်ခင်ခင်လေး	မိုးဒေဝါ	၁၆၀၀/-	စိတ်ကူးချိုချို
၅	ဝင်းမြင့်	ပို့စကတ်နှင့်ခင်ဗျားကဗျာများ	၁၃၀၀/-	စိတ်ကူးချိုချို
၆	သူရိယကန္တိ	ဝတ္ထုရေးလိုသော်	၂၃၀၀/-	စိတ်ကူးချိုချို
၇	မန်းတင်	ထိုသုံးနှစ်နှင့်အခြားဝတ္ထုတိုများ	၁၈၀၀/-	စိတ်ကူးချိုချို
၈	The Key Collection	ကလော့ဒ်မိုးနေး စာကြည့်တိုက်စာစဉ်(၂၅)	၁၅၀၀/-	The key collection
၉	တင်မောင်မြင့်	ကမ္ဘာကျော်တို့၏ ရုပ်ပုံလွှာများ	၄၀၀၀/-	လင်းလွန်းခင်စာပေ
၁၀	ဝေလွင်မောင်	နှုတ်မှုရေးရာရှင်းလင်းတင်ပြခြင်းဆိုသည်မှာ	၁၅၀၀/-	
၁၁	မာန်သစ်နိုး	အမေရိကန်လိုပြောကြားလုပ်ငန်းခွင်သုံးအင်္ဂလိပ်စကား	၃၀၀၀/-	စာပေနန်းတော်
၁၂	ဗန်းမော်တင်အောင်	ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း	၄၀၀၀/-	မြနန္ဒာစာပေ
၁၃	စွန်ရဲ	တွေ့ကြုံခဲ့ရသောလူ့ဘဝအတွဲ(၁)	၂၅၀၀/-	ကွန်ပျူတာဂျာနယ်
၁၄	စွန်ရဲ	တွေ့ကြုံခဲ့ရသောလူ့ဘဝအတွဲ(၂)	၂၅၀၀/-	ကွန်ပျူတာဂျာနယ်
၁၅	ဒေါက်တာငွေစိုး	အောင်မြင်သူတို့၏ တစ်ပိုင်းတစ်စပုံရိပ်များ	၂၀၀၀/-	ရန်အောင်စာပေ
၁၆	မြင့်ထွန်း	ဂျပန်-အင်္ဂလိပ်-မြန်မာနေ့စဉ်သုံးစကားပြော+CD	၁၅၀၀/-	ယဉ်မျိုးစာပေ
၁၇	နှင်းဖြိုး	မိသားစုအက်ဆေးဝတ္ထုရှည်	၁၀၀၀/-	ယဉ်မျိုးစာပေ
၁၈	ဝဏ္ဏသီရိ	ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ	၅၀၀၀/-	အလင်းသစ်စာပေ
၁၉	ရဲရဲဝင့်ကောင် (လက်ပံတန်း)	တုလွတ်ဘုံပျံယဉ်	၅၀၀/-	ရွှေသစ္စာစာပေ
၂၀	သုခနှင့်သားသုခ	အမေနှင့်မှတ်သားဖွယ်ရာအဆိုအမိန့်များ	၃၅၀၀/-	သုခစာပေ
၂၁	ဦးသန့်	ကျောင်းတွင်းဒီမိုကရေစီ	၁၅၀၀/-	Journalist Publishing
၂၂	ပြည်ကျော်ကျော်	My Wipe-Clean Book of Time	၂၀၀၀/-	KKH
၂၃	ပြည်ကျော်ကျော်	My Wipe-Clean Book Shape And Colours	၂၀၀၀/-	KKH
၂၄	ပြည်ကျော်ကျော်	My Wipe-Clean Book of Numbers	၂၀၀၀/-	KKH
၂၅	မြသန်းတင့်	မာက်စ်ဝါဒနှင့်တွေးခေါ်မြော်မြင်ရေး	၂၀၀၀/-	ယဉ်မျိုးစာပေ
၂၆	ဒေါက်တာသိန်းထွန်း	မြန်မာ့အတွေးနှင့်အင်္ဂလိပ်အရေး(IELTS အဆင့်အတွက်)	၂၅၀၀/-	AZစာပေ
၂၇	ကောက်နွယ်ကနောင်	သံတွေပူတုန်းထုမှ ဓားကောင်းရမယ်	၂၅၀၀/-	AZစာပေ
၂၈	မင်းသိခ်	ပျားသားချောင်းကရေမျောကမ်းတင်	၃၀၀၀/-	ဘုမ္မာဝတီ
၂၉	ဒေါက်တာခင်မောင်လွင် ဒေါက်တာမြတ်ကေသွယ်သွယ်	ဆေးဖက်ဝင်ကမ္ဘာဦးပင်	၅၀၀/-	FAME
၃၀	တင်မောင်မြင့်	သံယောဇဉ်ကမ်းခြေ	၄၀၀၀/-	ဓူဝံစာပေ
၃၁	မျိုးကိုမျိုး	ကြောက်ခေတ်မှာရေးခဲ့သောကျောက်ထွင်းမှတ်စုများ	၂၀၀၀/-	Union Publishing
၃၂	ဟိန်းလတ်	စဝဗ၀ မနောမယ	၁၅၀၀/-	မျိုးမြန်မာစာပေ
၃၃	လန်းထောင်စပ်စုလေး	အနုပညာလက်ဆင့်ကမ်း ကြည်နှင့်ဆန်း	၂၀၀၀/-	
၃၄	ဦးမင်းနိုင်	နှစ်တစ်ရာပြက္ခဒိန်(၁၉၀၀-၂၀၁၇)(၁၂၆၁-၁၃၇၉)	၁၀၀၀/-	မိတ္တူစာပေ
၃၅	ဒေါက်တာသိန်းထွန်း	ပိုလ်ချုပ်အောင်ဆန်းအားလုပ်ကြံမှုနောက်ကွယ်မှ လူထုမသိသေးသော နှစ်ဖက်ခွဲန်လောက်ကောင်များ	၂၅၀၀/-	AZ စာပေ
၃၆	မောင်သစ်လွင်(လူထု)	အထွက်မှာရှိတဲ့ပိုလ်ချုပ်	၂၀၀၀/-	နေရီရီစာပေ
၃၇	မင်းညွှန့်လှိုင် ရန်လင်းအောင်	အများဆိုင်နာမ်-၂	၁၅၀၀/-	နှင်းဆီနီစာတိုက်
၃၈	မင်းထက်မောင်	ယုန်ညိုရဲ့ပုံသဏ္ဌာန်စာအုပ်	၁၅၀၀/-	ဓူဝံစာပေ
၃၉	မင်းထက်မောင်	နှင်းထူတဲ့နေ့	၁၅၀၀/-	ဓူဝံစာပေ
၄၀	ဝင်းဖေ	ကိုယ်တိုင်ရေး ရုပ်ရှင်ဝတ္ထုနှင့်ဇာတ်ညွှန်းများ	၂၅၀၀/-	နန်းဒေဝီစာပေ
၄၁	ဒေါက်တာမြန်မာစာ	ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးနှင့် နိုင်ငံရေးအတွေးဆောင်းပါးများ	၁၅၀၀/-	ဆန်းစသော်တာ
၄၂	SyiLwin (Foods Garden)	လျင်မြန်လွယ်ကူချက်မယ်အတူ(အတွဲ ၂)	၂၀၀၀/-	Synergy
၄၃	နေရီရီစာတည်းအဖွဲ့	မြန်မာနိုင်ငံ၏ သမ္မတ (၉)ဦး (၁၉၄၈-၂၀၁၆)	၃၅၀၀/-	နေရီရီစာပေ
၄၄	မေကျော့ရှင်း	စိန်ပွင့်ကျောက်ရိုင်းတုန့်ပြန်ခင်းမရ	၁၅၀၀/-	ရသစာပေ
၄၅	သန်းဝင်းလှိုင်	သမိုင်းတစ်ကွေ့မှ မြန်မာနိုင်ငံသမ္မတများ	၂၅၀၀/-	မိုးကျော်စာပေ
၄၆	သိန်းနိုင်	ဖက်ဒရယ်ပညာရေး	၂၅၀၀/-	MKSစာပေ
၄၇	မနောဖြူစာတည်း	ဂျပန်စကားပြောနည်း ၅၀၀	၂၅၀၀/-	မနောဖြူစာပေ
၄၈	The key collection	ဆာကာဂါဒီ	၁၅၀၀/-	The key collection
၄၉	The key collection	ဂရိပညာရှိများနှင့်သိပ္ပံပညာ	၁၅၀၀/-	The key collection
၅၀	MaungHtinAung	Burmese Monk's Tables	၃၀၀၀/-	Goldစာပေ
၅၁	ညွှန့်ဦးလှိုင်(မြန်မာစာ) လင်းခ(မော်လမြိုင်) ဒီမိုစိုးသူ(ကောလင်း)	မှန်သုံးချပ်၏ရင်ဘတ်များ	၁၀၀၀/-	ကျားချောင်းစာပေ
၅၂		အလွယ်တကူတက်မြောက်နိုင်သော အိတ်ဆောင်ဂစ်တာကော့ဒ်များသီအို	၉၇၀၀/-	စာပေနန်းတော်
၅၃	ဘုန်းဝလူ(ထိန်တော)	အဓိပတိမြို့ပြဆယ့်တစ်ရာစုကအပြန်လမ်း	၁၂၀၀/-	မျိုးဆက်သစ်စာပေ
၅၄	မိုးဇော်/မိုးဇော်ခင်	မန္တလေးနှင့်ကိုလိုနီဆောင်းပါးများ	၂၀၀၀/-	
၅၅	ဒဂုန်ခင်ခင်လေး	မော်ဆရာမှတ်တမ်းပေါင်းချုပ်	၂၀၀၀/-	ရတနာပုံစာပေ
၅၆	ပိုလ်ချုပ်ချစ်ကောင်း	အနှစ်နှစ်ဆယ်	၂၅၀၀/-	မြနန္ဒာစာပေ
၅၇	လယ်တွင်းသားစောချစ်	ပန်းဖြစ်သွားသောပါး	၃၀၀၀/-	ပန်းမြိုင်လယ်စာပေ
၅၈	ဒေါက်တာမောင်မောင်ညို	လူတိုင်းအတွက်မျိုးဆက်ပြန့်ဆေးပညာနှင့်ကျန်းမာရေး	၃၀၀၀/-	ဂုဏ်ထူးစာပေ
၅၉	ဦးထွန်းရီဘီအက်(စ)စီ အင်ဂျင်နီယာ(လျှပ်စစ်)	လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်အိမ်တွင်းဝါယာရိန်း တပ်ဆင်ရေးလမ်းညွှန်	၃၅၀၀/-	ဦးထွန်းရီစာပေ
၆၀	ဖိုးကျော့	ဆင်သချိုင်းရှာပုံတော်ကမ္ဘဇိဒ္ဓိ၊ မီးလောင်မြေနှင့်ဝတ္ထုတိုပေါင်းချုပ်	၄၀၀၀/-	စိတ်ကူးချိုချို
၆၁	ဒေါက်တာသောင်းဝေ	အချစ်တစ်ခုဝင်ငွေတစ်ခုပျော်ရွှင်သောဘဝတစ်ခု	၄၀၀၀/-	တူဒေးစာအုပ်တိုက်
၆၂	အောင်ဘစုစည်းပူဇော်သည်	မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယလျှောက်လမ်းရမည့်ခရီး	၂၈၀၀/-	သစ္စာအလင်း
၆၃	အေးမင်းထွန်း	ရန်ကုန်မြို့ဆိုဗီယက်သံရုံးအတွင်းရေး	၃၂၀၀/-	
၆၄	လေးအိမ်စုအရှင်ဝိစိတ္တသာရ	စကားလက်ဆောင်တရားလက်ဆောင် ၁၃	၂၅၀၀/-	လေးအိမ်စုဆရာတော်
၆၅	မင်းသိခ်	မ အောင်ရင်	၃၀၀၀/-	ဘုမ္မာဝတီစာပေ
၆၆	စာချဆရာတော် ဦးရာဇိန္ဒ	ဝိနယမဏ္ဍိုင်ကျမ်းကြီး	၅၀၀၀/-	ရှင်မတောင်စာပေ
၆၇	နန္ဒာဝင်း(ဆေး ၁)	တန်ဖိုးသင့်ညစာနှင့်အခြားစာစုများ	၂၅၀၀/-	ပဌမဂံစာပေ
၆၈	မောင်မောင်စိုး	မြစ်ဆုံပြဿနာနှင့်မြန်မာ-တရုတ်ဆက်ဆံရေး	၂၀၀၀/-	မဟာစာပေ
၆၉	ဆက်နိုင်မင်း	ကွန်မြူနစ်ဒီကာ	၅၀၀၀/-	နှင်းဆီနီစာပေတိုက်
၇၀	သမားတော်ကြီး ဦသောင်းရွှေ	ကမ္ဘာမှာအဆန်းဆုံးသည်အပင်၊ အပင်ဟူသမျှဆေးပင်-၂	၁၀၀၀/-	မဇ္ဈိမစာပေ
၇၁	မောင်ခင်မင်(ဓနုဖြူ)	မြန်မာစာပေနှစ်တစ်ထောင်ခရီး(စာပေရေးရာစာစု)	၄၀၀၀/-	ကုံကော်ဝတ်ရည်စာပေ
၇၂	မင်းခိုက်စိုးစန်	မင်းခိုက်စိုးစန်ဝတ္ထုတိုပေါင်းချုပ်	၈၀၀၀/-	ငါတို့စာပေ
၇၃	ဒေါက်တာထွန်းနိုင်	Liquefied Natural Gas အကြောင်းသိကောင်းစရာ ဗဟုသုတလေးများ	၅၀၀၀/-	မျိုးဆက်စာပေ
၇၄	မြင်းသိန္ဓော	ငါဘယ်လိုလူစားလဲ	၃၀၀၀/-	
၇၅	လင်းသစ်ခိုင်	NLD အစိုးရ၏ ရက်(၁၀၀) ဆောင်ရွက်မှုမှတ်တမ်း	၂၅၀၀/-	
၇၆	ဇော်ခိုင်ဦး	လူထုခေါင်းဆောင်ဝမ္မဒိုလ်ချုပ်အောင်ဆန်း	၃၀၀၀/-	
၇၇	ဦးဘုန်း(ဓာတု)	နေ့စဲ့ရသစာစုများ	၆၀၀၀/-	လင်းလွန်းခင်
၇၈	သစ္စာနီ	ကဗျာအကြောင်းပြောရအောင်	၂၃၀၀/-	စိတ်ကူးချိုချို
၇၉	ဒေါက်တာသိန်းလွင်	ငယ်ရွယ်စဉ်ကလေ့ကျင့်ထား ဒီမိုကရေစီအလေ့အကျင့်များ	၃၀၀၀/-	ဆုစာပေ
၈၀	ဇော်ဝင်း	ကျွန်ုပ်၏ဘဝတစ်သက်တာ ရေးဆွဲခဲ့သောခဲပန်းချီ	၂၅၀၀/-	စံပယ်
၈၁	ကိုကိုလေး	ဘနာဒီယာဘူတိုကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ	၅၀၀၀/-	ယဉ်မျိုး
၈၂	မြတ်သင်း	ဝတ္ထုတိုပေါင်းချုပ်	၅၀၀၀/-	စိတ်ကူးချိုချို
၈၃	ဌေးကြည်(စလင်း)	မြို့သား ၁၀၀	၃၃၀၀/-	စိတ်ကူးချိုချို
၈၄	ကြူးနစ်	သုညဂိမ်းနှင့်အခြားဝတ္ထုတိုများ	၄၀၀၀/-	စိတ်ကူးချိုချို
၈၅	ဒေါက်တာသန်းထွန်း	ခေတ်ဟောင်းခေတ်သစ်ရာဇဝင်	၆၅၀၀/-	စိတ်ကူးချိုချို
၈၆	ကိုပညာ(အမရပူရ)	တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ	၂၂၀၀/-	စိတ်ကူးချိုချို
၈၇		ဓမ္မစကြာပါဠိနိဿယ ဆရာတော်ဦးပုဓမ္မ	၅၀၀/-	တင်တင်အေး ပိဋ္ဌကတ်စာပေ
၈၈	ဒေါက်တာအရှင်သူရိယ	မဇ္ဈိမအယ်လ်ဘမ်	၂၅၀၀/-	မသိမဖြစ်စာပေ

ကြေးမုံ ဖတ်ကြည့်

မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပံ့မှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်း ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။

ကျော်စောမင်း

၁။ ပြဇာတ်

အနုပညာသည်တွင် တာဝန်များစွာရှိသည့်အနက် ပထမဆုံး ထမ်းဆောင်ရမည့် တာဝန်မှာ ပစ္စည်းပီသရေးဟု ပြောရမည်ထင်ပါသည်။ ပစ္စည်းဟု ပြောလိုက်သဖြင့် ရင့်သီးသလိုလို ရှိပါလိမ့်မည်။ အနုပညာပစ္စည်းဟူ၍ အမည်တပ်လိုက်လျှင် ပထမဆုံးလိုအပ်ချက်မှာ အနုပညာဖြစ်နေဖို့ပင်။ ကြောင်ဆိုသည်မှာ ဝါချင်ဝါ နက်ချင်နက် ကြွက်ခုတ်ဖို့ အဓိက ဆိုသောစကားသည် ထမ်းဆောင်မှုကို ပြောခြင်းဖြစ်သည်။ ကြောင်သည် ဝါတာနက်တာ မစဉ်းစားခင် **သက်ရှိကြောင်** ဖြစ်နေဖို့ အရင်ဆုံး လိုအပ်ပါသည်။

ကဗျာသည် ကဗျာဖြစ်ရမည်၊ ဝတ္ထုသည် ဝတ္ထုဖြစ်ရမည်။ ပန်းကန်ပြားကို အိုးဟု အမည်တပ်ထားတိုင်း အိုးမဖြစ်ပါ။ အိုးဆိုသော ပစ္စည်းတွင် မဖြစ်မနေပါရှိရမည့် အခြေခံလိုအပ်ချက်များဖြင့် ပြည့်စုံရပါမည်။

အနုပညာတွင် printed နှင့် performed ဟူ၍ နှစ်မျိုးရှိသည်။ စာရွက်ပေါ်တွင် ပုံနှိပ်ဖော်ပြရသော (၀၊) သက်မဲ့ဝတ္ထုကို ဖတ်ရှု ကြည့်မြင်ခံစားရသော အနုပညာနှင့် အသံ၊ သီဆိုပုံ၊ တီးမှုတ်ပုံ၊ သရုပ်ဆောင်ပုံ၊ ကပြပုံတို့ကို ရှုမြင်ခံစားရသော အနုပညာတို့ ဖြစ်သည်။

Printed တွင် ဖန်တီးသူတစ်ဦးတည်းက ထုတ်လုပ်ခြင်းဖြစ်သော်လည်း performed တွင်မူ အသိုင်းအဝိုင်း အကူအညီတွေ လိုလာသည်။ အဝတ်အစား၊ အလင်းအမှောင်၊ ဝန်းကျင်အပြင်အဆင်၊ တေးဂီတတို့ လိုအပ်သည်။ အနိမ့်ဆုံးအဖြစ် **နောက်ခံ**ဝန်းကျင်တစ်ခုလိုသည်။ ပလက်ဖောင်းပေါ်တွင် ကဗျာရွတ်ခြင်း၌ပင် မြို့ပြတိုက်တာ နောက်ခံနှင့် (တမင် ပါဝင်ပေးထားသော) ဖြတ်သွားဖြတ်လာ လူတို့ ပါဝင်သည်။ ဘေးနား လက်ဖက်ရည်ဆိုင်မှ သီချင်းသံ၊ ပထမထပ် လသာဆောင်မှ စကားပြောသံများသည် အားဖြည့်မှုအတွက် တမင်ထည့်ပေးထားသော နောက်ခံဝန်းကျင် effect များ ဖြစ်ကြသည်။

ထို့ကြောင့် ပြဇာတ်ရေးခြင်း၊ ဇာတ်ညွှန်းရေးခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ပါ။ ရုပ်ရှင်ဇာတ်ညွှန်းတွင် ဒါရိုက်တာသည် ဇာတ်ညွှန်းဆရာက ချထားသော အကွက်တွင် စရိုက်ပီပြင်စေရန် အမူအရာနှင့် စကားပြော (လေသံနှင့် အနှေးအမြန် အတက်အကျ)ကို နှိုက်ထုတ်ရသည်။ ဇာတ်ညွှန်းဆရာက နောက်ခံဝန်းကျင်မှ ကင်မရာရှုထောင့် အထိကို ဇာတ်ညွှန်းတွင် ညွှန်ကြားပြီး ဖြစ်နေရသည်။ (Tempo ကို film editing ဖြင့် ထိန်းပြီး နောက်ခံဂီတ၊ နောက်ခံအသံတို့ဖြင့် အပြီးသတ်ပါသည်။) ရုပ်ရှင်သည် ပြဇာတ်နှင့် မတူသောကြောင့် ကင်မရာရှုထောင့်သည် အရေးကြီး၏။ အချစ်အလွမ်းကားမှအစ သိုင်းကားအထိ တွင် ကင်မရာကစားမှု၏ အင်အားကို တွေ့နိုင်ပါသည်။

ပြဇာတ်တွင်ကား ဤသို့ မဟုတ်။ ဇာတ်စင်တစ်ခုလုံးကို မြင်ကွင်းသေအဖြစ်ခင်းကျင်းထားရသည်။ ဇာတ်ဆောင်များ၏ မျက်နှာအမူအရာကို ရှေ့တန်း (စင်နားနီး) ပရိသတ်မှလွဲ၍ ကျန်ပရိသတ်က အသေးစိတ်အမူအရာကို မြင်နိုင်ဖွယ်မရှိ။ ထို့ကြောင့် လှုပ်ရှားမှုနှင့် စကားပြောကို အဓိကထားရသည်။

ဤနေရာတွင် စာရေးဆရာများကဲ့သို့ပင် ဇာတ်ညွှန်းဆရာတို့၊ ပြဇာတ်ဆရာတို့သည် လောကသဘောနှင့် လူ့အကြောကို ကျွမ်းကျင်ရပါသည်။ အလွှာစုံ၏ စကားလုံး၊ စကားသံ၊ စကားအဖြတ်အတောက်၊ စကားအလက်ာတို့ကို ကျွမ်းနေရမည့်အပြင် စိတ်ခံစားမှုအလိုက် စကားသံ အနုအရင့် အပြောင်းအလဲကိုပါ ဆရာတစ်ဆူ ဖြစ်လောက်အောင် ကျွမ်းကျင်ရပါသည်။

ပြဇာတ်ကို ဖတ်ခြင်းမှာ ပညာအလွန်ပါသည်။ ဇာတ်ဆောင်တို့ ပြောပုံဆိုပုံကို လိုက်လံရှာတ်ဆိုကြည့်ပြီး ခံစားရသည်။ ဤလိုမှ မဖတ်နိုင်ဘဲ ဇာတ်လမ်းအကျဉ်းချုပ်၊ သို့မဟုတ် သွေ့ခြောက်ခြောက် ဒိုင်ယာရီတစ်ပုဒ်ကို အမြန်ဖတ်သွားသလိုမျိုး ဖတ်လျှင် ပြဇာတ် အရသာပျက်သည်။

တချို့က ပြောကြသည်။ ပြဇာတ်ရေးတာမှာ ဖတ်ဖို့ရေးတဲ့ အဖတ်ပြဇာတ်မျိုးရေးရင် စင်တင်ကပြလို့ ရရမယ်ဆိုတဲ့ သတ်မှတ်ချက် မလိုတဲ့၊ မှားပါသည်။ အလွန်မှားပါသည်။ ဝတ္ထုကို ခံစားပြီးရေးရသည်။ ပြဇာတ်တို့ ဇာတ်ညွှန်းတို့ကို မြင်ယောင်ကြည့်ပြီး ရေးရသည်။ စာပေဆု ရွေးချယ်ရေးမူတစ်ခုမှာ အတော်ကြီး အူကြောင်ကြောင်နိုင်လှသော အချက်တစ်ချက်ပါနေတာ ကြားဖူးသည်။ ပြဇာတ်သည် စင်တင်ကပြနိုင်စရာမလိုတဲ့၊ ကျွန်တော် ပြန်၍ မေးကြည့်လိုက်ချင်သည်။ ဘာကြောင့်များ ပြဇာတ်ရေးတာလဲဟူ၍။ ကဗျာနှင့်ရေးမှ ရမည့်ခံစားမှုကို ကဗျာဖြင့်သာ ရေးရမည်။ ဝတ္ထုအတွက် ဝတ္ထု၊ ပြဇာတ်အတွက် ပြဇာတ် စသဖြင့် အနုပညာတွင် အမျိုးအစားနှင့် တွဲယှဉ်နေသော သီးသန့်ဖြစ်မှု particularity/peculiarity ရှိသည်။ **ပိုးမောင်လာပြီ**သည် ကဗျာအဖြစ်သာရှိရမည်။ ဘာကြီးအောင် ညာတယ်ကဲ့သို့ ဝတ္ထုဖြစ်လို့မရ။

ထို့ကြောင့် ပြဇာတ်ရေးခြင်းသည် ပြဇာတ်အဖြစ်သာ ပရိသတ်ထံပို့၍ ရနိုင်သည့်အနေအထား (လောကသဘော) ဖြစ်နေ၍ ပြဇာတ်ရေးရခြင်းဖြစ်သည်။ ဖတ်ရုံနှင့် ရမည်ဆိုလျှင် ဝတ္ထုအဖြစ်ပဲ ဖန်တီးလိုက်မည်ပင်။ စင်မတင်နိုင်သော ပြဇာတ်မျိုး ရေးသည်ဆိုခြင်းက ရေးသူသည် ဇာတ်စင်အကြောင်း ကန့်လန့်ကာအကြောင်း တိုင်ဖုံးနှင့် ပြည်ဖုံးကား ကွာခြားချက်အကြောင်း သိပ်မသိသူသာဖြစ်မည်။ ကျွန်တော်တို့ ရှုန်းထွက်ကြရမည်။ ဆုရပြဇာတ် တစ်ပုဒ်ထဲကလို 'ကန့်လန့်ကာရှေ့တွင် လူစုံ၍ အိုးစည်ဒိုးပတ်များနှင့် ဆိုရှယ်လစ်စနစ်ကို ချီးကျူးသော သီချင်းများ သီဆိုကခုန်နေကြစဉ် ပြည်ဖုံးကားချ' ဆိုတာမျိုး ဖြစ်ခဲ့သည့်အဆင့်မှ ကျွန်တော်တို့၏ ပြဇာတ်စာပေ ရှုန်းထွက်ရလိမ့်မည်။

၂။ မဂ္ဂဇင်း၊ ဂျာနယ် စျေးကွက်

စျေးကွက်စီးပွားရေး market economy (အသုံးအနှုန်းအမှန်မှာ စစ်မှန်သော ယှဉ်ပြိုင်မှုရှိသည့် စျေးကွက်အခြေပြု စီးပွားရေးစနစ် Truly competitive market economy)တွင် ထုတ်ကုန်တစ်ခု အောင်မြင်ရေးအတွက် စျေးကွက်သည်သာ ပဓာနဖြစ်သည်။ အရည်အသွေးတို့၊ စျေးနှုန်းတို့၊ ကြော်ငြာတို့ကကော မဆုံးဖြတ်ဘူးလားဟု မေးလျှင် 'စျေးကွက်'တွင် ထိုအရာအားလုံး ပါပြီး ဖြစ်သည်ကို မသိ၍ ဖြစ်မည်။

၁၉၈၀ ဝန်းကျင်၏ ပုံမှန်ထုတ် စာနယ်ဇင်းနယ်ပယ်ကို မဂ္ဂဇင်းများက အုပ်စိုးသည်။ ဂျာနယ်ဟူ၍ လမ်းစဉ်သတင်းဂျာနယ်၊ နိုင်ငံတကာရေးရာဂျာနယ်၊ တောင်သူလယ်သမားဂျာနယ်ဆိုသော လမ်းစဉ်ပါတီထုတ် ဂျာနယ်များအပြင် တံခွန်အားကစားဂျာနယ်သာရှိ၏။ ထို့ကြောင့် စာဖတ်ပရိသတ်၏ အာရုံသည် မဂ္ဂဇင်းများအပေါ်သို့ စုပုံကျသည်။ ထိုစဉ်က မဂ္ဂဇင်းစောင်ရေအတွက် အထိန်းနှစ်ခုရှိခဲ့၏။ ရသစာပေနှင့် ပေါ့ပ်(pop) ခေါ် ပြည်တွင်းပြည်ပ ဖျော်ဖြေရေးလောကအကြောင်းတို့ဖြစ်သည်။ ဖျော်ဖြေရေးသတင်းနှင့် သုတကဏ္ဍဟု ဆိုကြပါစို့။ စီးပွားရေးမဂ္ဂဇင်းများ ပေါ်လာသောအခါ ရသစာပေ၏ နေရာတွင် စီးပွားရေးသတင်းဆောင်းပါးများက နေရာယူလာကြသည်။

ကျွန်တော် အထူးပြုပြောပြချင်သော မဂ္ဂဇင်းတစ်စောင်ရှိ၏။ ကြော်ငြာနှင့် စျေးဝယ်လမ်းညွှန်မဂ္ဂဇင်းဟု မြန်မာလိုခေါ်ပြီး အင်္ဂလိပ်လို Living Color Magazine ဟု ခေါ်သော မဂ္ဂဇင်းဖြစ်၏။ ရှားပါးသော သတင်းများ ရယူနိုင်စွမ်းရှိပြီး လွတ်အောင်လည်း လုပ်နိုင်စွမ်းရှိ၍ စီးပွားရေးလောကနှင့် နိုင်ငံရေးလောကအတွက် တန်ဖိုးကြီးသည်။ သတင်းဂျာနယ်များကို ခွင့်ပြုမပေးသေးသည့် ကာလဖြစ်၍ တစ်လတစ်ကြိမ်ထုတ်ပင်ဖြစ်သော်လည်း ထိုမဂ္ဂဇင်းသည် စျေးကွက်တွင် ထိပ်ဆုံးရောက်သွားလေသည်။

သတင်းဂျာနယ်များ ထုတ်ဝေခွင့်ရလာသော ခေတ်တွင် ထိုမဂ္ဂဇင်းသည် မှေးမှိန်လာ၏။ သို့သော် စောင်ရေကောင်းနေဆဲပင်ရှိသည်။ စိစစ်ရေးကို ဖြေလျှော့ပေးပြီး နေ့စဉ်သတင်းစာများကိုပါ ခွင့်ပြုလိုက်သောအခါ နေ့စဉ်ထုတ်များကို ပြိုင်နိုင်ရန် အပတ်စဉ်ထုတ်များက ဆောင်းပါးများ၊ နိုင်ငံရေးအကဲဖြတ်စာများဖြင့် ပြန်ထိန်းလာကြရသည်။ ထိုကာလတွင် မဂ္ဂဇင်းတို့၏ သတင်းအရေးပါမှုက လျော့ကျသွားလေပြီ။ Living Color သည် ပင်တိုင်အင်အားကောင်းသောမဂ္ဂဇင်းဖြစ်ပါ၏။ အဖိုးတန်ဆောင်းပါးများ ပါလေ့ရှိသောမူကို ဆက်ထိန်းထားနိုင်ခဲ့ပါ၏။ သို့သော် ရေစီးကား ပြောင်းသွားလေပြီ။ သတင်းစျေးကွက်က နေ့စဉ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များဆီ ရွှေ့သွားသောအခါတွင် သတင်းအားပြု မဂ္ဂဇင်းတစ်စောင်သည် ဆောင်းပါးကောင်းများကို အားပြုသည့်တိုင် အပတ်စဉ်ထုတ်ဖြစ်၍ ပိုမိုလတ်ဆတ်သော ဆောင်းပါးကောင်းများပါသည့် ဂျာနယ်များကို မယှဉ်နိုင်တော့ပေ။ စျေးကွက်အရွှေ့ဒဏ်ကို ခံရပြီ။

တခြားမဂ္ဂဇင်းတွေ ပေါ်ပင်လိုက်ပြီး စောင်ရေတက်ခဲ့တုန်းကလည်း လှုပ်လီလှုပ်လဲ့နှင့် မှန်တမ်းသာရှိခဲ့သော မဂ္ဂဇင်းများ (ရသစာကောင်းများနှင့် သြဇာရှိ ဆောင်းပါးကောင်းများသာထည့်သည့် မဂ္ဂဇင်းများ) ကတော့ ယခုလည်း ခြေလှမ်းမှန်မှန်ဖြင့် ဆက်လက်ချီတက်နေကြသည်ကို တွေ့ရ၏။ Niche ခေါ် ကိုယ်ပိုင်သီးသန့်နေရာတစ်ခုကို ဆုပ်ကိုင်ထားကြသည်မှာ မှန်သော်လည်း ရေစီးကြောင်း ပြောင်းသွားသောအခါ ကောင်းလျက်နှင့် သောင်အထွန်းခံရခြင်းများ ရှိတတ်ပါ၏။

၃။ ဝတ္ထုတို

ရသစာပေတွင် ထဲထဲဝင်ဝင် မရှိလှသူများက ဝတ္ထုရှည်လည်း ဝတ္ထုပဲ၊ ဝတ္ထုတိုလည်း ဝတ္ထုပဲ၊ ဘာကွာတာမှတ်လို့ဟု ပြောတတ်ကြသည်။ ဝတ္ထုဆိုသည်မှာ ဖြစ်ရပ်များကို ရေးပြခြင်းဟု လွယ်လွယ်ပြောထားနှင့်ပါဦးမည်။ သတင်းတို့ အတ္ထုပ္ပတ္တိတို့လည်း ဖြစ်ရပ်တွေ ရေးတာပဲ၊ ဝတ္ထုဟုတ်လို့လားဟု ငြင်းကြမည်တော့ မထင်ပါ။ ဝတ္ထုအင်္ဂါမြောက်သော ဖြစ်ရပ်ကိစ္စကို သီးသန့်ရေးရဦးမည်ဖြစ်၍ တိုတိုဖြတ်လိုက်ခြင်းသာ ဖြစ်သည်။

ဖြစ်ရပ်တစ်ခုအတွက် အရွှေ့ action တစ်ခု သို့မဟုတ် အများရှိသည်။ ထိုအရွှေ့ကို ဖန်တီးသူများ၊ သို့မဟုတ် ထိုအရွှေ့နှင့် ပါဝင်ပတ်သက်နေသူများကို ဇာတ်ဆောင်ဟု ခေါ်သည်။ ထိုဇာတ်ဆောင်တို့၏ ကံသုံးပါးလှုပ်ရှားမှုနှင့် အာရုံခြောက်ပါး ခံစားမှုတို့ကြောင့် ဇာတ်ကြောင်းဟူ၍ ဖြစ်လာရသည်။ ထိုလှုပ်ရှားမှုနှင့် ခံစားမှုတို့ကြောင့် ဖတ်သူက ဇာတ်ဆောင်၏ ပုံပန်းသဏ္ဌာန်နှင့် စိတ်နေစိတ်ထားတို့ကို မြင်ယောင်ကြားယောင်လာ ခံစားလာရလျှင် ဇာတ်ဆောင်စရိုက်ပေါ်သည်ဟု ခေါ်ကြပါသည်။

ဝတ္ထုတိုအကြောင်းပဲ ပြောပါဦးမည်။ ဝတ္ထုတိုကို အကြမ်းဖျင်းခွဲခြားလျှင် ရှေးရိုးဟန်ဝတ္ထုနှင့် မော်ဒန်ဝတ္ထုဆိုပြီး နှစ်မျိုးရသည်။

ရှေးရိုးဟန်ဝတ္ထုကို သမားရိုးကျ သုံးချက်ညီဝတ္ထုဟုလည်း ခေါ်သည်။ အခင်း (ဇာတ်ပျိုးအခင်းအကျင်း)၊ အခက် (ဇာတ်ရှိန်ကို အမြင့်ဆုံးရောက်စေသော အတွင်းအပ ပဋ္ဌိပက္ခ)နှင့် အဖြေ (အဆုံးသတ်) ဆိုသည့် သုံးချက်ဖြင့် ပြည့်စုံညီညွတ်အောင် ရေးထားသော ဝတ္ထုတိုမျိုးဖြစ်သည်။ ထိုဝတ္ထုတိုမျိုး၏ ကြီးရင့်မှုမှာ ဒေါင်လိုက် (Vertical development) ဖြစ်သည်။

မော်ဒန်ဝတ္ထုတိုတွင် လူစရိုက်နှင့် လောကသဘောကို အဓိကထားသည်။ စွဲမက်လောက်သော သမားရိုးကျ ဇာတ်လမ်းမျိုးမပါ။ သမားရိုးကျ ဝတ္ထုတိုသည် ခဲတစ်လုံးကို လေထဲသို့ မြှောက်တင်လိုက်ပုံနှင့် တူသည်။ ဒေါင်လိုက်အတက်၊ အဆင်းရှိသည်။ မော်ဒန်ဝတ္ထုတွင်ကား ဇာတ်လမ်းဖြင့် ဖမ်းစားခြင်းမရှိသဖြင့် ဒေါင်လိုက်လှုပ်ရှားမှုမရှိ။ ရေတစ်ခွက်ကို ကြမ်းခင်းပေါ် သွန်ချလိုက်သည်နှင့် တူသည်။ စာရေးဆရာက သူပြောချင်သမျှကို ရေခွက်ထဲထည့်ထားသည်။ ကြမ်းခင်းပေါ်သို့ ထိုရေကို သွန်ချလိုက်လျှင် ရေသည် သူ့ထုထည်ကပေးသောသတ္တိ ကုန်ဆုံးသည်အထိ ပြန့်သွားမည်။ ပြန့်ကားမှု Spread ကုန်ဆုံးသွားလျှင် ဝတ္ထုပြီးပြီ။ ထို့ကြောင့် မော်ဒန်ဝတ္ထုတို့၏ ကြီးရင့်မှုမှာ အလျားလိုက်ဖြစ်သည် (horizontal development)။

ဤသီအိုရီ အခြေခံဖြင့် ဝတ္ထုဖတ်လျှင် ဝတ္ထုတိုဆိုသော အနုပညာပစ္စည်း၏ အလှကို ရှုထောင့်တစ်မျိုးမှ ခံစားနိုင်လာပါလိမ့်မည်။

ဝတ္ထုတိုကို ဝါသနာပါသူများအတွက် ကျွန်တော် ကြိုက်သော ဝတ္ထုတိုပေါင်းချုပ်အချို့ကို ညွှန်းလိုက်ပါသည်။ ကြိုတင် ပလွင်ခံစရာများရှိပါသည်။ (က) မှတ်မိသမျှမှ ဖော်ပြနိုင်သလောက်ကို ဖော်ပြခြင်းဖြစ်ပါ၏။ ကြုံသလို ထပ်ဖြည့်ပေးပါမည်။ (ခ) ကျွန်တော့်အကြိုက်မျှသာ ဖြစ်ပါ၏။ အကြိုက်ချင်းမတူနိုင်ပါ။ (ဂ) အကြောင်းတစ်ခုကြောင့် ၂၀၁၅ အတွင်းထွက်သော ဝတ္ထုတိုပေါင်းချုပ်များကို ချန်ထားခဲ့ပါသည်။

၁။ **၆၀ ကျော်မှရေးသော ဝတ္ထုများ (သိန်းဖေမြင့်)**
နိုင်ငံရေးနောက်ခံဖြင့်သာ ရေးလေ့ရှိသော စာရေးဆရာ၏ လူ့သဘာဝ စူးစမ်းမှုနှင့် ပြောင်းလဲလာသော လေသံ Tone ကို မြင်ရပါမည်။ ထိုစာအုပ်တွင် မပါသည့် **အနီဌာရုံတွေ ပါတကားနှင့် ဆရာအိုပြဿနာ**ကိုလည်း ရှာဖတ်စေချင်ပါသည်။

၂။ **မိုးရွာသောညများ (တက္ကသိုလ်မြစိမ်း)**
သူ၏ နောက်ပိုင်း အရေးအသားများတွင် သွေ့ခြောက်မွန်းကျပ်သော ကိုယ်ပိုင်ဟန်ကို တွေ့လာရသော်လည်း ဤဝတ္ထုတိုပေါင်းချုပ်မှ ဝတ္ထုတိုအချို့ (ဥပမာ-**ဝင်းပပ၊ အင်္ဂလိပ် စာသည်သူလေး** စသည်)တို့တွင် လွမ်းမောငွေ့(nostalgia) ကို တွေ့နိုင်ပါသည်။ **မြေကြီးအိမ်**တွင် မော်ဒန်ဟန်ကို တွေ့ရပါသည်။

၃။ **တစ်တောလုံးကြွေ (မောင်ဒေါင်း)**
မြစ်ဝကျွန်းပေါ် ကျေးလက်၏ လူနေမှုဘဝကို ကြွယ်ဝသော စကားပြေဖြင့် ထောက်ကူထားခြင်းအား ခံစားနိုင်ပါသည်။ ဒဂုန်တာရာ၏ ဝတ္ထုအဖွဲ့အနွဲ့များတွင် စာရေးဆရာ၏ရင်မှ စိမ့်ထွက်လာသော ဝန်းကျင်အလှအပခံစားမှုများကို ပန်းချီဆန်ဆန် မှုန်းခြယ်မှုများ တွေ့ရတတ်သည်။ မောင်ဒေါင်း၏ စကားပြေကား ဇာတ်ကြောင်းကို အထောက်အပံ့ဖြစ်သော မှိုင်းမှိုင်းညိုညို၊ ပန်းချီများဖြစ်သည်။ ဆင်းရဲခွဲတေမှုများကိုပင် သန္တာရသဖြင့် ဖုံးနိုင်သော အရေးအသားကို ခံစားနိုင်ကြပါသည်။

၄။ **ကြေးမုံရိပ်သွင် (ခင်နှင်းယု)**
ဇာတ်ကြောင်းကို အားပြုသော ဝတ္ထုတိုများဖြစ်သည်။ ပြောလိုသမျှကို စာရေးဆရာ၏ သြဇာလွှမ်းမှုမပါအောင် ရေးထားသော တိကျသည့် စကားပြေမှာ နှစ်သက်ဖွယ်ကောင်းသည်။ ဤလိုစကားပြေမျိုးကြောင့် ခံစားမှုဖော်ကျူးနိုင်ပါ့မလားဟု သံသယရှိပါလျှင် **ဓမ္မရက္ခိတ၊ မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်၊ ဘိန်းစားရေချမ်း**တို့ကို ဖတ်ကြည့်ပါ။ **ကျွန်းဇကေရီ**တွင် ဇာတ်ကောင်စရိုက်ကို အသွေး(tone) ညီညီညွှတ်ရင်းက တရားကိုယ် (Theme) ကို ထိန်းထိန်းသိမ်းသိမ်း ဖော်သွားပုံမြင်နိုင်ပါ၏။

၅။ **တွေးတစ်မ်ိုစ်မ်ို (ဂျာနယ်ကျော်မမလေး)**
ရသစာပေရေးလျှင် အပြောလျှော့ပြီး အပြများများ သုံးရသည်ဆိုသည့် သဘောကို ဤဝတ္ထုတိုများတွင် မြင်ရသည်။ မြက်ကလေးတစ်ပင်မှာ စွဲမက်စရာ ကောင်းလှပါသည်။

၆။ **လှည်းယာဉ်ကြော့ကြော့နှင့် ကောက်သင်းကောက် ၂ အုပ် (အောင်စိုး)**
ညောင်ဦးဒေသတစ်ဝိုက်၏ ကျေးလက်ရှုခင်းများကို ရိုးရိုးယဉ်ယဉ်ရေးထားသည်။ လရောင်ရှိသော ညများတွင် တစ်ကိုယ်တည်း လမ်းသစ်ဖောက်သော အဘိုးကြီးတစ်ဦး အကြောင်း (လမ်းသစ်) တွင် စေ့စပ်သော သရုပ်ဖော်မှုများကြောင့် စွဲမက်ဖွယ်ဖြစ်ရသည်ကိုတွေ့၏။ (တိုင်းကျော်နှင့် ဘဝသရုပ်ဖော် ဇာတ်ကောင်များ စာအုပ်တွင်တော့ အရေးအသား၊ ဝတ္ထုဖွဲ့စည်းပုံနှင့်လောကအမြင်တို့ လုံးဝပြောင်းလဲသွားခြင်းကို တွေ့နိုင်ပါသည်။)

(ကျန်စာအုပ်များကိုလည်း ဆက်ညွှန်းပါဦးမည်။)

တူရကီစစ်ဘက်မှ အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် တပ်ဖွဲ့ဝင် ၈၆၅၁ ဦးပါဝင်ပတ်သက်ခဲ့ဟုဆို

အန်ကာရာ ဇူလိုင် ၂၇

တူရကီတပ်မတော်မှ ၁ ဒသမ၅ ရာခိုင်နှုန်းရှိသည့် တပ်ဖွဲ့ဝင် ၈၆၅၁ ဦးတို့သည် ဖေသူလာဟစ်အမည်ရှိ အကြမ်းဖက်အဖွဲ့အစည်း (အက်ဖ်အီးတီအို)အဖွဲ့ဝင်များ ဖြစ်ကြကြောင်း တူရကီစစ်ဦးစီးချုပ်က ဇူလိုင် ၂၇ ရက်တွင် ပြောကြားလိုက်သည်။

တူရကီစစ်ဘက်မှ တပ်ဖွဲ့ဝင် ၈၆၅၁ ဦးတို့သည် ဖေသူလာဟစ်အကြမ်းဖက်အဖွဲ့အစည်းကို သစ္စာခံသူများ ဖြစ်ကြပြီး မအောင်မြင်သောအာဏာသိမ်းရန်ကြိုးပမ်းမှုတွင် ပါဝင်ပတ်သက်ခဲ့ကြကြောင်း တူရကီစစ်ဦးစီးချုပ်က ပြောကြားသည်။

မအောင်မြင်သော အာဏာသိမ်းပွဲတွင် ဂျက်တိုက်လေယာဉ် ၃၅ စင်း၊ စစ်သည်တင် သံချပ်ကာယာဉ် ၂၃၉ စီး၊ ရဟတ်ယာဉ် ၃၇ စင်း၊သံချပ်ကာကားခုနစ်စီးနှင့် စစ်ရေယာဉ်သုံးစင်းပါဝင်ခဲ့ကြောင်း၊ ယင်းမှာတူရကီတပ်မတော် ဂျက်လေယာဉ်အရေအတွက်၏ ခုနစ်ရာခိုင်နှုန်း၊ ရဟတ်ယာဉ်အရေအတွက်၏ ရှစ်ရာခိုင်နှုန်းနှင့် သံချပ်ကာယာဉ်အရေအတွက် ၂ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ကြောင်း တူရကီစစ်ဦးစီးချုပ်က ပြောကြားသည်။

ထိုစဉ်အတွင်းအစ္စတန်ဘူလ်မှ အစိုးရရှေ့နေချုပ်ရုံးက ဇာမင်မီဒီယာအုပ်စုမှ စီမံခန့်ခွဲရေးမှူး ၄၇ ဦးတို့အားထိန်းသိမ်းရန်ဖမ်းဆီးမိန့် ထုတ်ပြန်ထားသည်။ ယင်းသတင်းမီဒီယာအုပ်စုသည် အမေရိကန်အခြေစိုက်တူရကီဘာသာရေးဆရာ ဖူသူလာဂူလန်နှင့်ဆက်နွယ်မှုရှိသည်ဟုဆိုသည်။

ရိုက်တာ။

ဟီလာရီကလင်တန် ဒီမိုကရက်တစ်ပါတီသမ္မတလောင်းဖြစ်ပြီ



ဖီလာဒဲလ်ဖီးယား ဇူလိုင် ၂၇

အမေရိကန်နိုင်ငံ၏ အဓိကနိုင်ငံရေးပါတီကြီးတစ်ခုဖြစ်သည့် ဒီမိုကရက်တစ်ပါတီက နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်ကို ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် တရားဝင်ရွေးချယ် သတ်မှတ်လိုက်ပြီဖြစ်သည်။

ဖီလာဒဲလ်ဖီးယားမြို့၌ ဇူလိုင် ၂၆ ရက်တွင် ကျင်းပသည့် ဒီမိုကရက်တစ်ပါတီညီလာခံတွင် ကလင်တန်ကို သမ္မတလောင်းအဖြစ်ရွေးချယ်ရန် အပြီးသတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ရွေးချယ်ခံရသည့်အတွက် အမေရိကန်နိုင်ငံသမိုင်းတွင် အဓိကနိုင်ငံရေးပါတီကြီးတစ်ခုက အမျိုးသမီးတစ်ဦးကို သမ္မတလောင်းအဖြစ် ပထမဆုံးအကြိမ်ရွေးချယ်ခြင်းဖြစ်သည်။

ကလင်တန်၏ ခင်ပွန်း သမ္မတဟောင်း ဘီလ်ကလင်တန်က ပါတီညီလာခံတွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ဘီလ်ကလင်တန်က ရီပတ်ဘလီကန်ပါတီသမ္မတလောင်း ဒေါ်နယ်လ်ထရန့်ကို အနိုင်ယူယှဉ်ပြိုင်ရယူရန်အတွက် ဒီမိုကရက်တစ်ပါတီအနေဖြင့် စည်းလုံးညီညွတ်ကြရန် တောင်းဆိုသွားမည်ဟု မျှော်လင့်ရသည်။

သမ္မတလောင်းရွေးချယ်ပြိုင်ပွဲတွင် ကလင်တန်၏ အဓိကပြိုင်ဘက် ဗာဟားမောင့်ပြည်နယ်အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်ကလည်း ကလင်တန်ကို အဆိုပြုထောက်ခံခဲ့ပြီး ပါတီတွင်းစည်းလုံးညီညွတ်မှုကိုပြသသည့်အနေဖြင့် ဗာဟားမောင့်ပြည်နယ်အနေဖြင့်လည်း ကလင်တန်ကို သမ္မတလောင်းအဖြစ်ရွေးချယ်ကြောင်း ကြေညာခဲ့သည်။ ဒီမိုကရက်တစ်ပါတီသည် ကလင်တန်နှင့်အတူ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဒုသမ္မတလောင်းအဖြစ် အထက်လွှတ်တော်အမတ် တင်ကိန်းကို ရွေးချယ်သတ်မှတ်သွားရန် ရည်ရွယ်ထားသည်။

အင်နီအိတ်ချ်ကေ။

အိုင်အက်စ်အပွဲ့အား ငွေကြေးထောက်ပံ့ပေးသည့် ညီအစ်ကိုနှစ်ဦးအား စပိန်ရဲများဖမ်းဆီး

မက်ဒရစ် ဇူလိုင် ၂၇

အိုင်အက်စ်စစ်သွေးကြွများအား ငွေကြေးထောက်ပံ့ပေးလျက်ရှိသည့် ရှရှားလူမျိုး ညီအစ်ကိုနှစ်ဦးအား စပိန်နိုင်ငံ ကာတာလိုနီးယားဒေသ ဂိရုနာမြို့တွင် စပိန်ရဲများက ဖမ်းဆီးခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် (၂၂) နှင့် (၃၃) နှစ်အရွယ် ညီအစ်ကိုနှစ်ဦးသည် အီရတ်နှင့် ဆီးရီးယားနိုင်ငံများရှိ အိုင်အက်စ်စစ်သွေးကြွများကို ငွေကြေးထောက်ပံ့ပေးလျက်ရှိသည်။ စပိန်ရဲများအနေဖြင့် ထိုကဲ့သို့ အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်စပ်သည့် အမှုအခင်းများကို ပထမဆုံးအကြိမ် ရင်ဆိုင်ရခြင်း ဖြစ်သည်။

နိုင်ငံသားမှတ်ပုံတင်အတုများ အသုံးပြုပြီး အိုင်အက်စ်စစ်သွေးကြွ ခေါင်းဆောင်များအား ငွေကြေးများ ထောက်ပံ့ခြင်းအပြင် အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်သမားများနှင့်ပူးပေါင်း လုပ်ဆောင်ခြင်း၊ အကြမ်းဖက်ဝါဒ ဖြန့်ချိခြင်းစသည်တို့ဖြင့် ညီနောင်နှစ်ဦးအား စွဲချက်တင်ထားကြောင်း သိရသည်။

ဂင်းတို့ညီနောင်နှစ်ဦး၏ အစ်ကိုသည် ဆီးရီးယားနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စဉ်သေဆုံးခဲ့သည်။ အစ်ကိုသေဆုံးခဲ့သော်လည်း ညီနောင်နှစ်ဦးက ယင်းအကြမ်း ဖက်သမားများအား ငွေကြေး ထောက်ပံ့ပေးလျက်ရှိသည်။

စပိန်နိုင်ငံသည် လွန်ခဲ့သောနှစ်ကစပြီး ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ စစ်သွေးကြွများအတွက် စီးပွားရေးအချက်အချာကျသော နေရာတစ်ခုဖြစ်လာခဲ့သည်။ နိုင်ငံအတွင်းရှိ တယ်လီဖုန်းစင်တာ ကွန်ရက် ၂၅၀ ရှိသည့်အပြင် စတိုးဆိုင်များနှင့် စားသောက်ဆိုင်များတွင် အယ်လ်ခိုင်ဒါ၊ အိုင်အက်စ်အဖွဲ့များစသည့် အကြမ်းဖက်အဖွဲ့အစည်းများသို့ အလွယ်တကူ ငွေကြေးများပေးပို့နိုင်ကြောင်း စပိန်သတင်းစာ အယ်ပိုင်စ်က ရေးသားဖော်ပြထားသည်။ **ဆင်ဟွာ။**

ပင်လယ်ရေကြောင်း ကင်းထောက်လေယာဉ်လေးစင်းဝယ်ယူရေး ကန်ထရိုက်စာချုပ် အိန္ဒိယလက်မှတ်ရေးထိုး

နယူးဒေလီ ဇူလိုင် ၂၇

အမေရိကန်ဘိုးရင်းကုမ္ပဏီထံမှ ပင်လယ်ရေကြောင်းကင်းထောက်လေယာဉ်လေးစင်း ဝယ်ယူရေးဆိုင်ရာ ကန်ထရိုက်စာချုပ်ကို အိန္ဒိယနိုင်ငံက ဇူလိုင် ၂၇ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏စစ်ရေလှေပ်ရှားမှု ရှိ၊ မရှိ စောင့်ကြည့်နိုင်စေရေးအတွက် အိန္ဒိယရေတပ်ကကြိုးပမ်းလျက်ရှိချိန်တွင် ဘိုးရင်းကုမ္ပဏီလုပ် ပင်လယ်ရေကြောင်းကင်းထောက်လေယာဉ်လေးစင်းကို ဝယ်ယူရန် စီစဉ်ခြင်းဖြစ်သည်။ ဝယ်ယူမည့် ကင်းထောက်လေယာဉ်လေးစင်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာတစ်ဘီလီယံရှိသည်။

အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်း ရေငုပ်သင်္ဘောများ၏သွားလာလှုပ်ရှားမှုများကို လေ့လာစောင့်ကြည့်နိုင်ရန် ပီ-၈၁ အမျိုးအစား တာဝေးပျံလေယာဉ်ရှစ်စင်းကို ဖြန့်ကြက်ထားပြီးဖြစ်သည်။

ရိုက်တာ။

တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ် မဟာတံတိုင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်မည်

ပေကျင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံ၏ သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဂရိတ်ဝေါ မဟာတံတိုင်းကြီးသည် တစ်စတစ်စ ယိုယွင်းပျက်စီးလျက်ရှိသဖြင့် ယင်းတံတိုင်းကြီးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အစီအစဉ်တစ်ရပ်ကို စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မဟာတံတိုင်းကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်ကို နိုင်ငံတော်ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲရေးဌာနက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် စည်ပင်သာယာအဖွဲ့၏ အုပ်ချုပ်ရေးနယ်မြေများရှိ အာဏာပိုင်များသည် မဟာတံတိုင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ပုံမှန်စစ်ဆေးမှုများနှင့် ရှောင်တခင်စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

ဘီစီ သုံးရာစုမှ မင်မင်းဆက် (၁၃၆၈-၁၆၄၄) ကာလအထိ တည်ဆောက်ခဲ့ရသော မဟာတံတိုင်းကြီးကို ပျက်စီးစေနိုင်သော လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အများပြည်သူတို့က သတင်းပို့တိုင်ကြားနိုင်သော စနစ်တစ်ခုကို အကောင်အထည်ဖော်မည် ဖြစ်သည်။

ဒေသဆိုင်ရာ အာဏာပိုင်များက ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်စေရာမှ မဟာတံတိုင်းကြီး ပျက်စီးရသည့် အခြေအနေများ ဖြစ်ပေါ်နေရပြီး ဒေသခံရွာသူရွာသားအချို့မှာ အဆောက်အအုံသုံး ပစ္စည်းအဖြစ် မဟာတံတိုင်းကြီး၏ အုတ်ချပ်များကို ရယူသုံးစွဲခြင်းလည်း ရှိနေသည်။ ၎င်းအပြင် မဟာတံတိုင်းကြီးအနီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများလုပ်ကိုင်ခြင်းကြောင့် တံတိုင်းအဆောက်အအုံ ပျက်စီးမှုကို ဖြစ်ပေါ်စေကြောင်း၊ လူ့ပယောဂကြောင့် တံတိုင်းကြီး ပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် တံတိုင်းကြီး ပျက်စီးအောင် ပြုမူဆောင်ရွက်သူများကို ရာဇဝတ်မှုဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပီတီအိုင်။

ရဲတပ်ဖွဲ့ဝင်များက ၂၄ နာရီ ကင်းလှည့်စောင့်ကြည့် ထူးခြားဖြစ်စဉ်ရှိက ဖုန်း ၁၉၉ နှင့် ၀၁ -၂၃၂၁၁၉၉ သို့ ဆက်သွယ်နိုင်

ရန်ကုန် ဇူလိုင် ၂၈

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ၂၄ နာရီပတ်လုံး မြို့နယ်များအတွင်း ဒုစရိုက်မှုကင်းစင်စေရန် ကင်းလှည့်စောင့်ကြည့်လျက်ရှိကြောင်း၊ မှုခင်းကျဆင်းရေးဆောင်ရွက်ရာတွင် ပြည်သူများကလည်း ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ကူညီပေးကြစေလိုကြောင်း ဇူလိုင် ၂၄ ရက် ည ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးရဲဂိုက်အင်းဝလမ်း ဓမ္မာရုံ၌ ပြုလုပ်သည့် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဟောပြောပွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက ပြောသည်။

"ဒီနေ့ နေရာတချို့မှာ ဖြစ်ပေါ်နေတဲ့ ဆိုင်ကယ်စီးဒုစရိုက်သမားတွေရဲ့ လုယက်မှုတွေမဖြစ်အောင် မြို့နယ်ရဲတပ်ဖွဲ့ဝင်တွေက နေ့ရောညပါ ကင်းလှည့်ဆောင်ရွက်နေပါတယ်။ ညဘက်မှာ ယာဉ်စစ်တွေလုပ်တယ်။ ဆိုင်ကယ်တွေ ရှာတယ်။ စည်းကမ်းပျက်ဆိုင်ကယ်တွေကို ဖမ်းဆီးအရေးယူဆောင်ရွက်တာတွေ လုပ်တယ်။ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်တဲ့အခါမှာ မှုခင်းတွေ မဖြစ်ပွားအောင် ပြည်သူတွေက ဝိုင်းဝန်းပူးပေါင်းကူညီပေးကြပါ" ဟု ၎င်းက ပြောသည်။

အဆိုပါ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အသိ ပညာပေးဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ ၁၅၀ ခန့်တက်ရောက်ခဲ့ပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း၊ မှုခင်းဆိုင်ရာအသိပညာပေးမှုများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် ခဲ့ထီလောင်းကစားကိစ္စများ၊ တရားမဝင် လောင်းကစားဒိုင်များနှင့် တရားမဝင်ရောင်းချသည့် အရက်ဆိုင်များ၊ မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်ရန် မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများရှိပါကလည်း ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့ဝင်များကို သတင်းပေးတိုင်ကြားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်အတွင်း ထူးခြားဖြစ်စဉ်များ၊ မသင်္ကာဖွယ်ရာ ကိစ္စရပ်များတွေ့ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သတင်းပေး တိုင်ကြားနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးတိုင်းတပ်ဖွဲ့မှူးရုံးတွင် Call Center ဖွင့်လှစ်ထားပြီး အရေးပေါ်ခေါ်ဆိုနိုင်သည့် ဖုန်း-၁၉၉ နှင့် ၀၁-၂၃၂၁၁၉၉ တို့သို့ ဆက်သွယ်သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

(သီသီမင်း)

အကပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုနဲ့ အခြားဆုတွေရခဲ့ဖူးတဲ့ ယွန်းကိုကိုဟန်

အခုလတ်တလောအနုပညာလှုပ်ရှားမှုကို ပြောပြပေးပါ။

လတ်တလောအနုပညာလှုပ်ရှားမှုကတော့ MTV ရိုက်နေပါတယ်။ ရှိုးပွဲတွေလည်းလျှောက်ဖြစ်တယ်။ မဂ္ဂဇင်းမျက်နှာဖုံးတွေ ရိုက်ဖြစ်ပါတယ်။ ညီမအနေနဲ့လတ်တလော ပါဝင်ကူညီသရုပ်ဆောင်ထားတာက ကိုဟိန်းဝေယံ၊ နန်းဆုဦး၊ ထူးခြားတို့ပါတဲ့ အချစ်၏ဘေးထွက်ဆိုးကျိုးများဆိုတဲ့ ဇာတ်ကားလေးပေါ့။ နောက်ပိုင်းမှာတော့ ဇာတ်လမ်းတွဲတွေ ရိုက်ဖို့ရှိပါတယ်။ ရုပ်သံဇာတ်လမ်းတွဲတွေမှာလည်း ပါဝင်သရုပ်ဆောင်ဖို့ ရှိပါတယ်။

ညီမရဲ့ အနုပညာအတွေ့အကြုံကိုလည်း ပြောပြပေးပါ။

ညီမ အနုပညာလောကထဲ စဝင်ဖြစ်တာက ရှိုးပွဲတွေဝင်လျှောက်ရင်းစခဲ့တာပါ။ ရှိုးပွဲစလျှောက်တော့ သိပ်အဆင်မပြေဘူး။ ကိုယ်နေဟန် အနေအထား မတတ်သေးဘူး။ နောက် ဒေါက်ဖိနပ်တွေလည်းသိပ်မနိုင်ဘူး။ အဲဒီလိုအခက်အခဲလေးတွေရှိခဲ့တယ်။ ဓာတ်ပုံရိုက်တဲ့နေရာမှာ မျက်လုံးအကြည့်တို့ ဇာတ်လမ်းတွဲတွေမှာလည်း စကားပြောတွေက အသက် မပါဘဲ တောင့်တောင့်ကြီးဖြစ်နေတာမျိုးတွေ အများကြီးအဆင်မပြေတာလေးတွေရှိခဲ့ပါတယ်။ အဲဒီလိုအခက်အခဲတွေကို ညီမ ကြိုးစားဖြတ်ကျော်ရင်းနဲ့ တဖြည်းဖြည်း အဆင်ပြေလာပါပြီ။ အနုပညာလောကထဲ ရောက်လာတာ နှစ်နှစ်လောက်ရှိပါပြီ။

ငယ်ဘဝဖြတ်သန်းမှုနဲ့ မိသားစုအကြောင်းလေး ပြောပြပေးပါဦး။

ငယ်ငယ်က ဆိုက၊ရေးတီးပြိုင်ပွဲတွေ ဝင်ပြိုင်ဖြစ်ခဲ့ပါတယ်။ ညီမက အထက (၂) မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယ လှသောင်းကျောင်းမှာ မူလတန်းကနေဆယ်တန်းအထိ တက်ခဲ့တယ်။ တက္ကသိုလ်ကတော့ မန္တလေးမြို့ ရတနာပုံတက္ကသိုလ်မှာ ပထဝီဘာသာရပ်နဲ့ တက်ခဲ့ပါတယ်။ ပြီးတော့မှရန်ကုန်ကို ပြန်လာပြီးတော့ အနုပညာ စလုပ်ဖြစ်တယ်။ ညီမမိဘတွေက ရန်ကုန်လေဆိပ်က ဝန်ထမ်းအိမ်ရာမှာနေပါတယ်။ အဖေက လေဆိပ်မြို့ပြအင်ဂျင်နီယာဌာနကပါ။ ညီအစ်မ သုံးယောက်ရှိတယ်။ အငယ်ဆုံးကငယ်သေးတယ်။ နောက်တစ်ယောက်ကတော့ အကတို့၊ အဆိုတို့ကို ဝါသနာပါတယ်။

အနုပညာလောကထဲမှာ အမှတ်တရဖြစ်ခဲ့တဲ့ အကြောင်းအရာတွေရှိရင်လည်း ပြောပြပေးပါဦး။

အမှတ်တရကတော့ နယ်တွေသွားတာပေါ့နော်။ နယ်တွေမှာ ရိုက်ကူးရေးလုပ်ရင်း သွေးတွေထွက်ပြီး နှာခေါင်းသွေး လျှံတယ်။ သွေးတွေ မြင်တော့ ကြောက်ပြီးငိုတယ်။ ငယ်ငယ်က ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲမှာ အကဝင်ပြိုင်တော့ ပထမဆုမရမှာ အရမ်းစိုးရိမ်ခဲ့တာမျိုးပေါ့။ ဆုရခဲ့တော့လည်း အလွန်ပျော်ရွှင်ခဲ့ရတဲ့ အချိန်တွေက အမှတ်တရဖြစ်ခဲ့ပါတယ်။ အကပြိုင်ပွဲမှာ ရွှေတံဆိပ် နှစ်ဆု၊ ငွေတံဆိပ် တစ်ဆု၊ ကြေးတံဆိပ် သုံးဆု ရခဲ့ပါတယ်။ အကကို ညီမ ငယ်ငယ်ကပဲ လုပ်ဖြစ်တာပေါ့။ ခုတော့မလုပ်ဖြစ်တော့ဘူး။ ညီမရဲ့ အကလက်ဦးဆရာက ဆရာမ ဒေါ်အေးအေးမြင့်ပါ။ ညီမတို့ မိသားစုအသိုင်းအဝိုင်းထဲမှာ အငြိမ့်ကနေတဲ့ မင်းသမီးတစ်ယောက်ရှိတယ်။ အစ်မဝမ်းကွဲပါ။ သူကလည်း အနုပညာကျောင်းကပဲဆိုတော့ သူ့ဆီမှာ သင်ဖြစ်ပါတယ်။ ဦးလေးကလည်း ယဉ်ကျေးမှုကဆိုတော့ ဦးလေးဆီမှာလည်းသင်ခဲ့ပါတယ်။

ညီမရဲ့ အနုပညာရည်မှန်းချက်ကရော။

ညီမအနေနဲ့ကတော့ အနုပညာအလုပ်တွေ လုပ်နေရရင်ပျော်တယ်။ ဆက်ပြီးလည်း အနုပညာအလုပ်တွေကို ကြိုးစားလုပ်ဆောင်သွားမယ်။ နေရာလေးတစ်ခုရအောင် ကြိုးစားချင်ပါတယ်။ ဇာတ်လမ်းတွဲနဲ့ ရုပ်ရှင်ဇာတ်ကားတွေရိုက်ဖို့လည်းရှိပါတယ်။

အနုပညာနဲ့ပတ်သက်ပြီး ဘယ်လိုခံယူထားလဲ။

ညီမရဲ့ခံယူချက်ကတော့ ကိုယ့်အရည်အချင်းနဲ့ ကြိုးစားရင် နေရာတစ်ခုရမယ်လို့ ခံယူထားတယ်။ ယုံကြည်ထားပါတယ်။

အလှအပနဲ့ အရေပြားကို ဘယ်လိုထိန်းသိမ်းဖြစ်လဲ။

ညီမတို့အလုပ်ကသာမန်လူတွေထက် အလှအပက ပိုပြီးအရေးပါတယ်လို့ထင်ပါတယ်။ Skin Care ဆိုရင်လည်း ပိုပြီးထိန်းရတယ်။ ညီမဆိုရင် Skin Care များများသုံးရတယ်။ ညီမရဲ့မျက်နှာက သူများနဲ့ မတူဘူး။ အရေပြားကပါးတဲ့အတွက်ကြောင့် နေပူထိရင် မျက်နှာက ပိုမည်းတယ်။ အဲဒါကြောင့် Lotion ရော၊ အသားဖြူမယ့် Skin Care တွေပါရောပြီးသုံးပါတယ်။

ကျန်းမာရေးရဲ့ အရေးပါမှုကိုလည်း ပြောပြပေးပါဦး။

ကျန်းမာရေးနဲ့ပတ်သက်ရင်တော့ လူတစ်ယောက်က မိုးလင်းရင် ရေများများသောက်သင့်တယ်။ နောက် လေ့ကျင့်ခန်းတစ်ခုခုလုပ်တာတို့ လူတစ်ယောက်က အများကြီးလေ့ကျင့်ခန်းလုပ်ရင်လည်း မကောင်းဘူး။ ပုံမှန်တော့ လုပ်သင့်ပါတယ်။ အစားကိုအချိန်မှန်စားတာ၊ ညနေပိုင်း ကိုယ်ကာယကစားတဲ့သူဆိုရင် ခန္ဓာကိုယ်အဆီပိုမတက်ဘူး။ ညပိုင်းအိပ်ရင်လည်း စောစောအိပ်တာတို့က ခန္ဓာကိုယ်ကျန်းမာရေးကို အထောက်အကူဖြစ်ပါတယ်။ အဓိကက ရေများများသောက်တာလည်း ကျန်းမာရေးအတွက် အများကြီး အထောက်အကူဖြစ်တယ်လို့ ထင်ပါတယ်။

ညီမ အနှစ်သက်ဆုံး အစားအစာ၊ အရောင်နဲ့ အသုံးအဆောင်ပစ္စည်းတွေက ဘာတွေဖြစ်မလဲ။

ညီမအနှစ်သက်ဆုံး အစားအစာကတော့ ဝက်အူချောင်း၊ ကြက်အူချောင်းတို့ကို ပိုကြိုက်တယ်။ ကြိုက်တဲ့ အရောင်ကတော့ ပန်းရောင်ပါ။ အိမ်မှာဆို လည်း အခန်းထဲမှာ ပန်းရောင်အပြည့်၊ ပန်းတွေကအစ ဆင်ထားပါတယ်။ အရမ်းကြိုက်တဲ့ အရောင် ပါ။ အသုံးအဆောင်ပစ္စည်းတွေကတော့ Chanel၊ Armani Gucci၊ My Burberry၊ Juicy Couture၊ Dany အမှတ်တံဆိပ် ရေမွှေးနဲ့ဖိနပ်တွေကို အရမ်းနှစ်သက်တော့ ဝယ်ဖြစ်တာများတယ်။ ဖုန်းဟန်းစက်ကတော့ i Phone သုံး ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ စကားလက်ဆောင်ကရော။

ညီမကိုအားပေးတဲ့ ပရိသတ်တွေကို အရမ်းကျေးဇူးတင်ပါတယ်။ အားပေးတဲ့အတွက်လည်း ဆက်ပြီးကြိုးစားနေပါတယ်လို့ ပြောချင်ပါတယ်။

မင်းလှသား

ပေါင် ၇၆ သန်းဖြင့် ဂျူဗင်တပ်သို့ ဟီဂူအင် ပြောင်းရွှေ့ အပြောင်းအရွှေ့ဈေးကွက်တွင် တတိယမြောက်ဈေးအကြီးဆုံးကစားသမားဖြစ်လာ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် နာပိုလီအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်အား ပြောင်းရွှေ့ကြေးပေါင် ၇၆ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟီဂူအင်သည် ဂျူဗင်တပ်အသင်းနှင့် ၈ဒေါ်လာသက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဟီဂူအင်သည် ကမ္ဘာ့ဘောလုံးသမိုင်းတွင် တတိယမြောက်ဈေးအကြီးဆုံး ကစားသမားလည်းဖြစ်လာခဲ့သည်။

ဟီဂူအင်သည် ၂၀၁၃ ခုနှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၄ ဒသမ ၅ သန်းဖြင့် နာပိုလီအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဟီဂူအင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နာပိုလီအသင်းနှင့်အတူ သွင်းဂိုး ၃၆ ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် အီတလီစီးရီးအေ၏ ရွှေဖိနပ်ဆုရှင်ဖြစ်လာခဲ့ပြီး စီးရီးအေတစ်ရာသီအတွင်း သွင်းဂိုး ၃၀ ကျော် သွင်းယူနိုင်ခဲ့သည့် ၂၁ ရာစု၏ ဒုတိယမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။

၂၁ ရာစု၏ သွင်းဂိုး ၃၀ ကျော်သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားမှာ လူကာတိုနီဖြစ်ပြီး ၂၀၀၅-၂၀၀၆ ဘောလုံးရာသီက ဖိအိုရင်တီးနားအသင်းနှင့်အတူ သွင်းဂိုး ၃၁ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။တိုက်စစ်မှူး ဟီဂူအင်သည် တစ်နှစ်လျှင်အခွန်ပေးဆောင်ပြီး ဝင်ငွေအားဖြင့် ပေါင် ၆ ဒသမ ၃ သန်း ရရှိမည်ဖြစ်သည်။

ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့သွားခဲ့သည့် ကစားသမားများကို ပြန်ကြည့်မည်ဆိုပါက တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ၂၀၁၃ ခုနှစ်အတွင်းက စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၈၆ သန်းဖြင့်လည်းကောင်း၊ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ၂၀၀၉ ခုနှစ်အတွင်းက မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၈၀ ဖြင့်လည်းကောင်း၊ တိုက်စစ်မှူး နေမာသည် ၂၀၁၃ ခုနှစ်အတွင်းက ဆန်းတို့စ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၇၁ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ တိုက်စစ်မှူး ဆွာရက်ဇ်သည် ၂၀၁၄ ခုနှစ်အတွင်းက လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်း ဖြင့်လည်းကောင်း၊ တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ၂၀၁၄ ခုနှစ်အတွင်းက မိုနာကိုအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၆၃ သန်းဖြင့်လည်းကောင်း အသီးသီးပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် တိုက်စစ်မှူး ဟီဂူအင်မှာ တတိယမြောက်ဈေးအကြီးဆုံး ကစားသမားလည်းဖြစ်လာခဲ့သည်။

တိုက်စစ်မှူး ဟီဂူအင်၏ ကစားသမားဖြတ်သန်းမှုကိုကြည့်မည်ဆိုပါက ၂၀၀၅-၂၀၀၆ တွင် ရေးဗားပလိတ်အသင်းတွင် ၃၅ ပွဲကစားကာ သွင်းဂိုး ၁၃ ဂိုး၊ ရီးယဲလ်မက်ဒရစ်အသင်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပွဲပေါင်း ၁၄၅ ပွဲကစားကာ သွင်းဂိုး ၆၂ ဂိုးနှင့် နာပိုလီအသင်းတွင် ၂၀၁၃ ခုနှစ်မှ ဂျူဗင်တပ်အသင်းသို့ မပြောင်းရွှေ့မီ အချိန်အထိ ပွဲပေါင်း ၁၄၀ ကစားကာ သွင်းဂိုး ၈၉ ဂိုးအထိသွင်းယူပေးထားနိုင်သည့်ကစားသမားဖြစ်သည်။ အာဂျင်တီးနားလက်ရွေးစင်အသင်းအတွက်မူ ၆၃ ပွဲကစားပေးထားကာ သွင်းဂိုး ၃၀ အထိ သွင်းယူပေးထားနိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် မိုရာတာအား ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ရောင်းချခဲ့ရခြင်းကြောင့် အစားထိုးကစားသမားအဖြစ် ဟီဂူအင်ကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဂျူဗင်တပ်အသင်းသည် ကွင်းလယ်ကစားသမားပေါ့ဘာကိုပါ ထပ်မံဆုံးရှုံးရဖွယ်ရှိနေသည်။ ပေါ့ဘာအား မန်ယူအသင်းက ၂၀၁၆ - ၂၀၁၇ ဘောလုံးရာသီမတိုင်မီကာလအတွင်း ပြောင်းရွှေ့ကြေးပေါင် သန်း ၁၁၀ ပေးချေခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

(ငွေကြေယ်)

ဆန်းဒါးလန်းနောက်ခံလူ ကိုနီကို ခေါ်ယူရန် အဲဗာတန်ကြိုးပမ်း

အဲဗာတန်အသင်းသည် ဆန်းဒါးလန်းဗဟို နောက်တန်းကစားသမား လာမနီကိုနီကို ပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုပြုခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ဖော်ပြသည်။ အဲဗာတန်နည်းပြ ကိုးလ်မန်းသည် ယခုနှစ်နွေဈေးကွက်အတွင်း ပရီမီယာလီဂ်ကစားဟန်နှင့် အံဝင်ပြီးသား နောက်ခံလူတစ်ဦးကို ခေါ်ယူရန် စီစဉ်နေရာ ကိုနီမှာ ကိုးလ်မန်း၏ အဓိက ပစ်မှတ်ကစားသမားတစ်ဦးဖြစ်သည်။ အသက်(၂၇)နှစ်အရွယ် ကိုနီသည် ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက်ကာလတွင် ပြင်သစ်ပထမတန်းကလပ် လောရီးယန့်မှ ဆန်းဒါးလန်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ကောင်းမွန်သော ခြေစွမ်းတစ်ရပ်ကို ပြသနိုင်ခဲ့ရာ အဲဗာတန်အသင်းက ၎င်းအားခေါ်ယူရန် အားထုတ်လာခြင်းဖြစ်သည်။ အဲဗာတန်အသင်းသည် အသင်း၏ အားထားရသော နောက်ခံလူ ဂျွန်စတုန်းကို လက်လွှတ်ရရန် အခြေအနေရှိနေသောကြောင့် နောက်တန်းခံစစ်ကို ကြိုတင်အားဖြည့်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ အဲဗာတန်သည် မူလက နာပိုလီမှ ကူလီဘလီကို ချိတ်ဆက်ခဲ့သော်လည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးကြောင့် ကိုနီဘက်သို့ ဦးလှည့်လာခဲ့ခြင်းဖြစ်သည်။ (မေလဲ့သင်း)

အာဆင်နယ်နောက်ခံလူ မာတီဆက်ကာ ရာသီအစတွင် လွဲချော်မည်

အာဆင်နယ်အသင်း၏ ဗဟိုခံစစ်မှူး မာတီဆက်ကာသည် ဒူးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ၂၀၁၆-၂၀၁၇ ပရီမီယာလီဂ်ရာသီအစ ပွဲစဉ်များတွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

မာတီဆက်ကာသည် ရာသီအကြိုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာတွင် ဒဏ်ရာပြဿနာကြုံခဲ့ခြင်းဖြစ်ပြီး လအနည်းငယ်အထိ အသင်းတွင် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်းနည်းပြအာစင်ဝင်းဂါးက ပြောကြားခဲ့သည်။ မာတီဆက်ကာသည် ၂၀၁၁ ခုနှစ်အတွင်းက အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်းနှင့်အတူ ပရီမီယာလီဂ် ပွဲပေါင်း ၂၄ ပွဲအထိ ပါဝင်ကစားပေးထားသူဖြစ်သည်။

(ငွေကြေယ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ လူမှု/ကယ်ဆယ်ဝန်ကြီးဌာနအသင်း တတိယနေရာရရှိ

နေပြည်တော် ဇူလိုင် ၂၃

အဋ္ဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ပွဲစဉ်တွင် မိနစ် ၉၀ ပြီးဆုံးချိန်ထိ တစ်ဖက် နှစ်ဝိုးစီ သရေကျနေသဖြင့် ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘောလုံးအသင်းက ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းကို ခြောက်ဝိုး-လေးဝိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲပြိုင်ပွဲကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်ဇော်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ဓာတ်ပုံ-အား/ကာ)

ပရီမီယာလီဂ်တွင် ဥပဒေသစ်များ ပြဋ္ဌာန်း

လာမည့် သြဂုတ် ၁၃ ရက်တွင် စတင်မည့် ၂၀၁၆ - ၂၀၁၇ ပရီမီယာလီဂ် ဘောလုံးရာသီအတွက် ဥပဒေသစ်များကို စတင်ပြဋ္ဌာန်းအသက်ဝင်စေမည်တော့ဖြစ်ကြောင်း စကိုင်းစပို့စ် သတင်းဌာနက ဖော်ပြသည်။ အပြည်ပြည်ဆိုင်ရာ ဘောလုံးဘုတ်အဖွဲ့ (IFAB) သည် ၁၈လတာတိုင်ပင်ဆွေးနွေးမှုအပြီးတွင် ကစားပွဲဥပဒေ ၉၅ခုကို ပြင်ဆင်မည်ဟု အတည်ပြု ကြေညာခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်သည့် ဥပဒေအချို့ကို ယူရို-၂၀၁၆ပြိုင်ပွဲတွင်စတင် အသုံးပြုခဲ့ပြီး ဥပဒေသစ်များကြောင့် ယခင်ယှဉ်ပြိုင်ခဲ့သည့် ကစားနည်းပုံစံထက် ပိုမိုလွတ်လပ်စွာ ကစားနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ ဥပမာအားဖြင့် ယခင်က ဘောလုံးစတင်ကန်ချိန်တွင် ပြိုင်ဘက် ၆ရိယာ၏ တစ်ဝက်ကို ဘောလုံးစတင်ပေးပို့ပြီးမှ တိုက်စစ်ဆင်မှုစတင်ခဲ့ရသော်လည်း ယခု ဥပဒေသစ်တွင်မူ မည်သည့်ပုံစံဖြင့်မဆို လွတ်လပ်စွာ ဘောလုံးလမ်းကြောင်းစတင်နိုင်သည်ဟု သတ်မှတ်လိုက်သည်။ ပွဲချိန်အတွင်း ဘောကန်ဖိနပ်ပြောင်းလဲနိုင်ခြင်းနှင့် အတွင်းအင်္ကျီ အရောင်ဝတ်ဆင်ခြင်းစသည့် ကစားသမားတစ်ဦး၏ ဝတ်စားဆင်ယင်မှုအပေါ်တွင်ပါ ပိုမိုလွတ်လပ်စွာရွေးချယ်ခွင့် ရှိလာမည်ဖြစ်သည်။

ကစားသမားများ၏ လက်ခံနိုင်စရာမရှိသည့် အပြုအမူဆိုးများအတွက် ပြင်းပြင်းထန်ထန် အရေးယူရာ၌ အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်) တာဝန်ရှိသူများအနေဖြင့် ဒိုင်များဘက်မှ ခိုင်မာစွာရပ်တည်ပေးမည်ဟုလည်း ပူးတွဲကြေညာချက်တစ်စောင် ထုတ်ခဲ့သည်။

ဒိုင်များကို မလေးစားသည့် ကစားသမား၏ အပြုအမူအတွက် အဝါကတ်ပြား သတိပေးနိုင်ပြီး အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာစကားဖြင့် ပြောဆိုသည့် ညစ်ညမ်းစကား(သို့မဟုတ်) ကြမ်းတမ်းသည့် ကိုယ်အမူအရာများအတွက် တိုက်ရိုက်အနီကတ်ဖြင့်ပင် ထုတ်ပယ်နိုင်ကြောင်း သိရသည်။ ယခုပြင်ဆင်လိုက်သည့် ဥပဒေသစ်များကြောင့် ကစားသမားများ၏ အပြုအမူဆိုးများကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မည်ဖြစ်သည်။

(မေလဲ့သင်း)

အိုလံပစ်ပြိုင်ပွဲ လွဲချော်တော့မည့် ရိုဂျာပက်ဒ်ရာ

ဆွစ်တင်းနစ်ကစားသမား ရိုဂျာဖက်ဒ်ရာမှာ ဒူးဒဏ်ရာကြောင့် လာမည့် သြဂုတ်တွင်စတင်မည့် အိုလံပစ် ပြိုင်ပွဲကို လွဲချော်တော့မည်ဖြစ်သည့်အပြင် လက်ကျန်တစ်ရာသီလုံး အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။ အသက်(၃၄)နှစ်အရွယ်ရှိ ဖက်ဒ်ရာက သူ့အနေဖြင့် ကြံ့ခိုင်မှုကောင်းကောင်းရရှိရန် ဆက်လက်အနားယူရန် လိုအပ်နေသေးကြောင်းဆိုသည်။ ဖက်ဒ်ရာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီတွင် ဒူးဒဏ်ရာ ခွဲစိတ်မှုခံယူပြီးနောက် မေလကလည်း နောက်ကျောဒဏ်ရာကြောင့် ပြင်သစ်အိုးပင်းကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ပေ။ ဖက်ဒ်ရာက ဒဏ်ရာပြဿနာကြောင့် စိတ်ပျက်မိသော်လည်း သူ၏ ပရော်ဖက်ရှင်နယ်အတွေ့အကြုံက စိတ်ဖိစီးမှုကို သက်သာစေခဲ့ကြောင်း ဖေစ်ဘွတ်စ်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ (မေလဲ့သင်း)

ပန်းလှိုင်မြစ်အတွင်း အုပ်စုဖွဲ့လုယက်သူများအား ဖမ်းဆီး

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရန်ကုန်မြစ်နှင့် ပန်းလှိုင်မြစ်ကမ်းတစ်လျှောက်တွင် ရပ်နားထားသည့် ကုန်တင်သင်္ဘောများကို စက်တပ်လှေငယ်များဖြင့် အုပ်စုဖွဲ့တုတ်၊ ဓားများကိုင်ကာ လိုက်လံခြိမ်းခြောက်လုယက်နေသူများအား သက်သေခံပစ္စည်းများနှင့်အတူ ဇူလိုင် ၂၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေအတွင်းရှိ မြစ်ကြောင်းများတစ်လျှောက် တုတ်၊ ဓားများကိုင်ဆောင်ကာ အုပ်စုဖွဲ့ လိုက်လံလုယက်နေသည့် သတင်းအရ လှိုင်သာယာမြို့မရဲစခန်းနှင့် သောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ညအချိန်များတွင် ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်နှင့် လှိုင်မြစ်ကြောင်းတစ်လျှောက်တို့တွင် သတင်းစုံစမ်းခြင်း၊ ကင်းပုန်းဝပ်ခြင်းတို့ကို အဆက်မပြတ် ဆောင်ရွက်ခဲ့သည်။

လှိုင်သာယာမြို့နယ် အပြင်ပဒံကျေးရွာ ဆိပ်ကမ်းသာလမ်း ပန်းလှိုင်မြစ်ကမ်းဘေး ကျူးကျော်ဆောက်လုပ်နေထိုင်သော တဲအိမ်တစ်အိမ်တွင် ခြေကုပ်ယူ၍ စက်တပ်လှေတစ်စင်း အသုံးပြုကာ အမျိုးသားတစ်စုက လိုက်လံလုယက်မှုများ ကျူးလွန်နေသည်ဟု သိရသည်။ ထို့ကြောင့် သောင်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ကိုကို၏ အနီးကပ်ကြီးကြပ်မှုဖြင့် စက်တပ်လှေပေါ်မှ ဆင်းလာသည့် မသက်ဘဖွယ် အမျိုးသားသုံးဦးကို ဝင်ရောက် လုံးထွေးဖမ်းဆီးခဲ့ရာ စိုးကျော်သူ(ခ)ချစ်မင်းသူ၊ ညီညီတို့ နှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ကိုကိုမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

မသက်ဘဖွယ် ဖြစ်သည့် စိုးကျော်သူ(ခ)ချစ်မင်းသူနှင့် ညီညီ(၁၉)နှစ်နဝဒေးလမ်း စက်ဆန်းရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေသူတို့ နှစ်ဦးကို ဖော်ထုတ်ချက်အရ လှိုင်သာယာမြို့နယ် အတွင်းပဒံကျေးရွာ မြအေးကြည်(၁)လမ်းနေ တိမ်းရှောင်နေသောကိုကိုတို့နှင့် ပြစ်မှုပူးပေါင်းကျူးလွန်သူ ဇင်ကိုအား ကြည့်မြင်တိုင်မြို့နယ်တွင် ဆက်လက် ဖမ်းဆီးနိုင်ခဲ့သည်။

သက်သေခံ ပစ္စည်းများအဖြစ် ၎င်းတို့ စီးလာသည့်စက်လှေ၊ အရိုးအသွား နှစ်ပေခွဲခန့်ရှိ ထိပ်ဦးချွန်ဓားအိမ်ပါ ဂုက်ကြီးတောင်ဓား တစ်ချောင်း၊ အရိုးအသွား တစ်ပေ ၁၀ လက်မခန့် ထိပ်ဦးချွန်ဓားအိမ်ပါ ဓားတစ်ချောင်း၊ အရိုး အသွားနှစ်ပေခွဲခန့်ရှိ ကိုင်းခုတ်ဓားတစ်ချောင်း၊ သုံးပေခန့်ရှိ သံပိုက်လုံး တစ်ချောင်း၊ လေးခွလေးလက်နှင့် လောက်စာလုံး ၁၀ လုံး၊ အရှည် ၁၅ ပေ၊ အကျယ် ၎င်းပေ၊ အနက်လေးပေခန့်ရှိ အစိမ်းရောင် KAWA အမျိုးအစား 13.0 HP(အား) အင်ဂျင်တပ် စက်လှေတစ်စင်း၊ SAMSONIC အမျိုးအစားဖြူ/ပြာ ပန်ကာတစ်လုံး၊ စတီးဓာတ်ဘူး တစ်လုံး၊ CANDA -125/CZI အမျိုးအစားဆိုင်ကယ် နှစ်စီး၊ SAMSUNG GT-19082 အမျိုးအစားလက်ကိုင် ဖုန်းတစ်လုံး၊ OPPO Model 1201 အမျိုးအစား ဖုန်းတစ်လုံး၊ Vivo Y-5 အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး၊ OPPO R-7 အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး၊ ၅၀၀၀ ကျပ်တန် ငွေစက္ကူ စုစုပေါင်း အရွက် ၅၀ သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူလေးဦး(**ဝဲပုံ**)တို့ကို လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်းမှ (၀)၆၀၀/၂၀၁၆၊ လက်နက်ပုဒ်မ ၁၉ (က)၊ (ပ) ၆၀၁/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂/၅၄၊ ရွှေပြည်သာမြို့မရဲစခန်း၏ ဆက်စပ်ဖော်ထုတ်နိုင်ချက်အရ (၀)၇၁၉/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂/၁၁၄ အရ အမှုဖွင့်ကာ ကြည့်မြင်တိုင်မြို့နယ်နှင့် ဒလမြို့နယ်အတွင်း လုယက်မှုများ ကျူးလွန်ထားမှုကို ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

မင်းထက်ဝိုင်(လှိုင်သာယာ)

ပင်လယ်အတွင်းမျောပါလာသောပုံးအတွင်းမှ အရက်နံ့ရအရည် သောက်သုံးရာမှ သေဆုံး

ကော့သောင်း ဇူလိုင် ၂၃

ကော့သောင်းမြို့ အရှေ့ဘက် လိပ်ကျွန်းကျေးရွာတွင် ပင်လယ်အတွင်း မျောပါလာသည့် ပုံးအတွင်းမှ အရက်နံ့ရအရည်ကို သောက်သုံးမိရာမှ ရွာသားတချို့ သေဆုံးခဲ့မှု ဇူလိုင် ၂၁ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လိပ်ကျွန်း အရှေ့ဘက် ပင်လယ်ပြင်တွင် ထိန်လင်းအောင်သည် ငါးဖမ်းနေစဉ် ပင်လယ်အတွင်း မျောပါလာသည့် ရှစ်ဂါလန်ဆံ့ စိမ်းပြာရောင်ပုံးတစ်ပုံးကို တွေ့ရှိဆယ်ယူခဲ့ရာ အရက်နံ့ရသော အဖြူရောင်အရည်များ အပြည့်ပါလာသဖြင့် ကျေးရွာသို့ ယူဆောင်လာခဲ့သည်။

အဆိုပါအရည်များကို ရေနှင့်ရောစပ်ပြီး ခွေးကိုတိုက်ရာ ခွေးမှာ ထူးခြားမှုမရှိသဖြင့် အရက်ဆီဟု ထင်မှတ်၍ တစ်ရွာတည်းနေ အောင်ကိုစိုင်းနှင့်အတူ အဆိုပါနေ့ ညပိုင်းတွင် ဘုန်းကြီးကျောင်းလမ်းတွင် သောက်သုံးခဲ့ကြသည်။ အလားတူ နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ကျန်သည့် အရည်အား ဝင်းအောင်၊ ထိန်လင်းအောင်နှင့် စိုးဝင်ဌေးတို့ သုံးဦး ထပ်မံသောက်သုံးခဲ့ရာ ဝင်းအောင်နှင့် ထိန်လင်းအောင်တို့ နှစ်ဦးမှာ ပိုမိုသောက်သုံးခဲ့ကြောင်း၊ ညပိုင်းတွင် ၎င်းတို့နှစ်ဦးသည် အော့အန်သဖြင့် အောင်ဘာတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ထိန်လင်းအောင်မှာ သေဆုံးသွားခဲ့သည်။ ဝင်းအောင်မှာ ကော့သောင်းဆေးရုံတွင် ကုသမှုခံယူစဉ် ထပ်မံသေဆုံးသွားခဲ့သည်။ စိုးဝင်ဌေးမှာ ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ဗိုက်အောင့်လာသဖြင့် ကော့သောင်းဆေးရုံတွင် ကုသလျက်ရှိပြီး အောင်ကိုစိုင်းမှာ အနည်းငယ်သာ သောက်သုံးခဲ့သဖြင့် မူးဝေခြင်းမျှသာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဘားအံ ဇူလိုင် ၂၃

ကရင်ပြည်နယ် ရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့ဖြင့် မူးယစ်ဆေးဝါးသတင်းအရ စုံစမ်းဖော်ထုတ်ရာ မူးယစ်ဆေးသုံးစွဲ၊ ရောင်းဝယ်ဖောက်ကားနေသူများနှင့် အတူ WY စိတ်ကြွဆေးပြားများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် ရဲတပ်ဖွဲ့ ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်အောင်မျိုးကျော် ဦးစီးနယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့၊ မှုခင်းအကူဌာနစုမှ ဒုတိယရဲအုပ် အောင်ကျော်သူဦးစီးအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၂၅ ရက်ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ရေကျော်လမ်းရှိ စောခင်ဦး(၅၄)နှစ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ WY ဆေးပြား ၈၀၀ ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါဆေးပြားများမှာ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် အောင်ရတနာလမ်းနေ ဝင်းမြင့်အေး(ခ)သားကြီး (၃၅)နှစ်လာရောက်အပ်နှံထားသော ဆေးပြားများဖြစ်ပြီး သက်သေများရှေ့ သိမ်းဆည်းကာ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ စောခင်ဦးနှင့် လာရောက်အပ်နှံသူ ဝင်းမြင့်အေး(ခ)သားကြီးတို့နှစ်ဦးအား ဘားအံမြို့မရဲစခန်းက မယ (ပ)၇၂/၂၀၁၆ ဖြင့် အမှုဖွင့်အရေးယူထားသည်။

ထွန်းထွန်းထွေး(ဘားအံ)

ပြင်ဆင်သိမှတ်ပါရန်

၂၂-၇-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ ကော်လံ ၁ တွင် ဖော်ပြပါရှိသည့် **"ဦးအောင်ဝင်းစိုး၏ ဝဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်နှင့် ၎င်း၏ဇနီး ဒေါ်အေးမြတ်ကြူမှာလည်း ရင်ညွန့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ဆေးဝါးကုသမှုခံယူနေစဉ်မှာပင် ဦးအောင်ဝင်းစိုးမှာ ရရှိသော ဒဏ်ရာဖြင့် ဇူလိုင် ၂၁ ရက် နံနက် ၆ နာရီခန့်တွင် သေဆုံးသွားခဲ့သည်"**သတင်းတွင် **"ဦးအောင်ဝင်းစိုးမှာ ထိုးသွင်းဒဏ်ရာ ခုနစ်ချက်၊ မအေးမြတ်ကြူမှာ ထိုးသွင်းဒဏ်ရာ သုံးချက်နှင့် ဦးအောင်ဝင်းစိုးသေဆုံးချိန်မှာ နံနက် ၁ နာရီခွဲ ဖြစ်ကြောင်း"** ဒဏ်ရိုမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲစခန်းမှ ထပ်မံသိရှိရသည်။ **စာရေးသူ**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးတက္ကသိုလ်၊ မကွေး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ အောက်ပါတည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

(က) သိုလှောင်ရုံပြတင်းပေါက်များသံပန်းကာရံခြင်းလုပ်ငန်း

၁။ (၁၇၀၆ sqft) (Iron)

(ခ) ကွန်ကရစ်လမ်းခင်းခြင်း

၁။ အရှည်	-	(၄၉၀၀)ပေ
၂။ အကျယ်	-	(၁၆)ပေ
၃။ ထုထည်	-	၆လက်မ

(ဂ) အုတ်တံတိုင်းကာရံခြင်း

၁။ အရှည်	-	(၂၃၃၀)ပေ
၂။ အမြင့်	-	(၅)ပေ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရန်နေရာ	-	ဆေးတက္ကသိုလ်၊ မကွေး
(ခ) တင်ဒါလျှောက်လွှာစတင်ရယူရမည့်နေ့	-	၂၇-၇-၂၀၁၆ ရက်
(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့	-	၂၆-၈-၂၀၁၆ ရက် ညနေ ၁၆း၀၀နာရီ
(ဃ) တင်ဒါလျှောက်လွှာတန်ဖိုး	-	တစ်စောင်လျှင် (၅၀၀၀/-)ကျပ်

၃။ တင်ဒါစပေါ်ငွေ(Earnest Money)အဖြစ် လုပ်ငန်းတန်ဖိုး၏ (၁%) ရာခိုင်နှုန်းကို ပေးသွင်းရမည်ဖြစ်ပြီး ၎င်းပေးသွင်းထားသော ချေလန်အား တင်ဒါနှင့်အတူ ပူးတွဲတင်ပြရန်

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းနိုင်သည်။

ဆေးတက္ကသိုလ်၊ မကွေး
ဖုန်း(၀၆၃-၂၅၃၂)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်စိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉၈၊ မြေကွက်အမှတ်-၆၂/ကဂ၊ ရေယာ ၀၅သမ၂၀၀ကေ၊ မြေကွက်တည်နေရာအမှတ်-၆၂/ကဂ၊ ပဲခူးကုန်းအနောက်၊ အင်စိန်မြို့နယ်၊ ဒေါ်ခင်သန်း PME ၀၈၄ ၉၈၁ အမည်ပေါက်-B မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေအား အင်းစိန်မြို့နယ် တရားရုံး တရားမကြီးမှုအမှတ်-၁၀၀/၁၄ အရ ကတိပဋိညာဉ်အတိုင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု၏ ၁၀-၂-၂၀၁၅ ရက်စွဲပါ တရားရုံးအမိန့်နှင့် ဒီကရီ၊ တရားဇရပ်မှုအမှတ် ၁၀/၂၀၁၅ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁-၆-၂၀၁၅ ရက်စွဲပါ နေ့စဉ် မှတ်တမ်းအမိန့် ၁၇-၆-၂၀၁၅ ရက် ဘီလစ်ခန့်စာတို့ တင်ပြပြီး ဘီလစ်ခေါ်မိုးမိုးအေး [၁၂/အစခ(နိုင်)၁၂၂၁၈၄၂]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မဟာကျော် အဝေးသင်တက္ကသိုလ်

နိုင်ငံခြားကုန်သွယ်မှုဘဏ်အထက်တန်းအရေး
ရည်ရွယ်မှုနှင်းခြေ ဒုဦးမင်းမှူး၊ ဒုရဲအုပ်၊ ဧရာ/အုပ်
အမှတ်-၃၅၃ရုံးထပ်မဟာဗဟွမ္ဘလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်ဘုရားလမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

အမည်ပြောင်း

ဖြူးမြို့၊ ဘူတာမြောက်ရပ်ကွက်၊ ၂၆ လမ်းတွင် နေထိုင်သော ဦးညွန့်ဝေ [၇/ဖမန(နိုင်)၀၈၄၀၁၁]၊ ဒေါ်မဣသမီး ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ အထက အမှတ်(၂) ကျောင်း သတ္တမတန်း(ဂ)တွင် ပညာသင်ကြားနေသော မဒေါင်းမလေးအား ယနေ့မှစ၍ မထက်ရည်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်မ မလဲ့လဲ့ခိုင် [၁၄/ဓနဖ(နိုင်)၀၈၅၈၄၅]ပိုင် ကား EE/5875 ၏ အုံနှာဘုတ်နှင့် ပရိမိယ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၀၁၀၅၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၃၇)၊ မြေကွက် တည် နေရာအမှတ်(၆၃၇)၊ စစ်ကိုင်းလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအုန်းသွင် စီအီး-၀၄၄ ၂၀၁)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးအုန်းသွင်)ကွယ်လွန်သဖြင့် ဒေါ်ရင်ရင်မြင့[၁/ဥကတ(နိုင်)၀၈၀၃၆၈]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်ဖူးပွင့်အောင်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၆၀၁၂/၂၇-၅-၁၆ နှင့် သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
နေပြည်တော်

ယူရီးယားဓာတ်မြေသြဇာများ ရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)မှ အိတ်သွတ်ပြီး ယူရီးယားဓာတ်မြေသြဇာ (၂၀၀၀) တန် (တန်နှစ်ထောင်)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)မှ ၂၀၀၀တန် (တန်နှစ်ထောင်)တို့ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	တင်ဒါပုံစံရောင်းချမည့်ရက်	- ၂၉-၇-၂၀၁၆ရက်
	တင်ဒါပုံစံရောင်းချမည့်နေရာ	- (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။ (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇ (က)၊ သံလျက်စွန်းလမ်း၊ ပိုလိတာထောင်မြို့နယ်၊ ရန်ကုန်မြို့။
၃။	တင်ဒါတင်သွင်းရန်နောက်ဆုံးရက်	- ၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ၁၃း၀၀နာရီ
	အချိန်နှင့်နေရာ	ရုံးအမှတ်(၄၄)၊ နေပြည်တော်
၄။	တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေ့ရက်	- ၃-၈-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)၊
	နှင့်အချိန်	၁၃း၃၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၉၃ သို့ ဖုန်းချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်တွင်းရေးရာ

နတ်တံခါးချောင်းဖြတ် သံပေါင်၊ သံပြားခင်း ကြိုးတံတားဆောက်လုပ်ပြီးစီး

ကလေး၊ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၏ အနောက်မြောက်ကုန်သွယ်လမ်းမဖြစ်သည့် ညောင်ကုန်းနှင့် မင်းလှကျေးရွာအကြားတွင်တည်ရှိသော နတ်တံခါးချောင်းဖြတ် သံကူကွန်ကရစ်တံတားကြီးသည် ယခင်နှစ်က ရေကြီးရေလျှံမှုကြောင့် ချောင်းအတွင်းမျောပါပျက်စီးသွားခဲ့ရာ ယခုနှစ်မိုးတွင်းကာလတွင် အဆိုပါချောင်းဖြတ်ရန်အတွက် ကိုယ့်အားကိုယ်ကိုးဖြင့် စက်သီးကြိုးတပ်ဆင်၍ အန္တရာယ်ကြီးမားစွာနှင့် အလွန်ခက်ခဲစွာဖြင့် ဖြတ်ကူးနေကြရာမှ ယခုအချိန်တွင် သံပေါင်သံပြားခင်းကြိုးတံတား ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ကြီးကြပ်မှု၊ ဆွစ်ဇာလန်နိုင်ငံသားဖြစ်သည့် မစ္စတာတိုနီအယ်လ်ဇွန်ဝိုး၏ လျှပ္ပဒါန်းမှုဖြင့် မင်းလှနှင့် အောင်ရွာကျေးရွာများရှိ ပြည်သူများက ဘိလပ်မြေ ၄၀၀ အိတ်၊ ခဲ့ကျောက်ကျင်း ၆၀၊ ကျောက်ကြီးကျင်း ၆၀ နှင့် သဲနု ကျင်း ၆၀ တို့ကိုပါဝင်ဝိုင်းဝန်းကူညီလျက် အဆိုပါ ချောင်းဖြတ်ကြိုးတံတားကြီးကို အလျားပေ ၂၂၀၊ အကျယ် ၅ ပေဖြင့် အလျှူရှင်ကိုယ်တိုင်က ယင်း၏နည်းပညာများကိုအသုံးပြုလျက် ကိုယ်တိုင်ပါဝင် တည်ဆောက်ပြီး ဇူလိုင် ၂၆ ရက်မှစ၍ ကလေးမြို့အနောက်မြောက်ကုန်သွယ်လမ်းမကြီးသို့ ပြည်သူများ အန္တရာယ်ကင်းစွာ ဖြတ်ကူးမည်ဖြစ်သည်။

အဆိုပါ ကြိုးတံတားတည်ဆောက်ပြီးစီးမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြူ၊ ခရိုင်လမ်းဦးစီးဌာန အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထိုက်၊ ခရိုင်ဆည်မြောင်းဦးစီးမှူး ဦးတင့်လွင်ဦး၊ မြို့နယ် စီမံကိန်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနွယ်တို့က ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းတွင် တံတားဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ချင်းတွင်းသား

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ အမှိုက်သိမ်းယာဉ်များလွှဲပြောင်းပေးအပ်

မုံရွာ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသော အမှိုက်သိမ်းယာဉ်များလွှဲပြောင်းပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စည်ပင်သာယာရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ မြို့နယ်တိုင်းတွင် လိုအပ်လျက်ရှိသော အမှိုက်သိမ်းယာဉ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၄ စီး၊ ၂၀၁၅-၂၀၁۶ ဘဏ္ဍာနှစ်တွင် ၃၄ စီး စုစုပေါင်း ၄၈ စီး ထောက်ပံ့ပေးခဲ့ပါတယ်၊ အခုအစိုးရသစ်လက်ထက် ၂၀၁۶-၂၀၁۷ ဘဏ္ဍာနှစ်တွင် ၂၃ စီးပေးအပ်ခြင်းဖြစ်ပါတယ်။ အခုထောက်ပံ့ပေးတဲ့ အမှိုက်သိမ်းယာဉ်တွေကို ခရိုင်မြို့တွေက မြို့လည်းကြီးတယ်။ လူဦးရေထူထပ်တော့ လက်ရှိ အမှိုက်သိမ်းယာဉ်တွေနဲ့မလုံလောက်တဲ့အတွက် ခရိုင်မြို့ကြီးတွေမှာဦးစားပေးထောက်ပံ့ပေးတာပါ။ အမှိုက်သိမ်းယာဉ်တွေကို စနစ်တကျ ကိုင်တွယ်မောင်းနှင်တတ်ဖို့အတွက်လည်း ယာဉ်မောင်းတွေကို သုံးရက်ကြာသင်တန်းဖွင့်လှစ်သင်ကြားပေးထားပြီဖြစ်ပါတယ်။ အခုလိုအမှိုက်သိမ်းယာဉ်တွေ၊ ဝန်ထမ်းတွေ ထပ်မံဖြည့်တင်းပေးနိုင်တဲ့အတွက် မြို့နယ်တွေရဲ့ အမှိုက်သိမ်းစနစ်ပိုမိုကောင်းမွန်စေမှာပါ" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးက ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော အမှိုက်သိမ်းယာဉ် ၂၃ စီးအား မုံရွာမြို့သို့ သုံးစီး၊ ကလေးမြို့သို့ နှစ်စီး၊ စစ်ကိုင်းမြို့သို့ နှစ်စီး၊ ရွှေဘိုမြို့သို့နှစ်စီး၊ ရေဦးမြို့သို့ နှစ်စီး၊ ကန့်ဘလူမြို့သို့နှစ်စီး၊ ကသာမြို့သို့တစ်စီး၊ ကောလင်းမြို့သို့တစ်စီး၊ ထီးချိုင့်မြို့သို့ တစ်စီး၊ ပင်လည်ဘူးမြို့သို့တစ်စီး၊ ဝန်းသိုမြို့သို့ တစ်စီး၊ မြင်းမူမြို့သို့ တစ်စီး၊ တမူးမြို့သို့ တစ်စီး၊ ဆားလင်းကြီးမြို့သို့ တစ်စီး၊ ပုလဲမြို့သို့ တစ်စီး၊ ဝက်လက်မြို့သို့ တစ်စီး ဖြန့်ဝေပေးခြင်းဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၃၇ မြို့နယ်၊ မြို့နယ်ခွဲ ခုနစ်မြို့နယ်သို့စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်း ဝတ်စုံ ၇၄၀ အားပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းဓေ(မုံရွာ)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲ၊ စာဖတ်ဝိုင်း ကွင်းဆင်းဆောင်ရွက်

လင်းခေး ဇူလိုင် ၂၇

ကျောင်းသား၊ ကျောင်းသူများ စာဖတ်လိုစိတ် အလေ့အကျင့် မြင့်မားလာစေရေး၊ အထွေထွေဗဟုသုတများ ရရှိလာစေပြီး စာပေကို အစဉ်တစိုက် လေ့လာလိုစိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူငယ်အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိသက်ခိုင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ဝိုင်းပြုလုပ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ဆေးလိပ်နှင့် ကျန်းမာရေး ကြိုက်ရာရွေး၊ အရက်သောက်ခြင်း၊ ကွမ်းစားခြင်းကြောင့် ရရှိလာစေနိုင်မည့် ဆိုးကျိုးများ၊ စာဖတ်သည့် အလေ့အထနှင့် စာပေကို မြတ်နိုးခြင်းအားဖြင့် အသိပညာကြွယ်ဝလာစေနိုင်မည့် ပညာပေးနံရံကပ်စာစောင်များ၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော် တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းလှုပ်ရှားဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ ရှောင်လေးဝေး မူးယစ်ဆေး၊ စာပေမြင့်မှ လူမျိုးတင့်မည် ဟူသည့် ဆောင်းပါးပန်းချီ၊ ကာတွန်းများ၊ သုတ၊ ရသ စာပေမျိုးစုံ စာအုပ်များကို ကျောင်းခန်းမအတွင်း၌ ခင်းကျင်းပြသပေးထား၍ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ဝိုင်း ပြုလုပ်ပေးခဲ့သည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို ခရိုင်ပြည်သူ့စာကြည့်တိုက် အသင်းဝင်ကတ်ပြားများ ပြုလုပ်ပေးခြင်း၊ စာအုပ်များ ငှားရမ်းပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။ ယင်းနေ့တွင် အ-ထ-က (လင်းခေး)မှ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၂၁ ဦးတို့အား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တစ်တန်းချင်းစီ ကြည့်ရှုလေ့လာဌားရမ်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဝန်မြစ်ရေကြီးမြင့်လာခြင်းကြောင့် မြစ်ကမ်းနားများတိုက်စားခြင်းမှ ကာကွယ်ရန် သဲအိတ်၊ မြေအိတ်များ ကာရံ

သာပေါင်း ဇူလိုင် ၂၇

သာပေါင်းမြို့နယ်အတွင်း သဘာဝဘေးရေကြီးနစ်မြုပ်ချိန် မြစ်ကမ်းနားများကို ရေတိုက်စားခြင်းကြောင့် မြစ်ကမ်းပါးနံရံများပြိုကျပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်တားဆီးနိုင်ရန်အတွက် ဝါးတိုင်များမြေသားစိုက်ထူကာရံခြင်းအပြင် မြေအိတ်၊ သဲအိတ်များ ဆယ်ဖို့ခြင်းများကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက မြစ်ကမ်းပါးတစ်လျှောက် ဆောင်ရွက်နေကြောင်း သိရသည်။

သာပေါင်းမြို့ ရပ်ကွက်(၃)ကမ်းနားလမ်းတစ်လျှောက် မြစ်ကမ်းပါးဆယ်ဖို့ခြင်းလုပ်ဆောင်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစီးမင်းထွဋ် ဦးဆောင်၍ ဝန်ထမ်း ၃၀၊ မြို့မရဲစခန်း ရဲအုပ်ဦးဝင်းနိုင်ဦးနှင့် တပ်သား ခုနစ်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဦးနှင့်တပ်ဖွဲ့ဝင် ခြောက်ဦး၊ ရပ်ကွက် (၃) အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းနှင့် စေတနာရှင် ရပ်ကွက်သူ၊ ရပ်ကွက်သား ၄၃ ဦးတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြေအိတ်၊ သဲအိတ် ၁၁၀၀ တို့ကို မြစ်ကမ်းပါးတစ်လျှောက် ဆယ်ဖို့ပေးခဲ့ကြကြောင်း သိရသည်။

မျိုးဇော်သိန်း (ပြန်/ဆက်)

ကလေးမြို့တွင် ၂၄ နာရီဓာတ်အားအပြည့်အဝရရှိရေးအရှိန်အဟုန်ဖြင့်ဆောင်ရွက်

ကလေး ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် မြို့တွင်းအပါအဝင် အိမ်တိုင်ရာရောက် ၂၄ နာရီလျှပ်စစ်ဓာတ်အားအပြည့်အဝရရှိနိုင်ရန်၊ ရပ်ကွက်အတွင်းဓာတ်အားဆက်လက်ဖြန့်ဖြူးရန် Transformer များနှင့် အိမ်သုံးမီတာဘောက်များကို အရှိန်အဟုန်ဖြင့် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်တွင် ကလေးမြို့ ရပ်ကွက်အတွင်း ၂၄ နာရီလျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်ရေးအတွက် Transformer ရှစ်လုံး တပ်ဆင်ပြီးစီးပြီး ထပ်မံ၍ခြောက်လုံးတပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အပြင်အိမ်သုံးမီတာဘောက်ကိုလည်း အလုံး ၈၀၀ တပ်ဆင်ပြီးစီးခဲ့ပြီး ဆက်လက်တပ်ဆင်ရန် စီစဉ်နေကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးက ပြောသည်။

မဟာလျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများနှင့် ကလေးမြို့တွင်း ၂၄ နာရီ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်ရန် Transformer အကြီးနှစ်လုံးကို ဇူလိုင် ၂၄ ရက် ညနေပိုင်းက ချင်းတွင်းမြစ်ကြောင်းမှတစ်ဆင့် မြစ်သာမြစ်ကို ဆန်တက်ရောက်ရှိလာပြီး နည်းပညာတက္ကသိုလ်အနီးရှိ ကလေးမြို့ မဟာဓာတ်အားခွဲရုံတွင် တပ်ဆင်အသုံးပြုမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အတွက် ၆၆ ကေဗီ ဂန့်ဂေါဓာတ်အားခွဲရုံမှ ၆၆ ကေဗီဓာတ်အားကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၉ ရက် နံနက်တွင် ကလေးမြို့ ဓာတ်အားခွဲရုံများသို့ မဟာဓာတ်အားရောက်ရှိရာ စတင်လက်ခံခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ၁၁ ကေဗီဓာတ်အားလိုင်းများမှတစ်ဆင့် မြို့တွင်း Transformer များသို့ မဟာလျှပ်စစ်ဓာတ်အားကိုဆက်လက်ဖြန့်ဖြူးပို့လွှတ်ခဲ့သည်။

ကျိုးနက်

ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

အင်္ဂပူ ဇူလိုင် ၂၇

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် သက္ကယ်တန်းကျေးရွာအုပ်စု လက္ပါးကုန်းကျေးရွာဓမ္မာရုံ၌ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

ရွှေဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက မိတ်ဆက်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးစသိန်းဆွေတင့်က တရားဥပဒေစိုးမိုးရေးဆိုင်ရာများကိုဟောပြောခဲ့ပြီး ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှဒုဦးစီးမှူး ဦးရန်ချမ်းမာန်က ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့်ထောက်ပံ့ငွေ၊ ဆန်နှင့်ပစ္စည်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ပံ့သည့်ပစ္စည်းများအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးဥက္ကာ၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှဒုဦးစီးမှူး ဦးရန်ချမ်းမာန်နှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ရာ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုဝင်များက လက်ခံရယူခဲ့သည်။

ယင်းနေ့က သက္ကယ်တန်းကျေးရွာအုပ်စု၊ လက္ပါးကုန်းကျေးရွာနှင့် ဘုရားကျွန်းကျေးရွာမှ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စု ၄၆ စုအား တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ယဉ်ကျေးမှုဆိုင်ရာစာတမ်းဖတ်ပွဲ ရေစကြိုမြို့နယ်၌ပြုလုပ်

ရေစကြို ဇူလိုင် ၂၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ရေစကြိုမြို့ စိတ္တသုခ (အ. ထ. က-ခွဲ) ကျောင်း၌ ပြုလုပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားလွင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်က မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များစာတမ်းကို ဖတ်ကြားဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနား ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ အမျိုးသမီးငယ် ကျောင်းသူလေးများ အစဉ်အလာကြီးမားသော မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ထိပါးခြိမ်းခြောက်လာသည့်အန္တရာယ်များအား သတိပြုသိရှိပြီး ကာကွယ်တားဆီးရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ပိုမိုမြတ်နိုးတန်ဖိုးထားကြစေရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လှိုင်းဘွဲ့မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ကျောင်းသား ပြည်သူများ ပူပေါင်း၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆန္ဒဖော်ထုတ်

လှိုင်းဘွဲ့ ဇူလိုင် ၂၇

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၂၅ ရက် ညနေပိုင်း၌ လှိုင်းဘွဲ့မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ကဦးဆောင်၍ မြို့ပေါ်နှင့် ကျေးရွာဒေသနေ ကျောင်းသား၊ ပြည်သူများအပါအဝင် လှိုင်းဘွဲ့မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ BGF နယ်ခြားစောင့်တပ်ဖွဲ့ (ဘားအံမြို့နယ် ကွပ်ကဲရေးနှင့် အကြံပေးအဖွဲ့) မှ ဦးဆောင်ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆန္ဒဖော်ထုတ်ခြင်း လူထုလှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် မူးယစ်ဆေးဝါးဖောင်းပွမှုမှာ ယခင်နှစ်ထက် ပိုမိုများပြားလာခြင်းကြောင့် လူငယ်အများစု၏ အနာဂတ်ထိခိုက်ဖွယ်ရာအခြေအနေများ ရှိနေခြင်းအပေါ် ယခုကဲ့သို့ မူးယစ်ဆန့်ကျင်ရေး လူထုပါဝင်လှုပ်ရှားမှုဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကရင်ပြည်နယ်မှာ လက်နက်ကိုင်ပဋိပက္ခတွေရှိတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေရှိတယ်။ ကရင်ပြည်နယ်ရဲ့ အဓိကစိန်ခေါ်မှုက မူးယစ်ဆေးဝါးနဲ့ လူကုန်ကူးမှုပဲ။ ဒါတွေကို ကျော်လွှားနိုင်ဖို့လိုတယ်။ ဒါတွေကို ထောက်ပြမဲ့သူမရှိဘူး။ ဝေဖန်မယ့်သူမရှိဘူး။ လူငယ်တွေရဲ့အနာဂတ် မထိခိုက်အောင် ကျွန်တော်တို့ အသွေးအသား အသက်နဲ့ရင်းပြီး ကာကွယ်သွားမယ်။ ဒုစရိုက်သမားတွေအပေါ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က မသိကျိုးကျွန်ပြုတာမျိုး လုံးဝ (လုံးဝ) မရှိရပါဘူးဆိုတာ အတိအလင်း ပြည်သူ့ရှေ့မှာ ပြောပါရစေ" ဟု လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးက ပြောသည်။

ကရင်ပြည်နယ်အတွင်း ၂၀၁၆ ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၂၆ ရက်အတွင်း မူးယစ်ဆေးဝါးအမှု ၂၁၇ မှု၊ တရားခံ ၃၅၀ တို့အား တရားစွဲတင်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးမှုနှင့်ပတ်သက်သည့် လက်နက်ခဲယမ်းဖမ်းဆီးရမိမှုမှာ ကာဘိုင်တစ်လက်၊ M-22 တစ်လက်၊ 9MM ပစ္စတိုနှစ်လက်၊ ခြောက်လုံးပြူးတစ်လက်၊ လက်ပစ်ဗုံးငါးလုံးတို့ကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

BGF (နယ်ခြားစောင့်တပ်ဖွဲ့) မှ ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၅ ရက် လှိုင်းဘွဲ့မြို့နယ်၌ ပြုလုပ်သော မူးယစ်ဆေးဝါးဆန့်ကျင်ရေး လူထုဆန္ဒဖော်ထုတ်ပွဲ၌ BGF တပ်နယ်(၄)မှ အတူပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကလည်း ဒီကိစ္စကို ဝိုင်းဝန်းလုပ်ဆောင်သွားဖို့ ပြောပြီးသားပါ။ ကျွန်တော်တို့ တပ်ဖွဲ့အနေနဲ့ ကိုယ့်တာဝန်၊ ကိုယ့်အသိစိတ်နဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ ကျွန်တော်တွေ့ရတာ မူးယစ်ဆေးဝါးမှုတွေ ဖမ်းဆီးရမိတိုင်း ကျောင်းသားတွေမြင်ရတော့ စိတ်မကောင်းဘူး။ အသက်မေးကြည့်တော့ ၁၆ နှစ်၊ ၁၇ နှစ်၊ ၁၈ နှစ် ဝန်းကျင်တွေပဲများပါတယ်။

'ဒါကြောင့် အနာဂတ်ကလေးတွေ ဘဝတိုးတက်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေချင်တယ်" ဟု ဘားအံမြို့နယ် BGF တပ်ဖွဲ့ ကွပ်ကဲရေးအကြံပေးအဖွဲ့က ပြောသည်။

လှိုင်းဘွဲ့မြို့နယ်မှ တက်ရောက်လာကြသည့် ကျောင်းသား ပြည်သူများမှ 'မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဒို့အရေး'၊ 'မူးယစ်ကင်းစင်ပျောက်ရေး ဒို့အရေး'၊ 'မူးယစ်ဆေးဝါး အန္တရာယ် ဒို့ကာကွယ်'၊ 'မူးယစ်ကင်းစင် ဒို့မျိုးရှင်' စသည့်ကြွေးကြော်သံများဖြင့် လှိုင်းဘွဲ့မြို့လယ်အထိ ချီတက်ကာ ဆိုင်းဘုတ်တင်အခမ်းအနားလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

မြင်းမူမြို့နယ်တွင် စားသုံးသူကာကွယ်ပေးရေးအသိပညာပေးဆွေးနွေး

မြင်းမူ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အသိအလိမ္မာ အထွေထွေအကြောင်းအရာများနှင့် ကျောင်းစျေးရောင်းချသူများ လိုက်နာဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်တာဝန်ခံ ဒေါ်သင်းယုန္တယ်က ဟောပြောဆွေးနွေးခြင်း၏ ရည်ရွယ်ချက်များ၊ စားသုံးမှုမှန်ကန်စွာ ရွေးချယ်စားသုံးမှုနှင့် ကလေးငယ်များ ဉာဏ်ပညာပြည့်ဝစေမည့် အကြောင်းအရာများကို ပညာပေးဆွေးနွေးခဲ့သည်။ ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ကေသီအောင်က အစားအစာများ ဝယ်ယူစားသုံးရာတွင် သတိပြုသိထားရမည့် အမှတ်အသား (ဥပမာ မြန်မာစာဖြင့်ရေးသားထားခြင်းရှိ-မရှိ ဆက်သွယ်ရမည့် ဖုံးနံပါတ်၊ ထုတ်လုပ်သည့်မြို့နေရာ၊ ထုတ်လုပ်သည့်ရက်စွဲ ကုန်ဆုံးရက်၊ အစားအစာနှင့်ဆေးဝါးဌာန၏ ထောက်ခံချက်) များအား ကျောင်းသား၊ ကျောင်းသူများသိရှိစေရန်လည်းကောင်း၊ ဒေါ်သင်းသင်းယုက ဆေးလိပ်မီးခိုး ရှုရှိုက်မိခြင်းအန္တရာယ်၊ အချိုရည်များနှင့် အချဉ်ပေါင်းထုပ်များတွင် ဓာတုဆိုးဆေးများပါဝင်သည့်အတွက် အသည်းကင်ဆာဖြစ်ပွားတတ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေး စသည့်ကလေးငယ်များ တွေးခေါ်သိမြင်နိုင်သော အထွေထွေဗဟုသုတများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဟောပြောပွဲများကို ၂၀၁၆-၂၀၁၇ ဒုတိယပတ်တွင်း ကျောင်းများ၊ ရုံးဌာနများသို့ ရှစ်ကြိမ်သွားရောက် ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

အောင်စိုးဖေ(ပြန်/ဆက်)

ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲနိုင်ရန် မြစ်ကြီးနား၌လုပ်ငန်းညှိနှိုင်းစည်းဝေး

မြစ်ကြီးနား ဇူလိုင် ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဝင်းခိုင်ကဌာန၏ ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်များအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ဆက်လက်အကောင်အထည်ဖော်ရန် လျာထားသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးက အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ကျေးရွာအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ မထပ်စေရေးနှင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးရှိသောလုပ်ငန်းများဖြစ်စေရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၄၉၉)

ရှားတောမြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအား ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၂၇

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရှားတောမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၂၅ ရက်နံနက် ၉ နာရီက ရှားတောမြို့ စုပေါင်းရုံးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူတွေ၏ ဘဝအခြေအနေကို သိရှိနိုင်ရန် ပြည်သူတွေဆီအထိ ရောက်အောင်သွားပြီး အမှန်တကယ်လိုအပ်ချက်တွေကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် ရှားတောမြို့နယ်အတွက် အမှန်တကယ် လက်တွေ့အလုပ်ဖြစ်မည့် အကြောင်းအရာများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများက ရှားတောမြို့နယ်အတွင်း လိုအပ်လျက်ရှိသော ရေပေးဝေရေးလုပ်ငန်း၊ လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေစွာ မိုဘိုင်းဖုန်းများအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်များ ဝယ်ယူဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားလိုအပ်ချက်များတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အ. ထ. က(ရှားတော)၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ MPT တာဝါတိုင်တည်ဆောက်နေမှု၊ ရှားတောချောင်းရေလွှဲဆည်နှင့် နတ်စင်ကွန်းရေလွှဲဆည်တို့မှ ရေပေးဝေမှုအခြေအနေ၊ မြို့နယ်အားကစားကွင်း တည်ဆောက်မည့် မြေနေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်(ပြန်/ဆက်)

ခရိုင်အလိုက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မုံရွာ ဇူလိုင် ၂၇

၂၀၁၆ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံကြီးတွင် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲကကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ ပြိုင်ပွဲဝင်အသင်းများ၊ ပိုက်ကျော်ခြင်းဝါသနာရှင်များ တက်ရောက်ကြရာ ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲ ဗိုလ်လုပွဲအဖြစ် ကသာခရိုင်အသင်းနှင့် မုံရွာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကသာခရိုင်အသင်းက အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ပထမဆုရ မုံရွာခရိုင်အသင်း၊ ဒုတိယဆုရ ကလေးခရိုင်အသင်းနှင့် တတိယဆုရ စစ်ကိုင်းခရိုင်အသင်းတို့အား ဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ကလည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲများတွင် ပထမဆုရ စစ်ကိုင်းခရိုင်အသင်း၊ ဒုတိယဆုရ ရွှေဘိုခရိုင်အသင်းနှင့် တတိယဆုရ မုံရွာခရိုင်အသင်းတို့အား ဆုဖလား၊ ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ဂျပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းကလည်းကောင်း အမျိုးသားပိုက်ကျော်ခြင်းခရိုင်အလိုက် ပထမဆုရ မုံရွာခရိုင်အသင်း၊ ဒုတိယဆုရ တမူးခရိုင်အသင်းနှင့် တတိယဆုရ စစ်ကိုင်းခရိုင်အသင်းတို့အား ငွေသားဆု၊ ဆုဖလားများနှင့် တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတို့ကချီးမြှင့်ခဲ့သည်။

၂၀၁၆ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲအား တိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ကန့်ဘလူ၊ ယင်းမာပင်၊ ကလေး၊ တမူး၊ မော်လိုက်နှင့် ခန္တီးခရိုင်တို့မှ အမျိုးသား ၁၀ သင်း၊ အမျိုးသမီးငါးသင်းတို့ဖြင့် ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်ထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မင်းဝေ(မုံရွာ)

ရောဝတီမြစ်ရေမြင့်တက်လာမှုနှင့်အတူ ကမ်းပါးပြိုမှုကြောင့် ညောင်ဦးမြို့နယ် အရှေ့ဆယ်လံ ကျေးရွာနေပြည်သူများ ရေလွတ်ရာသို့ပြောင်းရွှေ့

ညောင်ဦး ဇူလိုင် ၂၇

ညောင်ဦးမြို့၏ ဧရာဝတီမြစ်ရေအခြေအနေသည် ဇူလိုင် ၂၅ ရက်မှစတင်၍ စိုးရိမ်ရေမှတ်ထက် မြင့်တက်လာလျက်ရှိသည်။ ညောင်ဦးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်သည်။ ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ၂၁၃၃ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ရာ စိုးရိမ်ရေမှတ်ထက် ၁၃ စင်တီမီတာ ကျော်လွန်နေပြီဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့ မြစ်ရေမြင့်တက်မှုကြောင့် မြစ်လယ်ကျွန်းရွာတစ်ရွာဖြစ်သည့် အရှေ့ဆယ်လံကျေးရွာရှိ ကမ်းပါးမြေများသည် ရေတိုက်စားမှုကြောင့် ပြိုကျလျက်ရှိရာ ကျေးရွာရှိ လူနေအိမ်အချို့မှာ ဆက်လက် နေထိုင်ရန်အခက်အခဲရှိလာသဖြင့် ဖြိုချဖျက်သိမ်းကာ တစ်ဖက်ကမ်းရှိ ညောင်ဦးမြို့နယ် တောင်ဘီလယ်ယားကျေးရွာရှိ နတ်ထောင့်၊ ကမ္မ၊ မြို့ထောင့်၊ ရတနာမာန်အောင်၊ ရွှေကျောင်း၊ မြသီတာ စသည့် ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းတွင် ယာယီတဲများထိုးကာ နေထိုင်နေရကြောင်း သိရသည်။

"မြစ်ရေမတက်ခင်ကတည်းက ကမ်းပါးတွေကတဖြည်းဖြည်းပြိုကျနေတာ။ အခုရေတက်လာပြီဆိုတော့ အခြေအနေပိုဆိုးပြီးပေါ့။ အခုဆိုရင် ရွာကကမ်းပါးမြေက အိမ်ခြေ ၅၀ စာလောက်ပဲကျန်တော့တယ်။ ရေပြန်ကျရင် ဒီထက်လျော့သွားဖို့ပဲရှိတယ်" ဟု အရှေ့ဆယ်လံကျေးရွာနေပြည်သူတစ်ဦးက ၎င်းတို့၏ အခက်အခဲကို ပြောပြသည်။

အရှေ့ဆယ်လံကျေးရွာသည် အိမ်ထောင်စု ၃၂၀၊ အိမ်ခြေ ၂၅၅ အိမ်၊ လူဦးရေ ၁၃၀၀ ကျော်နေထိုင်သည့် ရေလယ်ကျွန်းရွာဖြစ်သည်။ ကျေးရွာနေပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကျွန်းမြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ ယခုအခါ ရေတိုက်စားမှုကြောင့် ကျွန်းကမ်းပါးမြေမှာ တဖြည်းဖြည်းလျော့နည်းလာကြောင်း သိရသည်။

ယင်းအပြင် ဆယ်လံကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းကိုလည်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် သက်ဆိုင်ရာပညာရေးဌာနသို့ ပြောင်းရွှေ့ခွင့်တင်ကာ ဇူလိုင် ၁၁ ရက်မှစတင်၍ ပြောင်းရွှေ့ခဲ့ရကြောင်း၊ ယင်းကျောင်းတွင် KG အဆင့်မှ ဆဋ္ဌမတန်း အထိ ကျောင်းသား၊ ကျောင်းသူ ၁၃၈ ဦးတို့ ပညာသင်ကြားလျက်ရှိရာ အဆိုပါ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှုမပျက်ကွက်စေရေးအတွက် ပညာရေးဌာန၏ ကြီးကြပ်မှုဖြင့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် ဆရာ၊ ဆရာမ ငါးဦးတို့က ညောင်ဦးမြို့နယ် တောင်ဘီလယ်ယားကျေးရွာ နတ်ထောင့်ဘုန်းတော်ကြီးကျောင်း၌ ယာယီမူလွန်ကျောင်းဖွင့်ကာ ဇူလိုင် ၂၅ ရက်မှစတင်၍ ပြန်လည်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

မီးလောင်ကျွမ်းခံခဲ့ရသော မဟာဝိဟာရစာသင်တိုက် အတွက် ကျောင်းဆောင်သစ် (သုံးထပ်RC) ပြန်လည်တည်ဆောက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

လင်းခေး ဇူလိုင် ၂၇

လင်းခေးမြို့တွင် ဇူလိုင် ၂၃ ရက်က မီးလောင်ပျက်စီးဆုံးရှုံးသွားခဲ့သော မဟာဝိဟာရစာသင်တိုက် (ကျောင်းကြီးကျောင်း) အသစ်ပြန်လည်တည်ဆောက်သွားနိုင်ရေးအတွက် သံယာတော်များ၊ ဒေသအာဏာပိုင်များ၊ မြို့မိမြို့ဖများ၊ တပ်နယ်မျှားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုများ၊ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ လုပ်ငန်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက လင်းခေးမြို့ မဟာမြတ်မုနိဘုရားကျောင်းတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို တက်ရောက်လာသူများအားလုံးက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဦးစွာဖွင့်လှစ်ခဲ့ပြီး လင်းခေးမြို့နယ် ဟိုကွန်ကျောင်းဆရာတော်(မြို့နယ်သံယာ့သြဝါဒစရိယ) နှင့် ဆရာတော် ဘဒ္ဒန္တကောသလ္လတို့က သြဝါဒဂါထာ မြွက်ကြားပေးခဲ့ကြသည်။ ဆက်လက်၍ အခြေခြ (လင်းခေး) စစ်ဗျူဟာအဖွဲ့မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မိုးမင်းသန်း၊ လင်းခေးခရိုင် အုပ်ချုပ်ရေးမှူးဦးစီးမြင့်တို့က အမှာစကားအသီးသီးပြောကြားခဲ့သည်။

ယင်းနောက် လင်းခေးမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်သူက သံယာတော်များ စာသင်ကျောင်းဆောင် အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ကော်မတီအသီးသီးအား ဖွဲ့စည်းတာဝန်ပေးအပ်မှုကို ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်ပြီး မဟာဝိဟာရစာသင်တိုက် ဂေါပကဥက္ကဋ္ဌ ဦးစိုင်းနော်မှိုင်းက ကိစ္စအရပ်ရပ်နှင့်ပတ်သက်သည်များ ဆက်လက်ဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်၍ လင်းခေးမြို့နယ် နားကုန်းကျောင်းတိုက် ဆရာတော်က ဖြည့်စွက်သြဝါဒဂါထာမြွက်ကြားခဲ့သည်။

ယင်းနောက် အဆိုပါစာသင်ကျောင်းဆောင်သစ်ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအပေါ်နှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးထားမှုတို့အား တက်ရောက်လာသူများမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးမှုများ၊ အထွေထွေတင်ပြချက်များ ဖြည့်စွက်ဆွေးနွေးခြင်းပြုလုပ်ခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်း အတည်ပြုဆုံးဖြတ်ချက်အရ အဆိုပါကျောင်းဆောင်သစ်အား အလျားပေ ၁၂၀၊ အနံပေ ၈၀ (RC) သုံးထပ်ကျောင်းဆောင်အဖြစ် အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်းဇော်လတ်(လင်းခေး)**

ပြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်း

ပုလဲ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီခွဲက ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ရန်အောင်က "ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မိုးရာသီမှာ ခြင်ကြောင့်ဖြစ်ပွားတတ်တဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စာသင်ချိန်မှာ သန့်ရှင်းသော လေဝင် လေထွက်ကောင်းမွန်စွာဖြင့် ကျန်းမာကြံ့ခိုင်ရေး၊ ကျောင်းနှင့် ဝန်းကျင် သန့်ရှင်းသာယာလှပရေးကိုရည်ရွယ်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပေးခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာရေးလှပရေးအတွက် ဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်တို့က ကြည့်ရှုအားပေးခဲ့သည်။

ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအနေဖြင့် မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းဖြစ်ပွားမှုလျော့နည်းပပျောက်ရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းစီးရမိရေးနှင့် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိရေး လုပ်ငန်းစဉ်များကို အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

သမ္ဘာရာအင်းလေးကွက်သစ်ကျေးရွာရှိ ပြည်သူများအား မြေဌားဂရန်များပေးအပ်

ကြံခင်း ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်ဖြင့် သမ္ဘာရာအင်းလေးကွက်သစ်ကျေးရွာတွင် ကျေးရွာပြည်သူများအတွက် မြေဌားဂရန်များထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာရှိ ဝိုဏ်းထောက်ဘုန်းတော်ကြီးကျောင်း၌ ပြည်သူများလက်လက်ဝယ်အရောက် မြေဌားဂရန်စာချုပ်များပေးအပ်သည့် အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းကျော်နီက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ဥပဒေ၊ နည်းပဒေများဖြင့် မြေဌားဂရန်များထုတ်ပေးနိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးတို့က သမ္ဘာရာအင်းလေးကွက်သစ်ကျေးရွာမှ မြေဌားဂရန်လျှောက်ထားရာတွင် ဥပဒေ၊ နည်းဥပဒေနှင့်ကိုက်ညီသည့် အိမ်ထောင်စု ၆၉ စုအတွက် မြေဌားဂရန်များကို အိမ်ထောင်ဦးစီးများ၏ လက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ **ကြံခင်း(ပြန်/ဆက်)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့အတွင်း မိုးရာသီတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနက အောင်သီဟလမ်း အောင်ဗေယျရပ်ကွက် နယ်မြေ(စ)မှ အနော်ရထာရပ်ကွက် နဝင်းချောင်းအထိ အလျားပေ ၄၈၀၀၊ အကျယ် ၄ ပေရှိ မြေသားရေနတ်ဖြောင်းသစ်တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက စက်ယန္တရားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။ သတင်းနှင့် ဓာတ်ပုံ-တင်စိုးလွင်(ပြန်/ဆက်)

ယာဉ်အန္တရာယ်ကင်းဝေးစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိစေရေးအတွက် ယာဉ်များအား စစ်ဆေး

ဝက်လက် ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိစေရေးအတွက် ယာဉ်များစစ်ဆေးမှုကို ဇူလိုင် ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းမြင့်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းပူးပေါင်းအဖွဲ့တို့က ဝက်လက်မြို့ အမှတ်(၁) ရပ်ကွက် ဆေးရုံလမ်းဆုံ၌ ကိုယ်ပိုင်ကားများ၊ ထော်လာဂျီများနှင့် ဆိုင်ကယ်အသုံးပြုသူများအား စစ်ဆေးကာ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်နှင့် ယာဉ်များမောင်းနှင်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသော လိုင်စင်များပါရှိရန် ပညာပေးဆွေးနွေးခြင်းနှင့် မော်တော်ယာဉ်မောင်းသူများအား ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

ရောဝတီမြစ်ရေမြင့်တက်နေသဖြင့် သောက်သုံးရေ အဆင်ပြေစေရန် သောက်ရေသန့်များဖြန့်ဝေ

ကသာ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ဧရောဝတီမြစ်ရေ ဝင်ရောက်နေမှုနှင့် ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုပြုလုပ်နိုင်ရေးအတွက် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ကသာမြို့ပေါ်နှင့် ကျေးရွာများတွင် ရေဝင်ရောက်သည့်နေရာဒေသများမှ ပြည်သူများ၏လိုအပ်မှုများကို ဖြည့်ဆည်းပေးရမှုများ၊ မြစ်ရေမြင့်တက်လာပါက ရွှေ့ပြောင်းပေးရမည်များအား ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများ၊ သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေး ပြုလုပ်နိုင်မှုများအား မြို့နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

တက်ရောက်လာသည့် ဌာနဆိုင်ရာများမှလည်း ရေဝင်ရောက်သည့်ကျေးရွာများအနေဖြင့် ကြိုတင်ကာကွယ်မှုပြုလုပ်ထားရှိနိုင်ရေး ဆွေးနွေးခြင်း၊ ရေဝင်ရောက်သည့်ကျေးရွာများတွင်ရေထုညစ်ညမ်းမှုများရှိနိုင်သဖြင့် ရေသန့်များ သောက်သုံးကြရန် ဆွေးနွေးခဲ့သည်။

ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝင်ရောက်သည့် နေရာများသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သောက်သုံးရေအဆင်ပြေစေရေးအတွက် ရေသန့်ဘူးများဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးအဖြစ် ရေဘေးအန္တရာယ်ပညာပေးစာစောင်များ ဖြန့်ဝေပေးနေကြောင်း သိရသည်။ **မြင့်ကေနိုင်(ကသာပြန်/ဆက်)**

စပါးစိုက်ပျိုးရာ၌ လုပ်သားရှားပါး၍ အစေ့ချစိုက်ပျိုးမှုနှင့် ကြဲစားစိုက်ပျိုးမှုများပြားလာ

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူများသည် စပါးစိုက်ပျိုးရာ၌ လယ်ယာလုပ်သား ရှားပါးမှုများကြောင့် အစေ့ချစိုက်ပျိုးမှုနှင့် ကြဲစားစိုက်ပျိုးခြင်းများ ယခင်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

ယခင်နှစ်များတွင် ပုလဲသွယ်စပ်မျိုး စပါးအား GAP စနစ်ဖြင့် စနစ်တကျ ပျိုးထောင် စိုက်ပျိုးခြင်းများကို တောင်သူအများစုက လုပ်ဆောင်ခဲ့ကြရာတွင် စပါးအထွက်နှုန်း ကောင်းမွန်သော်လည်း လုပ်သားနှင့် သွင်းအားစုများကို ပိုမိုအသုံးပြုရသည့်အတွက် ကုန်ကျစရိတ်လည်း ပိုမိုများပြားသလို လုပ်သားရှားပါးသည့်အတွက် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရကြောင်း တောင်သူများက ပြောသည်။

အစေ့ချစိုက်ပျိုးခြင်းနှင့် ကြဲစား စိုက်ပျိုးခြင်းမှာ ကုန်ကျစရိတ်သက်သာသလို အထွက်နှုန်းလည်း နည်းမည်ကိုသိသော်လည်း လုပ်သားရှားပါးမှုကြောင့် လုပ်ဆောင်ကြရခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။ **(ရွှေကုန္ဓိ)**

မီးဘေးသင့်ညောင်ပင်သာကျေးရွာပြည်သူများအား မြေဌားဂရန်များပေးအပ်

မကွေး ဇူလိုင် ၂၇

မကွေးမြို့ ကံသာကြီးကျေးရွာအုပ်စုတွင် မီးဘေးသင့်ခဲ့သော ညောင်ပင်သာကျေးရွာရှိ ကျေးရွာနေပြည်သူများအား မြေဌားဂရန်များ ပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် ညနေ ၃ နာရီက ညောင်ပင်သာကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြေဌားဂရန်များပေးအပ်ပွဲတွင် မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အမှာစကား ပြောကြားရာတွင် "ကျေးရွာမြေများအတွင်း ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်မည့်အစားခိုင်မာသော တရားဝင်အထောက်အထားဖြစ်သည့် ကျေးရွာမြေဌားဂရန် ရရှိထားခြင်းအားဖြင့် ကျေးရွာနေပြည်သူများ ပိုင်ဆိုင်မှု ပိုမိုတိကျလာနိုင်ပြီး နိုင်ငံတော်အနေနှင့်လည်း ရသင့်ရထိုက်သည့်အခွန်ငွေများရရှိမှာဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

ဆက်လက်ပြီး မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မကွေးခရိုင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ညောင်ပင်သာကျေးရွာနေ ပြည်သူ ၉၀ အား မြေဌားဂရန်များ ပေးအပ်ခဲ့သည်။

မကွေးခရိုင်အတွင်းက မြို့များမှာ မြို့ပေါ်မြေများကိုသာ မြေဌားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းများသာရှိခဲ့ပြီး ကျေးရွာများမှာ မြေဌားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း အနည်းငယ်သာရှိပြီး ကျေးရွာနေပြည်သူများ အနေနှင့် မြေဌားဂရန် လက်ဝယ်ရရှိထားခြင်း အားဖြင့် အရောင်းအဝယ်ပြုလုပ်ရာတွင် ခိုင်မာခြင်း၊ ငွေကြေးလိုအပ်၍ ပေါင်နှံလိုပါကလည်း လွယ်ကူစိတ်ချစွာ ပေါင်နှံနိုင်ခြင်း၊ဘိုးဘွားစဉ်ဆက် အမွေဆက်ခံနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမှာဖြစ်၍ ဝမ်းသာကြောင်း ညောင်ပင်သာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ညောင်ပင်သာကျေးရွာတွင် မြေတိုင်းတာခြင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ များကို ရေးကူးပေးခြင်း၊ မြေနယ်နိမိတ် သတ်မှတ်ပေးခြင်းများကို ဇူလိုင် ၇ ရက်မှ ၁၅ ရက်ထိ ဆောင်ရွက်ခဲ့သည်။ **ညီညီမောင်(မကွေး)**

တနိုင်းခချောင်းရေကြီး၍ ရပ်ကွက်၊ကျေးရွာအချို့ရေနစ်မြုပ်

တနိုင်း ဇူလိုင် ၂၇

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဇူလိုင် ၁၉ ရက်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တနိုင်းခချောင်းရေမြင့်တက်လာပြီး ရေကြီးရေလျှံမှုဖြစ်ပွားရာ ပုန်ခုန်းကျွန်းကွက်သစ်၊ ဆင်မ်ဆာ့ရပ်ကွက် အောက်ဂျိုင့်၊ ဂျိုဆာဒီးကျေးရွာနှင့် ရေနံကုန်းကျေးရွာတို့တွင် ရေဘေးသင့် အိမ်ထောင်စု ၈၆ စုနှင့် လူဦးရေ ကျား ၁၄၈ ဦး၊ မ ၁၈၅ ဦးတို့အား ယာယီပြောင်းရွှေ့ နေထိုင်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များနှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး မြို့မဘုန်းကြီးကျောင်းနှင့် ဘာသာရေးကျောင်းတို့တွင် ယာယီနေရာချထား၍ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိသည်။

အဆိုပါဒေသတွင် ဆက်လက်၍ မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိသဖြင့် ချောင်းရေပိုမိုကြီးလာနိုင်ဖွယ်ရှိကြောင်း မြို့နယ်(မိုးဇလ)ထံမှသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အခြေခံမွေးမြူရေးနှင့် အာဟာရဗေဒသင်တန်းဖွင့်

မြဝတီ ဇူလိုင် ၂၇

ကရင်ပြည်နယ် မြဝတီမြို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ကရင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် KNU, KNLA(PC) ထော့မဲပါ စစ်ဗျူဟာ(၃) အထူးဗျူဟာ(၇၇၅) အထူးတပ်ရင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမွေးမြူရေးနှင့် အာဟာရဗေဒသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရေးဦးစွာ ကရင်ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာမြင့်နိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် KNU, KNLA(PC) ထော့မဲပါ စစ်ဗျူဟာ(၃)အထူးဗျူဟာ(၇၇၅) အထူးတပ်ရင်း မွေးမြူရေးစခန်းတာဝန်ခံက ကျေးဇူးတင်စကားပြောကြားသည်။

ယခုလို သင်တန်းဖွင့်လှစ်ခြင်းကို KNU, KNLA(PC) ထော့မဲပါ စစ်ဗျူဟာ(၃) အထူးဗျူဟာမှ တပ်ဖွဲ့ဝင်မိသားစုများ အလုပ်အကိုင်ရရှိစေရန်၊ ဝင်ငွေတိုးတက်စေရန်နှင့် ဒေသခံမိသားစုများ မွေးမြူရေး အသိပညာရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းဝင်းအောင်က ပြောကြားသည်။ သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာသင်ကြားပို့ချခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

မင်းဘူးခရိုင်အတွင်းရှိမြစ်ချောင်းတမံများအတွင်း ငါးသယံဇာတပေါကြွယ်ရေး ငါးမျိုးစိုက်ထည့်

မင်းဘူး ဇူလိုင် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် တမံများအတွင်း ငါးထုတ်လုပ်မှု မြင့်မားလာစေရန်နှင့် သားငါးစားသုံးမှု ဖူလုံစေရန် ရည်ရွယ်၍ ရက် ၁၀၀ စီမံချက်အရ ငါးမျိုးများစိုက်ထည့်ခြင်း လုပ်ငန်းကို ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမောင်ချစ်၏ လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနခရိုင်တာဝန်ခံ ဦးဇော်မြင့်နိုင်၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက မုန်းချောင်း၊ မန်းချောင်းနှင့် အင်းအိုင်များ၊ တမံများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးနေလျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် ပွင့်ဖြူမြို့ ကျောင်းတော်ရာစေတီ ငါးကျွေးဆိပ်တွင် မုန်းချောင်းအတွင်းသို့ ငါးမြစ်ချင်း(ငါးသန်)ကောင်ရေ နှစ်သိန်းခွဲ၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်းတို့အား စုပေါင်း ငါးလွှတ်ပွဲ ကျင်းပခဲ့သည်။

ယင်းနောက် ဇူလိုင် ၂၁ ရက်တွင် စေတုတ္တရာမြို့နယ် မုန်းချောင်းရေလျှောင်တမံအတွင်းသို့ ငါးမြစ်ချင်း အကောင်ရေနှစ်သိန်းနှင့် ပွင့်ဖြူမြို့နယ် ကြီးအုံ-ကြီးဝဘက်စုံ ရေလျှောင်တမံအတွင်းသို့ ငါးမြစ်ချင်းအကောင်ရေ သုံးသိန်းကို စုပေါင်းငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။

ဆက်လက်၍ ဇူလိုင် ၂၄ ရက်တွင် ပွင့်ဖြူမြို့နယ် ဆင်းလူးတမံအတွင်း ငါးသားပေါက်ကောင်ရေ ငါးထောင်နှင့် ကျောက်ဝက်ပေါက်တမံတွင် ငါးသားပေါက်ကောင်ရေ ၁၅၀၀၀ စိုက်ထည့်ပေးခဲ့ကြသည်။

အဆိုပါ ငါးမျိုးများစိုက်ထည့်နိုင်ရန် ငါးသားပေါက်များကို ပွင့်ဖြူမြို့နယ် မြောက်မုန်းမြောင်းမကြီး၏ မြောက်ဘက်ရှိ ရွှေဘို ငါးသားပေါက်စခန်းမှရရှိပြီး ငါးမျိုးများအချိန်မီ စိုက်ထည့်ပေးနိုင်ရန်လည်း ကြိုတင်သားဖောက်စီမံဆောင်ရွက်ထားရကြောင်း သိရသည်။

ငါးမျိုးများ မပြုန်းတီးရေးနှင့် သားငါးကဏ္ဍ ထုတ်လုပ်မှုမကျဆင်းစေရန် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းများ မပြုလုပ်ရေးကို ကြိုတင်ပညာပေး စည်းရုံးဆောင်ရွက်ပြီး ငါးသားပေါက်ချိန်များတွင် တန်းပိုက်များ၊ ငါးထောင်ချောက်များဖြင့် ငါးမဖမ်းဆီးရန် ရေလုပ်သားကြီးများအား ပညာပေး စည်းရုံးဆောင်ရွက်ခဲ့သည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဧရောဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မန်းချောင်း၊ မုန်းချောင်းများအတွင်း ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ ဘက်ထရီရှော့တိုက် ကိရိယာများ၊ တန်းပိုက်များ၊ တုတ်များ၊ ငါးထောင်ချောက်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။ **တင်ထွန်းဦး(မင်းဘူး)**

တံတားဦးမြို့နယ် သဲမောင်းကန်ရွာအနီးတွင် ရန်အောင်မြင်စေတီကို ကြည်ညိုစွာဖူးမြော်နိုင်



တံတားဦး ဇူလိုင် ၂၇

တံတားဦးမြို့နယ်တွင် သမိုင်းဝင်စေတီပုထိုးပေါင်းများစွာကို ဖူးတွေ့နိုင်သည်။ ထိုစေတီများထဲတွင် စည်းခုံစေတီများနှင့် အတူ ပင်းယမြို့ဟောင်းနေရာ၊ အင်းဝမြို့ဟောင်းနေရာများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ပင်းယ နန်းတော်ဟောင်းနေရာ အနီးတစ်ဝိုက်တွင် ထင်ရှားသောသမိုင်းဝင် စေတီများရှိသည်။ ထိုစေတီများမှာ ပင်းယဂူကြီးသုံးလုံး၊ ပင်းယရွှေစည်းခုံ၊ ရတနာမြစည်းခုံတို့ဖြစ်သည်။ ပင်းယရွှေစည်းခုံနှင့် ရတနာမြစည်းခုံတို့မှာ ထူးခြားသော စေတီများပင်ဖြစ်သည်။

ပင်းယရွှေစည်းခုံနှင့် ရတနာမြစည်းခုံ စေတီများနည်းတူ ဥာဏ်တော်မြင့်မားပြီး ကြည်ညိုဖွယ်ဖူးတွေ့နိုင်သော စေတီတစ်ဆူကို တံတားဦးမြို့နယ် သဲမောင်းကန်ရွာ အနီးတွင်တွေ့နိုင်သည်။ ရန်အောင်မြင်စေတီကို အင်းဝဘုရင်မင်းခေါင်ကြီးက တည်ထားခဲ့သည်။ အင်းဝဘုရင်မင်းခေါင်ကြီးသည် ရန်အောင်မြင်အရပ်တွင် စည်းခုံတည်ထားကာ ရန်အောင်မြင်စည်းခုံကြီးဟု တွင်ခဲ့ကြောင်း သိရသည်။ ညောင်ရမ်းခေတ်က တောင်ဖီလာ ပုဂ္ဂိုလ်ကျော်သည် သာလွန်မင်းထံ ပေးပို့သော မေတ္တာစာအရ ရန်အောင်မြင်ဟူသောအမည်သည် အနော်ရထာလက်ထက်က စခဲ့ကြောင်းသိရသည်။

အနော်ရထာမင်းကြီး တရုတ်ပြည်မှ အပြန် သံလျက်ကျွန်း ဘားတမော့အရှေ့တွင် ရန်အောင်မြင်စေတီ တည်ခဲ့သည်။ အင်းဝကူတို့ဆိပ်တွင်လည်း စေတီတော်တစ်ဆူ တည်ခဲ့ကြောင်းသိရသည်။ ထိုသို့သော အထောက်အထားများအရ အနော်ရထာမင်းကြီးက စတင်တည်ခဲ့ခြင်းဖြစ်ပြီး မင်းခေါင်ကြီးက ထပ်မံတည်ခဲ့သူဖြစ်သည်ဟူ၍ဆိုထားသည်။ လက်ရှိကာလတွင် သဲမောင်းကန်အနီးရှိ ရန်အောင်မြင်စေတီတော်ကို ရှေးမူမပျက်ပြန်လည်ပြုပြင်ထားသည့်အတွက် ကြည်ညိုဖွယ်ဖူးမြော်နိုင်သည်။ ဥာဏ်တော်မြင့်မားပြီး စေတီတော်ပေါ် တက်သည့် လှေကားများတွင် သဲကျောက်တုံးများ ဖြင့်ခင်းထားသည်ကို တွေ့မြင်ရသည်။ စေတီတော်အနီးတွင် ရေကန်များ၊ ရေစစ်ကန်များပါ တူးဖော်ထားသည်။ ဘုရားဘေးတွင် ညောင်ပင်စိုက်ပျိုးထားပြီး ညောင်ကိုင်းများကို အုတ်တိုင်များဖြင့် ကုသိုလ်ယူ ကိုင်းထောက်ထားသည်။ ယခုအခါ တံတားဦးမြို့နယ် သဲမောင်းကန်ရွာအနီးရှိ ရန်အောင်မြင်စေတီကို လာရောက်ဖူးမြော်သူ များပြားလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

ဌာနဆိုင်ရာဝန်ထမ်းများအတွက် E-Government သင်တန်းဖွင့်

ရမည်းသင်း ဇူလိုင် ၂၇

ဌာနဆိုင်ရာအဖွဲ့အစည်းများ မိမိဌာနအတွင်းဖြစ်စေ၊ အခြားဌာနများနှင့်ဖြစ်စေ လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့လျင်မြန်စေရန် ရည်ရွယ်၍ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလင်းအိမ်နည်းပညာစင်တာတို့ ပူးပေါင်း၍ E-Government သင်တန်းကို ခရိုင်ပြန်/ဆက်ရုံးခန်းမ၌ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ပို့ချသင်ကြားခဲ့သည်။

ဒီသင်တန်းကို ပို့ချရတဲ့ ရည်ရွယ်ချက်ကတော့ ဌာနဆိုင်ရာ တော်တော်များများမှာ ကွန်ပျူတာ၊လက်(ပ်)တော့တွေ အသုံးပြုနေကြတာဖြစ်တဲ့အတွက် ဌာနတွင်းဖြစ်စေ၊ အခြားဌာနများနှင့် ဖြစ်စေ ဆက်သွယ်ရာတွင်လွယ်ကူချောမွေ့လျင်မြန်စေရေး၊ မိမိတို့ကိုယ်တိုင် Mail Account များဖွင့်တတ်စေရန်နှင့် စာများပေးပို့တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အလင်းအိမ်နည်းပညာစင်တာမှ သင်တန်းနည်းပြ ဦးဇော်မင်းစိုးက ပြောသည်။

"ကျွန်မ ဒီသင်တန်းမတက်ခင်က အင်တာနက်သုံးရင် facebook တို့ Viber တို့လောက်ပဲသုံးပြီး Accoun ဖွင့်ရင်တောင် ဆိုင်မှာ ပိုက်ဆံပေးပြီးဖွင့်ခိုင်းရတယ်။ အခုတော့ Mail Account ကို ကိုယ်တိုင်ဖွင့်တတ်သွားပြီး စာတွေလည်းပို့တတ်သွားပါပြီ။ ကျွန်မက ရုံးမှာ ကွန်ပျူတာစာရိုက်ရတာဆိုတော့ ပိုပြီးအဆင်ပြေသွားတာပါ" ဟု မြို့နယ်ကော်မရှင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းက ပြောသည်။ အဆိုပါသင်တန်းသို့ ရမည်းသင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းစုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့သည်။

နေလင်းအောင်(ပြန်/ဆက်)

အလုံပိတ်စားသောက်ခန်းများ ဆောင်ရွက်မှုအခြေအနေ ပဲခူးမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ပဲခူး ဇူလိုင် ၂၇

ပဲခူးခရိုင်ရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်တွင် လုပ်ငန်းတစ်ခုဖြစ်သည့် မလိုလားအပ်သော မှုခင်းများ ကြိုတင်ကာကွယ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မြို့နယ်အတွင်း အလုံပိတ်စားသောက်ခန်းများ ဆောင်ရွက်မှု အခြေအနေကို ဇူလိုင် ၂၆ ရက် နံနက်က ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပဲခူးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပူးပေါင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ယင်းနေ့က ပဲခူးတက္ကသိုလ်ဝန်းအတွင်းရှိဈေးဆိုင်ခန်း ၂၁ ခန်း၊ ပဲခူးတက္ကသိုလ်ရှေ့ ကြေးသွန်းဘုရားဝန်းအတွင်း ဈေးဆိုင်ခန်း ၂၈ ခန်း၊ ပဲခူးတက္ကသိုလ်ရှေ့ရှိ PTK Donuts Cold & Drink ဆိုင်ခန်းတစ်ခန်း၊ ပဲခူး - ရန်ကုန် ကားလမ်းဘေးရှိ အကယ်ဒမီ 3D CENEMA မြန်မာထမင်းဟင်း၊ ကဖီးနှင့် စားဖွယ်ဆိုင်တစ်ဆိုင် ၊ မဇင်းဆည် လမ်းဘေးရှိ 'ထက်ရတနာ' ကဖီးနှင့် အအေးဆိုင်အား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

ယင်းသို့ စစ်ဆေးရာတွင် ထက်ရတနာ ကဖီးနှင့် အအေးဆိုင်ရှိ ဆိုင်အတွင်း အလုံပိတ်ဆိုင်ခန်း ရှစ်ခန်းတွေ့ရှိရသဖြင့် အဆိုပါ အလုံပိတ်စားသောက်ဆိုင်ခန်းများအား ဖယ်ရှားရှင်းလင်းရန်နှင့် လိုင်စင်မရှိပါက အရက်၊ ဘီယာများ ရောင်းချခွင့်မပြုရန်၊ ခွင့်ပြုချက်မရှိဘဲ ဆက်လက်ရောင်းချခြင်းမပြုရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ညအချိန်မတော်လမ်းဘေးတွင် အရက်ဝိုင်းဖွဲ့သောက်စားနေသည့် လူငယ်များနှင့် အရက်မူးအိပ်ပျော်နေသူများအား အသိပညာပေးခြင်းများ ဆောင်ရွက်၍ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

ကျောက်ဆည် ဇူလိုင် ၂၇

မြို့နယ်အတွင်း မှုခင်းများ လျော့နည်းပျောက်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် နေ့ညမပျက် လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်နေစဉ် ဇူလိုင် ၂၅ ရက် ည ၁ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းဦးဆောင်သည့်အဖွဲ့သည် အေးမြကြည်လင်ရပ်ကွက်၊ မြို့ပတ်လမ်းဘေးတွင် ပြည်သူများ အမြင်မကောင်းအောင်အရက်သေစာဝိုင်းဖွဲ့သောက်စားနေသော လူငယ်တစ်စုအား တွေ့ရှိပြီး နောက်နောင် ယခုကဲ့သို့ ညအချိန်မတော်လမ်းဘေးတွင် အရက်သေစာမသောက်စားကြစေရန်နှင့် မှုခင်းဖြစ်ပွားနိုင်သည်များကို အသိပညာပေးပြောကြားပြီး လူစုခွဲခဲ့ကြောင်း သိရသည်။

ယင်းနောက် လှည့်ကင်းဆက်လက်ဆောင်ရွက်ခဲ့ရာ ဘောဂဝတီရပ်ကွက် ဇော်ဂျိမြစ်ကူးပေါက်တော တံတားပေါ် အရောက်တွင် တံတားပေါ်ဘေးတွင် အရက်မူးပြီး အိပ်ပျော်နေသည့် ကြောင်ပန်းကုန်းကျေးရွာမှ လူငယ်နှစ်ဦးအား ထပ်မံတွေ့ရှိရသဖြင့် ကျေးရွာရှိ ဦးလေးတော်စပ်သော သူများအား ဖုန်းဆက်ခေါ်ပြီး မှုခင်းဖြစ်ပွားနိုင်သည်များကို အသိပညာပေးပြောကြားကာ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

မန်းရွှေစက်တော်တွင် သမိုင်းသုတေသီများလေ့လာနိုင်ရန် ပြတိုက်လိုအပ်

မင်းဘူး ဇူလိုင် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်တွင် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းထားရှိနိုင်ရန်အတွက် ယဉ်ကျေးမှုပြတိုက် အဆောက်အအုံ လိုအပ်လျက်ရှိကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားသည် သမိုင်းမော်ကွန်းတင်ထားရမည့် မြန်မာပြည်၏ ဗုဒ္ဓဘာသာအစနေရာထူးနေရာမြတ်ဖြစ်၍ ရာဇဝင်သမိုင်းဆိုင်ရာရှားပါးဓာတ်ပုံများ၊ မင်းတုန်းမင်း လက်ထပ်ကတည်းက ပစ္စည်းများ၊ ဦးခန္တီရှိစဉ်က ပစ္စည်းများဖြစ်သည့် ရေသန့်စက်၊ မီးစက်စသည့်များကို စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရန်အတွက် ပြတိုက်တစ်ခု လိုအပ်ချက်ရှိနေကြောင်း သုတေသီစာရေးဆရာတော်အဲရာက ပြောသည်။

ဖိုးပြည်(မင်းဘူး)

ခန္ဓီးမြို့ရှိ ရေဘေးသင့်မိသားစုများထံ အလှူရှင်များမှ စားသောက်ဖွယ်ရာနှင့် ဆန်များထောက်ပံ့လှူဒါန်း

ခန္ဓီး ဇူလိုင် ၂၇

ခန္ဓီးမြို့တွင် ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များရှိ အနိမ့်ပိုင်းရပ်ကွက်များမှ ရေနစ်မြုပ်သည့် မိသားစုများသည် ရပ်ကွက်များအလိုက် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက စစ်ဗျူဟာအဖွဲ့(အခြေခံ)ခန္ဓီးစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းစိုးနှင့် တပ်နယ်၊ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိများနှင့် တပ်မတော်သားများသည် ရေဘေးယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ပေါမိုင်း ဘုန်းတော်ကြီးကျောင်း၊ ပေါမိုင်း အ-လ-က (ခွဲ)၊ သာစည် အ-မ-က၊ အောင်သာ အ-မ-ကများရှိ မိသားစုများထံသို့သွားရောက်၍ နံနက်စာထမင်းထုပ်များလှူဒါန်းဝေငှခဲ့ကြပြီး ကယ်ဆယ်ရေးစခန်းများမှ မိသားစုဝင်များအား တရင်းတနှီးနှုတ်ဆက်အားပေးခဲ့သည်။

အလားတူ အခြားအလှူရှင်များဖြစ်ကြသည့် ခန္ဓီးမြို့ ထွန်းသပြေ(စတိုး)ပိုင်ရှင် ဦးထွန်းထွန်းဦး+ဒေါ်နန်းအေးမိုး မိသားစုကလည်း လူတစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းစီဖြင့်လည်းကောင်း၊ မန္တလေးမြို့ ဇဗျူသီရိကျောက်မျက်ကုမ္ပဏီမှ ဦးဆောင်သော လုပ်ငန်းရှင်ခြောက်ဖွဲ့တို့မှလည်း ဆန်အိတ် ၂၀၀ နှင့် အဝတ်အထည်များကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ခန္ဓီးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် ချင်းတွင်းမြစ်ရေဝင်ရောက်၍ ရေနစ်မြုပ်သည့် မိသားစုများ ယာယီနေထိုင်နိုင်ရန် မြို့မရပ်ကွက်တွင် နှစ်နေရာ၊ ပေါမိုင်းရပ်ကွက်တွင် လေးနေရာ၊ ဇီးဖြူကုန်းရပ်ကွက်တွင် နှစ်နေရာ၊ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပေးထားပြီး အိမ်ထောင်စုပေါင်း ၃၃၃ စုပြောင်းရွှေ့ နေထိုင်လျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများအလိုက် ကျန်းမာရေးဆေးပေးခန်းများကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **စန်းလွင်ဦး**

ပြင်ပလူနာဌာနအကြောင်းသိကောင်းစရာ

à ဒေါက်တာညွန့်ရှေ့အောင်(ညောင်ဦး)

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ပါသည်။ မကျန်းမာလျှင် လူတစ်ယောက်သည် ကောင်းစွာ အလုပ်မလုပ်နိုင်ပေ။ ထို့အတူ မကျန်းမာလျှင် လူနာများသည် ဆေးရုံ၊ ဆေးခန်းတို့နှင့် ကင်း၍မရပေ။ ဆေးခန်းသို့ သွားရောက်၍ ပြသသော်လည်း ဆေးရုံတက်ရန်လိုအပ်ပါက ဆေးရုံသို့သွား၍ ဆေးဝါးကုသမှုခံယူပါသည်။ ဆေးရုံသို့ သွားရောက်ပြသသည့်အခါ ပထမဆုံး ရောက်ရှိသည့် နေရာသည် ပြင်ပလူနာဌာန(အချို့ဆေးရုံကြီးများတွင်အရေးပေါ်လူနာ လက်ခံရာဌာန) ဖြစ်ပါသည်။ သို့ဖြစ်၍ အများပြည်သူသိရှိနိုင်ရန် SK Joshi ရေးသားသော Quality Management in Hospitals (ဆေးရုံများတွင် အရည်အသွေးပြည့်ဝသော စီမံခန့်ခွဲမှု) စာအုပ်ထဲမှ ပြင်ပလူနာဌာန (Out patient department) အကြောင်းကို ဘာသာပြန်ကိုးကား၍ ရေးသားတင်ပြပါမည်။

ပြင်ပလူနာဌာနဆိုသည်မှာ ဆေးရုံတက်စရာမလိုသော လူနာများအား ရောဂါရှာဖွေရေး၊ ကုသရေး၊ ရောဂါကာကွယ်ရေး၊ ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများကို ဝန်ထမ်းအင်အား၊ ဆေးနှင့် ဆေးပစ္စည်းများ ပြည့်စုံစွာဖြင့် ကုသပေးနိုင်သော ဌာနဖြစ်ပါသည်။ ဤသို့ ရေးသားတင်ပြရခြင်းမှာ အကြောင်းရှိပါသည်။

"အချို့က ပြင်ပလူနာဌာန (OPDဆိုတာ ဆေးရုံတက်ရန် စာရင်းသွင်းသည့်နေရာ" ဆိုပြီး ပြောဆိုကြပါသည်။ ပြင်ပလူနာဌာနသည် ဆေးရုံတတ်ရန် လိုအပ်သည့် လူနာများအတွက် စာရင်းသွင်းပေးသည့် နေရာဖြစ်ရုံသာမက ဆေးရုံသို့ ရောက်လာသည့် အရေးပေါ်လူနာများအား အရေးပေါ်ကုသမှုပေးသည့်နေရာ၊ ဆေးရုံတတ်ရန် မလိုအပ်သည့် လူနာများအား ပြင်ပလူနာအဖြစ် ကုသပေးသည့် နေရာလည်းဖြစ်ပါသည်။ စာရေးသူတို့မြန်မာနိုင်ငံတွင် ပြင်ပလူနာဌာနခွဲ တာဝန်ခံဆရာဝန်၊ သူနာပြုများနှင့် အခြားကျန်းမာရေးဝန်ထမ်းများ ခန့်ထားပြီး ကုသမှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပြင်ပလူနာဌာနသို့ ရောက်လာသော လူနာများအနက် မှုခင်းနှင့် ပတ်သက်သည့် လူနာများကိုလည်း ရဲဆေးစာဖြင့် ကုသပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြင်ပလူနာဌာန၏ လုပ်ငန်းတာဝန်များကိုလည်း ဆက်လက် တင်ပြပါမည်။

ယင်းတို့မှာ ရောဂါများကို ကောင်းစွာရှာဖွေခြင်း၊ ထိရောက်စွာကုသမှုပေးခြင်း၊ ဆေးရုံတက်ရန် လို၊ မလို ဆန်းစစ်ခြင်း၊ ပြန်လည်ကြည့်ရှု၍ လိုအပ်သော လူနာများအား ရက်ချိန်းတင်၍ ကုသမှုပေးခြင်း၊ ပြန်လည်သန်စွမ်းရေးလုပ်ရန် လိုအပ်သော လူနာများအတွက် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ဆရာဝန်များ၊ သူနာပြုများနှင့် အခြားကျန်းမာရေးဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားပေးခြင်း၊ ဆေးမှတ်တမ်းများ ထိန်းသိမ်းခြင်း၊ အများပြည်သူများအတွက် ကျန်းမာရေး သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် ဆေးပညာလူမှုရေးနှင့် ပတ်သက်၍ သုတေသနပြုလုပ်ခြင်းတို့ ဖြစ်ပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ပြင်ပလူနာဌာန၏ လုပ်ငန်းတာဝန်များမှာ များပြားလှပေသည်။

ဤသို့ဆိုလျှင် ပြင်ပလူနာဌာနတွင် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန် လိုအပ်လာပါသည်။ ပြင်ပလူနာဌာန၏ ဝန်ဆောင်မှုများမှာ ပြင်ပလူနာဌာနတွင် လူနာကြည့်ရှုပေးမည့် ဆရာဝန်များ (အထူးကုဆရာဝန်များ)စာရင်း၊ ပြင်ပလူနာကြည့်သည့် ရက်များနှင့် အချိန်၊ ရောဂါရှာဖွေ စစ်ဆေးမှုအချို့နှင့် ဆေးကုသမှုအချို့တို့အတွက် ကုန်ကျမည့် ကုန်ကျစရိတ်များကို အများပြည်သူမြင်နိုင်ရန် အလေးထားရပါမည်။ ထို့အပြင် လမ်းမလျှောက်နိုင်သော လူနာများအတွက် တွန်းလှည်းများနှင့် တွန်းလှည်းတွန်းပေးသူတို့လည်း ရှိရပါမည်။ လူနာများကို လမ်းညွှန်ပေးနိုင်သော၊ လူနာများ သိလိုရာကို ဖြေကြားပေးနိုင်သော ဝန်ထမ်းများခန့်ထားခြင်း၊ စုံစမ်းမေးမြန်းနိုင်သည့်နေရာ သတ်မှတ်ထားခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရပါမည်။

> ပြင်ပလူနာဌာန၏ ဝန်ဆောင်မှုများမှာ ပြင်ပလူနာဌာနတွင် လူနာကြည့်ရှုပေးမည့် ဆရာဝန်များ (အထူးကုဆရာဝန်များ)စာရင်း၊ ပြင်ပလူနာကြည့်သည့်ရက်များနှင့် အချိန်၊ ရောဂါရှာဖွေစစ်ဆေးမှုအချို့နှင့် ဆေးကုသမှုအချို့တို့အတွက် ကုန်ကျမည့် ကုန်ကျစရိတ်များကို အများပြည်သူမြင်နိုင်ရန် အလေးထားရပါမည်။ ထို့အပြင် လမ်းမလျှောက်နိုင်သော လူနာများအတွက် တွန်းလှည်းများနှင့် တွန်းလှည်းတွန်းပေးသူတို့လည်း ရှိရပါမည်။ လူနာများကို လမ်းညွှန်ပေးနိုင်သော၊ လူနာများ သိလိုရာကို ဖြေကြားပေးနိုင်သော ဝန်ထမ်းများခန့်ထားခြင်း၊ စုံစမ်းမေးမြန်းနိုင်သည့်နေရာ သတ်မှတ်ထားခြင်းတို့ကိုလည်း ဆောင်ရွက် . . .

လူနာများစာရင်းသွင်းသည့် နေရာတွင် ဖော်ရွေသော၊ အတွေ့အကြုံရှိသော ဝန်ထမ်းများလည်း ရှိရပါမည်။ လူနာများအတွက် အချိန်ကြာမြင့်စွာ စောင့်စရာမလိုသော ဝန်ဆောင်မှုများလည်း ပေးနိုင်ရပါမည်။ လူနာများစောင့်နိုင်ရန် နေရာသည်လည်း သန့်ရှင်းသပ်ရပ်ပြီး သက်သောင့်သက်သာရှိရပါမည်။ လုံလောက်သော အကျယ်အဝန်းရှိရပါမည်။ အိမ်သာများသည်လည်း အနံ့အသက်ကင်းပြီး လူနာများအတွက် အိမ်သာနှင့် သုံးရေတို့ လုံလုံလောက်လောက် ရှိရပါက အရေးပေါ်လူနာအားဦးစွာကြည့်ရှု ကုသပေးရန်) ဆောင်ရွက်ထားရပါမည်။ ဆရာဝန်များသည် လူနာများ၏ပြောဆိုမှုများကို ကြင်နာစွာဖြင့် နားထောင်ပြီး လူနာ၏ဂုဏ်သိက္ခာနှင့် လုံခြုံမှုတို့ကိုလည်း ထည့်သွင်းစဉ်းစားကာ စမ်းသပ်စစ်ဆေးခြင်း၊ ကုသပေးခြင်းတို့ ဆောင်ရွက်ရပါမည်။

လူနာစမ်းသပ်သော ခုတင်ပေါ်တွင် သန့်ရှင်းသောအခင်းရှိရပါမည်။ ဆရာဝန်များသည် လူနာများ ခံစားနေရသောရောဂါ၊ ကုသမှု၊ ကုန်ကျစရိတ်၊ ရောဂါ၏အလားအလာ၊ ကုသမှုကောင်းကျိုး၊ ဆိုးကျိုးနှင့် သတိပြုရန် အချက်တို့ကို လူနာနှင့် လူနာရှင်များအား ရှင်းပြရပါမည်။ ရောဂါအခြေအနေအရ ဆရာဝန်တစ်ယောက်မှ အခြားဆရာဝန် တစ်ယောက်ထံသို့ လွှဲပြောင်းနိုင်ရန် စီစဉ်ထားရှိပြီး လူနာကိုတတ်နိုင်သမျှ ခဏခဏချိန်းဆိုခြင်း မလုပ်သင့်ပေ။ ပြင်ပလူနာဌာနသို့ လာရောက်ပြသသောလူနာများအား လိုအပ်မှုရှိသော အခြားဌာနများကဲ့သို့ အရေးပါသော နေရာဌာနဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် ပြည်သူ့ဆေးရုံများအပြင် ပုဂ္ဂလိကဆေးရုံများလည်း ဖွင့်လှစ်ကုသနေရာ အဆိုပါဆေးရုံများရှိ ပြင်ပလူနာဌာနများအား နိုင်ငံတကာ အဆင့်အတန်းဖြစ်စေချင်သော စိတ်စေတနာဖြင့် ဤဆောင်းပါးအား ရေးသားရခြင်းဖြစ်ပါသည်။

ပါမည်။

ထို့အပြင် ပြင်ပလူနာဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် ဆရာဝန်များ၊သူနာပြုများနှင့် အခြားကျန်းမာရေး ဝန်ထမ်းများသည်လည်း အချိန်မှန်မှန် ရောက်ရှိရပါမည်။ ဆရာဝန်များနှင့် ပြသရန် စောင့်ရမည့်အချိန်ကို မကြာစေဘဲ အမှတ်စဉ်အလိုက်လူနာကြည့်ရန် (အရေးပေါ်လူနာများ ရောက်လာ

သာဆေးရုံတင်ရပါမည်။ ဓာတ်ခွဲခန်းအဖြေများကိုလည်း စောနိုင်သမျှစောစော (နောက်အကျဆုံးအချိန်မှာ စစ်ဆေးသည့်နေ့၏ ညနေ ပိုင်း (သို့မဟုတ်) နောက်တစ်နေ့မနက်) ရရှိနိုင်ရန် စီစဉ်ထားရပါမည်။

ဆေးပေးသည့်နေရာတွင် စောင့်ရသည့် အချိန်ကိုလည်း မကြာစေရပါ။ ဆေးပေးသည့်နေရာတွင် တာဝန်ကျသော ဝန်ထမ်းသည် မှန်ကန်သောဆေးများကို ပေးရမည့်အပြင် ပေးလိုက်သော ဆေးများအား မည်ကဲ့သို့ သောက်ရမည်၊ အချိန်မည်မျှကြာကြာ သောက်ရမည်။ ဆေးများ၏ ဆိုးကျိုးများနှင့် သတိပြုရန်အချက်များကိုလည်း ရှင်းပြရပါမည်။ ပြင်ပလူနာဌာနတွင် လာရောက်ပြသသော လူနာအနေဖြင့် စတင်ပြသသည့်အချိန်မှ ကုသမှုခံယူပြီးချိန်အထိသည် မိနစ် ၃၀ မှ မိနစ် ၆၀ အထိ ကြာသင့်သည်ဟု သိရပါသည်။

ပြင်ပလူနာဌာန၏ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အရည်အသွေးဆန်းစစ်ခြင်း လုပ်ဆောင်ရပါမည်။ အရည်အသွေးဆန်းစစ်ရာတွင် သုံးလတစ်ခါ လူနာကျေနပ်မှုရှိ၊ မရှိ မေးခွန်းများဖြင့် ဆန်းစစ်ခြင်း၊ လူနာနှင့် လူနာရှင်တို့မှ အကြံပြုစာ၊ တိုင်တန်းစာများထည့်ရန် အကြံပြုစာပုံး၊ တိုင်တန်းစာပုံးများထားခြင်း၊ ပြင်ပလူနာဌာနသို့ စတင်ရောက်သည့် အချိန်မှ ကုသမှုခံယူပြီးချိန်ထိ လေ့လာခြင်း၊ ပြည်သူ့လူထုအား ကျန်းမာရေး ပညာပေးခြင်းနှင့် ပြင်ပလူနာဌာန၏ ဝန်ဆောင်မှုများအား ကြီးကြပ်ခြင်း နည်းလမ်းများကို အသုံးပြုနိုင်ပါသည်။

ပြင်ပလူနာဌာနနှင့်ပတ်သက်၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ဝေထားသော ဆေးရုံစီမံခန့်ခွဲမှု လက်စွဲစာအုပ်တွင်လည်း ဖော်ပြပါရှိပါသည်။ ပြင်ပလူနာဌာနတွင် ဝန်ဆောင်မှုအပိုင်းသာမက အဆောက်အအုံ

ကောင်းမွန်သောကုမ္ပဏီအုပ်ချုပ်မှုစနစ်

à ကျော်ကျော်လှိုင် (SMART)

ပြန်ခဲ့ကြောင်း၊ အစိုးရဝန်ထမ်းများသည် ယခင်က အမေရိကန်ဒေါ်လာ ၃၀၀ တန်ဖိုး အထိ လက်ဆောင်ကို လက်ခံနိုင်သော်လည်း ယခုအစိုးရလက်ထက်တွင် အမေရိကန် ၂၅ ဒေါ်လာတန် လက်ဆောင်သာ အများဆုံး လက်ခံရမည်ဟု ပြင်ဆင်ခဲ့ကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်ညီသွား၍ ဝန်းသာရကြောင်း၊ အိမ်ထောင်စုတစ်ခု၊ ကုမ္ပဏီတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှု၊ အောင်မြင်မှု၊ ကျဆုံးမှုသည် ခေါင်းဆောင်ပေါ်တွင် အများကြီး မူတည်ကြောင်း၊ ယခု မြန်မာနိုင်ငံတွင် လူထုက လေးစားယုံကြည်သော ခေါင်းဆောင်ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ အစိုးရသည် များစွာ ပွင့်လင်း မြင်သာမှုရှိလာပြီး တာဝန်ခံနိုင်သည့် အစိုးရဖြစ်လာမည်ကို ယုံကြည်ကြောင်း၊ အာဆီယံနိုင်ငံများ အားလုံးသည် စုပေါင်း၍ လာဘ်ပေးလာဘ်ယူကို တိုက်ဖျက်ရမည်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံမှလွဲ၍ ကျန်အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးသည် ပွင့်လင်းမြင်သာမှု စာရင်းတွင် အဆင့် ၅၀ အောက်တွင်သာ ရှိနေကြောင်း၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းမှုနှင့် ကမ္ဘာ့အလယ်တွင် အာဆီယံ၏ သြဇာကြီးမားမှုသည် ဆက်စပ်နေကြောင်းတို့ကို ဆွေးနွေးခဲ့ပါသည်။ မြန်မာဖြစ်ရတာကို ဝမ်းသာဂုဏ်ယူစွာဖြင့် နိုင်ငံရပ်ခြားတွင် မြန်မာ ဝတ်စုံဝတ်၍ ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် နိုင်ငံတော်အစိုးရ အဖွဲ့က ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် ပွင့်လင်းမြင်သာမှုရှိဖို့လိုသလို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကလည်း ကောင်းမွန်သော ကုမ္ပဏီအုပ်ချုပ်မှုစနစ် (Good Corporate Governance) ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရန်လိုပါသည်။ ကောင်းမွန်သောကုမ္ပဏီအုပ်ချုပ်မှုစနစ်သည် အများပိုင် ကုမ္ပဏီများအတွက် ပိုအရေးကြီးပါသည်။ ကောင်းမွန်သောကုမ္ပဏီ အုပ်ချုပ်မှုစနစ် အောက်တွင် ကုမ္ပဏီက အသုံးပြုသော စနစ်များ၊ စည်းကမ်းဥပဒေသများနှင့် လုပ်ထုံးလုပ်နည်းများပါ ဝင်ပါသည်။ ကောင်းမွန်သော ကုမ္ပဏီ အုပ်ချုပ်မှုစနစ်သည် မျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို အရေးပေးပြီး တာဝန်ခံနိုင်သော စီးပွားရေးကို အာမခံပါသည်။ အားနည်းသော အုပ်ချုပ်မှုစနစ်သည် လျှို့ဝှက်ချက်များ၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးပြဿနာ ကဲ့သို့ ကုမ္ပဏီ၏ ပြဿနာ ကြီးမားလာပါက ကုမ္ပဏီ ပျက်စီးပြီးနောက် ကုမ္ပဏီ ပိုင်ရှင်များ ဆုံးရှုံးမှုများ ကြုံတွေ့ရတတ်ပါသည်။ ကုမ္ပဏီ ပျက်စီးခြင်းသည် ကုမ္ပဏီ ဝန်ထမ်းများ ကိုယ်တိုင် ကုမ္ပဏီ ပိုင်ရှင်များ ကိုယ်တိုင် ကုမ္ပဏီ ဖောက်သည်များ ကိုယ်တိုင် ကုမ္ပဏီ ပေးသွင်းသူများ ကိုယ်တိုင် ကုမ္ပဏီ ရှယ်ယာရှင်များ ကိုယ်တိုင် ကုမ္ပဏီ ရင်းနှီးမြှုပ်နှံသူများ ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော နေရာဒေသ ပတ်ဝန်းကျင် ကိုယ်တိုင် ကုမ္ပဏီ ဝန်ထမ်းများ ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ပြည်ထောင်စု ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ကုန်သွယ်ရေး ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့စီးပွားရေး ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ပတ်ဝန်းကျင် ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ဘဏ္ဍာရေး ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ကုန်ကူးသွယ်ရေး ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ကုန်ကြမ်းဈေးကွက် ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ငွေကြေးဈေးကွက် ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ရေနံဈေးကွက် ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ဘဏ်ကဲ့သို့ ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ကုန်သည်ကုန်ထုတ်လုပ်ရေးကုမ္ပဏီ ကိုယ်တိုင် ကုမ္ပဏီ ရှိနေသော ကမ္ဘာ့ကုန်ကူးသွယ်ရေးအဖွဲ့အစည်း

"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

သံဝေဂနိယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၂၀၀၃-၂၀၀၄) ခုနှစ်မှစတင်ကာ (၁၄နှစ်) တိုင်အောင်မြင်စွာပို့ဆောင်ပေးခဲ့သော "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့" သည် (၁၂ရက်-၁၅ရက်) ခရီးစဉ်များကိုစိတ်ချမ်းသာစွာဖြင့်ဘုရားဖူးသွားလိုသောရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများအနေဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းနှိုးဆော်အပ်ပါသည်။

(၀၄၂/၀၅ရက်)ခရီးစဉ်များတွင်နယူးဒေလီ၌ဟိုတယ် (၂)ညတည်းရှိမည်ဖြစ်ပါသည်။

(၁) ၁၃.၁၀.၂၀၁၆ (၂) ၈.၁၁.၂၀၁၆ (၃) ၂၄.၁၁.၂၀၁၆ (၄) ၂၄.၁၂.၂၀၁၆
(၅) ၁၄.၁.၂၀၁၇ (၆) ၄.၂.၂၀၁၇ (၇) ၂၀.၂.၂၀၁၇ (၈) ၂၅.၂.၂၀၁၇
(၉) ၄.၃.၂၀၁၇ (၁၀) ၁၈.၃.၂၀၁၇ (၁၁) ၈.၄.၂၀၁၇ ခရီးတွင်ထွက်ခွာပါမည်။

အမှတ် (၄၄)၊ လမ်းသစ်လမ်း။ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၂၁၁၉၄၄၊ ၂၁၁၉၂၅၅၊ ၂၂၉၃၁၁၅၊ ၂၂၂၇၂၀
ဝေ-ဖြင့်၁၀၀၅၆၅၆ / ဝေ-ဖြင့်၁၀၀၅၆၅၈ / ဝေ-ဖြင့်၁၀၀၅၆၇၇ / ဝေ-ဖြင့်၁၀၀၅၆၇၆

ခေါ်သူဇာဝင်း(စာရင်းကိုင်သင်တန်း)

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)

LCCI 1+2&3 (Sunday only ရှိသည်)

Nov-series နောက်ဆုံး (၃)လပြတ် တန်းခွဲသစ် (23/7/2016)

ဈေးနှုန်း သီးသန့်တစ်ဦးချင်း(သို့)အုပ်စုဖွဲ့ပို့ချပေးသည်။

AutoCount & MYOB/Advance Excel

(အစိုးရညွှန်ကြားပေးချက်လေးတန်းခွဲသစ်ရှိသည်)

အမှတ်(၃၀)ပုလဲလမ်း၊ကျိုက္ကဆံ့ရပ်ကွက်၊ဗဟန်းမြို့နယ်(မြလမ်းမှတ်တိုင်)

Ph:09-5029621,09-250371045,09-5402724

ကွန်ပျူတာပုရောဟိတ်

လုပ ခေတ်မီ နာမည်လေးများ(၁၈၀)ကျော်

ကြီစက္ကဓာတာအားအသေးစိပ်စစ်ဆေးနိုင်မှုအမှန်ကန်ဆုံးကလေးနာမည်ရမည် နာမည်များနှင့်အတူကြီစက္ကဓာတာစစ်ဟောဓာတမ်း(၃၆)ဖျက်နာ အိမ်ထောင်ရေးစီးပွားရေးကျန်းမာရေးပညာရေးစိတ်ထားအကျင့်ရိုက် ရောင်စုံအလုပ်အခန်းမင်္ဂလာကြီစက္ကဓာတာနှင့်ကင်ပွန်းတပ်ဖြန်နှင့်ရက်များ ကာလပိုင်းခြားဟောကိန်းများနယ်ပြိုလာမှုတန်းများ၊ပညာပြင်ဘက်ကိုပြောင်းလဲ ကိုယ်ခြားကိုယ်ကွဲ/ဝိရိယ/သတိများထူးချွန်ပြီးအောင်မြင်သောဘဝရစေမည် အဆောင်ယာယီများ/ကလေးပုံကို Viber ဖြင့်ပို့လွှင့်စာထုပ်ပုံတွင်ပါမည် လာရေး/နိုင်ငံခြား email ၇၀၀၆/မြို့တွင်း VPL ၈၀၀၆/နယ်ဝ၀၀၆ ကိုယ်ဝန်ဆောင်ခွဲမွေးဖွားချိန်/လုပ်ငန်းနာမည်ပေး/လူကြီးများပေးခွန်း(၃)ခုပေးလိုရာမေး တိုက် ၂၂၁/အခန်း၆၀၂/ဗိုလ်တထောင်ရွေးလမ်းမကျယ်/ပုဇွန်တောင်မြို့နယ်/ရန်ကုန် ဆရာဦးသိန်းမြင့် A.G.T.I(Mech.Engg)ထဲ ဖုန်း-သာဆက်လိုက်ပါ 0931079394 095179128/09262383622/ViberPh:09972122177



အမှန်တရားကို လိုလားသူတိုင်း၊ အမှန်တရားကို ချစ်မြတ်နိုးသူတိုင်း အမှန်တရားကို အမှန်အတိုင်းမြင်ပြီး လက်ခံ ပြုပြင်ဖို့လိုပါသည်။

- အစိုးရအုပ်ချုပ်ရေးယန္တရားအတွင်း ခြစားနေသောကိစ္စများ၊ အဂတိလိုက်စားမှုများ၊ ခေါင်ကပိုးမလုံမှုများအကြောင်း
- မင်းတိုင်းကျေဝန်ထမ်းများ၊ မလုပ်-မရှုပ်-မပြုတ်ဝန်ထမ်းများနှင့် ကိုင်တွယ်ရခက်ခဲသော နောက်ခံအားကိုး အရာရှိကြီးများအကြောင်း
- ပညာရေးစနစ်ကြီးကို ပြုပြင်ပြောင်းလဲလိုသူများနှင့် အမြီးအမောက်မတည့် တွေးခေါ်ပြောဆိုမှုများ၊ ကြံဆမှုများအကြောင်း
- စီးပွားရေးသမားများ၊ နိုင်ငံရေးသမားများနှင့် အပါးမဝသော အုပ်ချုပ်ရေးအရာရှိများကြောင့် နိုင်ငံတော်၏ နစ်နာဆုံးရှုံးရမှုများအကြောင်း
- လူတစ်ယောက်၏ အတ္တုပ္ပတ္တိသက်သက်မဟုတ်၊ နိုင်ငံတစ်နိုင်ငံတည်ဆောက်ပုံနှင့် အစိုးရအဖွဲ့၏ အတွင်းရေးများကို ရေးသားတင်ပြထားသည့်

မြင့်သူ၏ မမျှော်လင့်သော ခရီးရှည်

- ရန်ကုန်မြို့တွင်း တစ်အုပ်ချင်း မှာယူပါက အိမ်တိုင်ရာရောက် ပေးပို့ပေးပါမည်။ Novel Light Express တယ်လီဖုန်းအမှတ် ၀၉၅၀၈၀၈၈၅၀၊ ၀၁၈၆၁၉၄၂၂ သို့ ဆက်သွယ် မှာကြားနိုင်ပါသည်။

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲမှာ အထူးနှုန်းဖြင့် ရောင်းချပေးနေပါသည်။

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

၁။ ရန်ကုန်-နေပြည်တော်လမ်းဘေး (40' x 60') ၆-ခြံဈေးနှုန်း 45 သိန်း
09-420201356, 09-773081018
09-795490170, 09-972057003

မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရှေ့လုပ်ငန်း ပြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဒဏ်ဖြိုးသစ်

အဝတ်ရိုင်း
သိမ်ကမ်းပြိုနယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

The Brand New
ERTIGA
Smart Investment for the Future

16.1 km/L Fuel Saving
3 years 100,000 km warranty
လူနေမှုဘဝတိုင်းအတွက် အဆင်ပြေစေမယ့် သုံးတန်း-ခုံခုနစ်လုံးပါ ဘက်စုံသုံးကား

ပြန်မာနိုင်ငံအတွက် မြန်သန်စေသော ရောင်ပြိုးပန်ဆောင်မှု
လျှပ်စီးတံခွန်ရေမှန်နှင့် သက်သောင့်သက်သာဖြစ်စေသောလှပဆောင်မှုများကို ပြန်မာနိုင်ငံအတွက် အထူးထုတ်လုပ်ထားပါသည်။
Push Start
လှပင်နှမ်နှင့် ဗိသောရေးဆရာ့ပြန်ကြိုင်သော သက်စုံသုံးကား
ERTIGA
JAPAN STANDARD

ERTIGA Roadshow - ထိုက်တန်မှုကို တွေ့ပြင်ခံစားလိုက်ပါ

မြို့	နေရာ	နေ့ရက်	အချိန်	ကိုယ်စားလှယ်	ဖုန်းနံပါတ်
ရန်ကုန်	မြန်မာပလာဇာ	၁၇ ရူလိုင်	၁း၀၀ - ၈း၃၀	ရန်ကုန်မှ အရောင်းကိုယ်စားလှယ် ၅ဦး	(၁)(၂)(၃)(၄)(၅) *အောက်တွင်ဖော်ပြထားသော ကိုယ်စားလှယ်စာရင်းတွင် ကြည့်ရှုပါရန်။
ရန်ကုန်	Junction Square	၂၁-၂၂ ရူလိုင်	၉း၀၀-၉း၀၀	မျိုး မော်တော်	၀၁-၄၀၀၃၉၉
ရန်ကုန်	မြန်မာပလာဇာ	၂၃-၂၄ ရူလိုင်	၉း၀၀-၇း၀၀	လွင်နှင့် စွမ်း	၀၁-၃၉၃၀၀၇
မန္တလေး	ရတနာပုံစူပါစင်တာ	၂၃-၂၄ ရူလိုင်	၈း၀၀-၉း၀၀	United Eleven မော်တော်	၀၉-၂၅၇၁၁၉၉၉၁၁
နေပြည်တော်	Capital Hypermarket	၂၄ ရူလိုင်	၉း၀၀-၇း၀၀	ဇရာဟသ်ာ	၀၉-၂၅၄၃၁၇၇၀၀
ရန်ကုန်	လှည်းတန်းစင်တာ	၃၀-၃၁ ရူလိုင်	၉း၀၀-၇း၀၀	အောင် မော်တော်	၀၁-၆၅၅၈၁၃
မန္တလေး	ရတနာပုံစူပါစင်တာ	၃၀-၃၁ ရူလိုင်	၉း၀၀-၅း၀၀	အေအိုင်ဂျီ မော်တော်	၀၉-၇၃၀၁၄၀၃၆၆
ရန်ကုန်	Capital Hypermarket(သာကေတ)	၂၀-၂၁ ဩဂုတ်	၉း၀၀-၈း၀၀	ရဲနဒီ	၀၁-၂၀၁၆၁၉

*အောက်တွင်ဖော်ပြထားသော ကိုယ်စားလှယ်စာရင်းတွင် ကြည့်ရှုပါရန်။

Dealership Network

(၁) လွင် နှင့် စွမ်း မော်တော် ၀၁-၃၉၃၀၇၇
(၂) အောင် မော်တော် ၀၁-၆၅၅၈၁၃
(၃) မျိုး မော်တော် ၀၁-၄၀၀၃၉၉
(၄) ရဲနဒီ မော်တော် ၀၁-၂၀၁၆၁၉
(၅) အေအိုင်ဂျီ (မန္တလေး) မော်တော် ၀၉-၇၃၀၁၄၀၃၆၆
(၆) ဇရာဟသ်ာ (နေပြည်တော်) မော်တော် ၀၉-၂၅၄၃၁၇၇၀၀
(၇) စီဂျီဒီစီ (ပုသိမ်) မော်တော် ၀၉-၇၇၃၂၁၂၉၅၅
(၈) ချင်းတွင်းဇရာ မော်တော် ၀၉-၄၅၅၂၄၇၇၇၂
(၉) United Eleven Motor ၀၉-၂၅၇၁၁၉၉၉၁၁

Suzuki (Myanmar) Motor Co.,LTD
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI Way of Life!

GUSTO International College

School of Computing & ICT

UK မှ တိုက်ရိုက်ချီးမြှင့်မည့် Computer ဒီပလိုမာ၊ ဒီဂရီဘွဲ့သင်တန်းများ

- HND Diploma in Computing (UK)
- BSc (Hons) Computing (UK)

➤ GUSTO ၌ ၂နှစ်တက်ရောက်ပြီးပါက UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်း ဖြစ်သည့် Pearson/Edexcel မှ ချီးမြှင့်မည့် HND Diploma ကို ရရှိမည်ဖြစ်သည်။

➤ နောက်ဆုံးနှစ်ကိုပြည်တွင်းရှိ GUSTO ၌ ဖြစ်စေ၊ UK, US, Australia, Singapore စသည့် နိုင်ငံများရှိ တက္ကသိုလ်များ၌ ဖြစ်စေ တက်ရောက်ပြီး BSc (Hons) Computing ကို ရယူနိုင်သည်။

➤ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတိုင်း လျှောက်ထားနိုင်ပြီ (အမှတ်ကန့်သတ်ချက်မရှိပါ)။

➤ ထူးချွန်ကျောင်းသား အမြောက်အများကို မွေးထုတ်ပေးနိုင်ခဲ့ကြောင့် မြန်မာနိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူ အများအပြား GUSTO ၌ တက်ရောက်သင်ကြားလျက်ရှိပါသည်။

လူဦးရေ ကန့်သတ်ထားသောကြောင့်
JULY Intake
မိုလိုပါက အမြန်ဆုံး စုံစမ်းအပ်နှံရန် လိုအပ်ပါသည်။

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

Call Now! (09) 862 8806, (09) 789 888 222, (01) 504632

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

သုံးရောဘီ ဝမ္မဒါန
တောင်ပြူ၊ မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မင်းကွန်း၊ မုဒ္ဓား၊ ကျောက်စိမ်းဘုရား
420144148, 421153797

ဝင်ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
သရေစုပ်/နှစ်ချုပ်ကားငှားခြင်းများ ရနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ဗမာဆေးသုတ်အဖွဲ့ (H.H.H)
Unitex -100,150,220,250
Orient -200,250,300,350
Premier -250,350,400
ICI -350,450,700
Nippon -400,500,750
www.myanmarpaintgroup.com
09-799901512, 09-73174830,
09-5131799

M.E.S Affiliated Centre

CHINDWIN COLLEGE
helping you engineer your future

PEARSON

➤ မြန်မာနိုင်ငံတွင် ပထမဆုံး Higher National Diploma College နှင့် တစ်ခုတည်းသော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အသိအမှတ်ပြု MES Affiliated HND College ဖြစ်သည်။

➤ တက်ရောက်နိုင်သည့် HND သင်တန်းများ

- Electrical & Electronic Engineering
- Mechanical Engineering
- Civil Engineering
- Business Management
- Business Accounting
- Hospitality Management

➤ တက္ကသိုလ်ဝင်တန်းအောင်သူများ International Foundation Course တက်ရောက်နိုင်ပြီး
- တက္ကသိုလ် ပထမနှစ်အောင်ပြီးသူများ၊
- ABE Advanced Diploma ပြီးသူများ
- LCCI Level 3 ပြီးသူများ HND ၂နှစ်သင်တန်း တိုက်ရိုက်တက်ရောက်နိုင်သည်။

➤ HND ရရှိပြီးလျှင် နောက်ဆုံးနှစ်ကို ချင်းတွင်းကောလိပ်တွင်ဖြစ်စေ (သို့) HND ကို အသိအမှတ်ပြုသည့် နိုင်ငံတကာ တက္ကသိုလ် ၁၀၀ကျော်တွင် ဆက်လက် ပညာသင်ယူနိုင်သည်။

➤ ချင်းတွင်းမှ HND ရရှိပြီးသူများ၊ ချင်းတွင်းမှ ရရှိပြီး UK နှင့် Singapore မှ BE ဘွဲ့ရရှိသူများ၏ အရည်အသွေးကြောင့် နိုင်ငံတကာ လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်နေသည်။

2016 July Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

ရန်ကုန် - အမှတ်(၇၅) သိမ်ဖြူလမ်း၊ အောက်ဘလောက်၊ ☎ 01 - 298 137, 297 673
- ပထမထပ်၊ ဆင်မလိုက်ဈေးသစ်၊ ကြည်မြင့်တိုင်ကမ်းနားလမ်းနှင့် ဟံသာဝတီလမ်းထောင့်။
မန္တလေး စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ - ၇၈ ကြား၊ ၃၁ - ၃၂ ကြား။ ☎ 02 - 741 79, 682 49
တောင်ကြီး အမှတ်(၅၇/၁၆)၊ မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ☎ 09 - 784 038 995, 09 - 784 0398 996

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

GRAND STYLE
YOUR PROJECT PARTNER
Is the leading construction material store in Myanmar. We are providing product range cover more than 1,200 items for both small scale construction until mega project with complete services as one stop shopping.

GRAND STYLE | Lighthouse every moment | GRAND | FOX FLOORING
Thiri Yadanar Wholesale Market Compound Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon, Building : G3, Room No. 46-52 သိရိရတနာ လက်ကားစျေးဝင်း၊ သုဓမ္မလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
TEL +95-1-1224217, +95-9-5088488
GrandStyleMM
www.grandstylemm.com

"ရှေစည်"
အိမ်ပြောင်း၊ အိမ်ရှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းစျေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029, 09-8615420

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပြုပြင်/မွမ်းမံခြင်းလုပ်ငန်းများအတွက် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီများ)မှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂၀၁۶-၂၀၁۷ ဘဏ္ဍာရေးနှစ် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ တင်ဒါခေါ်ယူမည့် လုပ်ငန်းများ

၁။ ပင်မရေလောင်ကန်အောက်ခြေ (H-Beam) မွမ်းမံခြင်း

၂။ ပင်မနှင့်တိုးချဲ့ ထမင်းစားဆောင်ဆေးသုတ်ခြင်း
(က) အထွေထွေမွမ်းမံခြင်း(အတွင်း/အပြင်)ပင်မ (၁၂၀×၈၀)ပေ
(ခ) အထွေထွေမွမ်းမံခြင်း(အတွင်း/အပြင်) တိုးချဲ့ (၈၀×۶၀)ပေ

၃။ တိုက်(၃) ဝန်ထမ်းအိမ်ရာ သွပ်အမိုးနှင့် မျက်နှာကြက်များလဲလှယ်ပြုပြင်ခြင်း (၉၀×၅၀)ပေ

၄။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်၊ တိုးချဲ့ Skill Lab များ အထွေထွေပြုပြင်မွမ်းမံခြင်း
(က) မိခင်နှင့် ကလေးကျန်းမာရေးသူနာပြုစုမှုပညာဌာန၏ Skill Lab သင်ထောက်ကူပစ္စည်းများနှင့် အရုပ်များထားရန်၊ နံရံကပ်စင်များပြုလုပ်ခြင်း (၇၀၀ စ/ပ)
(ခ) အခြေခံသူနာပြုစုမှုပညာဌာန၏ Skill Lab သင်ထောက်ကူပစ္စည်းများနှင့် အရုပ်များထားရန် နံရံကပ်သံမဏိဒီရိုများ ပြုလုပ်ခြင်း (၁၀၈ စ/ပ)
(ဂ) သူနာပြုတက္ကသိုလ် တိုးချဲ့လေးထပ်ဆောင် Skill Lab အခန်းကြွေပြားကပ်ခြင်း (၉၇၀၀ စ/ပ)
(ဃ) လေးထပ်ဆောင်မြေညီထပ်ရှိ Skill Lab အခန်းတွင် သံပန်းပြတင်းတံခါးများတပ်ဆင်ခြင်း (၁၁၁ စ/ပ)

၅။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်၊ တိုးချဲ့လေးထပ်ဆောင်၌ 3Phase 4Wire Underground Power Line တပ်ဆင်ခြင်းလုပ်ငန်း
(က) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၊ တိုးချဲ့ ဝန်ထမ်းအိမ်ရာရှိ ထရန်စဖော်မာမှ လေးထပ်စာသင်ဆောင်သို့ 3 Phase 4 Wire Underground Power Line တပ်ဆင်သွယ်တန်းခြင်း
(ခ) အခြေခံသူနာပြုစုမှု ပညာဌာန၏ သရုပ်ပြခန်းသို့ လျှပ်စစ်ပါဝါမီးကြိုးလိုင်းနှင့် ဆက်စပ်ပစ္စည်းများ သွယ်တန်းခြင်း။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၇-၂၀၁۶ ရက်
တင်ဒါပိတ်မည့်ရက် - ၁۶-၈-၂၀၁۶ ရက်၊ ညနေ ၄း၀၀နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၂၂၂၈၈၃၊ ၂၂၂၈၈၄ တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်

တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့
သူနာပြုတက္ကသိုလ်၊ ရန်ကုန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သူနာပြုတက္ကသိုလ်၊ ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၂၀၁۶-၂၀၁۷ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် တရားဝင်အသိအမှတ်ပြု(လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီများ)မှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၁။ လျှပ်စစ်သုံးပစ္စည်းများ
၂။ ရုံးသုံးစက်ကိရိယာပစ္စည်းများ
၃။ ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ
၄။ အရေးရပ်သုံးပစ္စည်းများ
၅။ ပရိဘောဂပစ္စည်းများ
۶။ E-Learning ဆောင်ရွက်ရန်အတွက်
(1) Up grading Network Infrastructure
- Dell Power Edge R730 Sever
- NAS Storage
- Fiber cable installation to the 4-storey building in the extension campus
- IT equipment (rack, power, online UPS, cable, switching and routing, Accessories)
- Network infrastructure Commissioning and installation Charges

(2) E-Learning Software Development

۷။ Medical Journal များ

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၇-၂၀၁۶ရက်
တင်ဒါပိတ်မည့်ရက် - ၁۶-၈-၂၀၁۶ရက် ညနေ ၄း၀၀နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၂၂၂၈၈၃၊ ၂၂၂၈၈၄ တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်

တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့
သူနာပြုတက္ကသိုလ်၊ ရန်ကုန်

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Holiday
Car Rental Service
ရန်ကုန်မြို့တွင်း/နယ်ဝေး
ကားငျှားရမ်းခြင်းလုပ်ငန်းပါသည်။
ယာဉ်မိုင်ရေတွက်လည်းဆောက်သွယ်နိုင်ပါသည်။
Ph: 09-420077975, 09-5111235
09-5075176, 09-420121837

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သင်္ဘာ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတန်းတွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (၀/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံသည်သည်တဲ့ ယူဆလျှင် မဖြစ်မနေတက်ပါ။
ဩဂုတ် (၃/۶/၈)ရက်နေ့ (၀/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးမွှိုင့်အနီး။ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

MR. COOK ဟင်းလျှာများလက်တွေ့ချက်ပြုတ်အလှဆင်နည်းသင်တန်း
1. မြန်မာပြည်တွင်းဆာများ၊ဒေသာတရုတ်ဆာ၊ အစာလက်တွေ့ ချက်ပြုတ်နည်းသင်တန်း (100000+60000-2weeks)
(ခေါက်ဆွဲကြော်၊ထမင်းပေါင်း၊ကုန်းဘောင်ကြော်၊ချိုချဉ်ကြော်၊ပြည်လုံးချမ်းသာ၊ချဉ်စပ်၊ဂဏန်းမဆလာ၊နံရိုးကြော်အပါဝင်)
2. အိမ်ရင်မမျှား၊ဆတ်လုယ်ကုပေါပါ၊မီဆာ၊စ ဆာ၊ဆစာချက်ပြုတ်နည်းသင်တန်း (200000+60000-2weeks)
(ခေါက်ဆွဲကြော်၊ထမင်းပေါင်း၊ကုန်းဘောင်ကြော်၊ချိုချဉ်ကြော်၊ပြည်လုံးချမ်းသာ၊ချဉ်စပ်၊ဂဏန်းမဆလာ၊နံရိုးကြော်အပါဝင်)
3. စီးပွား၊ဖြစ်ထုံးဆန်းထွေလျှာသစ်သီးဖျော်ရည်မျှား၊လက်တွေ့သင်တန်း (100000+60000-2weeks)
(ဖာလုဒါ၊ဘိုမီန်၊မစ်ဝိုတ်၊ဒုဂါးမောက်၊ချင်တော်ခါ၊ပီနံသီး၊ကြောင်းဖုး၊လက်ဖက်စိမ်း၊ဆည်းဆာ၊ကော်ပီအအေး၊ရေခဲမုန့်.ကြော်အပါဝင်)
4. ကြေးအိုးဆီမျက်ဆိုင်အတွက် (menu) လက်တွေ့မျက်ပြတ်နည်းသင်တန်း (200000+60000-1weeks)
(ကြေးအိုး၊အမျိုး၊မျိုး၊ဆီမျက်အမျိုး၊မျိုး၊ကြေးအိုး၊ဆီမျက်အမျိုး၊မျိုး၊ဟင်းထုပ်အမျိုး၊မျိုးနှင့်ဆော့စ်မျှားအပါဝင်)
5. ထိုင်းဆာ၊အစာမျှား၊လက်တွေ့ချက်ပြုတ် အလှဆင်နည်းသင်တန်း (300000+60000-2weeks)
(တုံးယမ်း၊ဖတ်ဆီရေ၊ဖတ်ထိုင်း၊ကွတ်တယိ၊ဖတ်ဂဖေါင်း၊လပ်မူ၊ငါးရှမ်းကြော်၊သင်္ဘောသီးထောင်း၊ဆောတေး၊ဂုတ်သား၊ကင်အပါဝင်)
6. စီးပွား၊ဖြစ်ရှမ်းရိုးရာဆာ၊ အစာမျှား လက်တွေ့ချက်ပြုတ်နည်းသင်တန်း (200000+60000-2weeks)
(ရှမ်းခေါက်ဆွဲ ၊မြီးရှည်၊တို့.ဟူးနေ့၊ဟင်းထုပ်၊ငါး၊ဒုကွ၊ငါး၊ထမင်းနယ်၊မာလာတင်း၊ မြေတိုးမြီး၊ရှည်ကြက်ပေါင်း၊ဆီချက် အပါဝင်)
7. စားသုတ်စုံ၊စားသောက်ဆိုင် အတွက် သီးခန့်. (menu)လက်တွေ့ချက်ပြုတ်နည်းသင်တန်း(500000+60000-2weeks)
(မိမိဖက်မှဆိုင်၏ တည်နေရာအမျိုး၊အစားကိုဖော်ပြပြီး၊ဆိုင်တဆိုင်အတွက်ပြီး၊ပည်ပစုံသော (menu)ဆွဲကာလက်တွေ့ချက်ပြုတ်မည်။ အာ၊လုံ၊တို့ မတက်လို ဘမီမီ အတွက် အသုံ၊လို သောဟင်း၊လျှာမျှား၊တို့ သာရေ၊ၜ်တမျိုး၊ချင်းတက်လို ပါ၊ကတမျိုး၊သင်တန်း၊ကြေး(8000/25000)သွင်း၊ပြီး၊တတ်နိုင်သည်။စာဇုပ်တို့ သက်ဆိုင်ရာသင်တန်း၊ကြေး၊ဒဲပုံ 1ပုံ သွင်း၊ၜ်ဝယ်နိုင်သည်။
အမှတ်၄၁၊ဂလ္ဒာ၊ ၂၁လမ်း၊အောက်ဘလောက်၊လသာမြို့နယ် 095506333,0973079969
အမှတ်၁၅၆၊မြေညီ၊ဗိုလ်ချုပ်လမ်းမ၊ပုဇွန်တောင်မြို့နယ် (၄۶လမ်းထိပ်)

21 AD @ BILLBOARD ADVERTISING
ရန်ကုန် (ရုံးလေဘုရားလမ်း/ကမ္ဘာအေးဘုရားလမ်း/ပန်းဆိုးတန်း/ဂုံးတံတား/ဝိုလ်ချုပ်လမ်းSAKURAရှေ့/ပြည်လမ်းတော်ဘွား/ကြီးကုန်း)
ပုသိမ် (မဟာဗန္ဓုလလမ်းမ တက္ကသိုလ်ရှေ့)
ပြည် (ရန်ကုန်/ပြည်လမ်းမပေါ်သဘောဆစ်ပ်လမ်းထောင့်/နဝေးလမ်းဆုံ)
မုံရွာ (ပြည်ထောင်စုလမ်းနှင့် ကျောက်ကွာလမ်းထောင့်/ပြည်ထောင်စုလမ်းနှင့် အောင်မင်္ဂလာ၂လမ်းထောင့်)
ဓမ်လမြိုင် (အထက်လမ်းမကြီးနှင့်အရှေတော်လမ်းထောင့်)
တောင်ငူ (ရန်ကုန်မန္တလေးလမ်းမပေါ်ထီးနီးကုန်းကျောင်းရှေ့)
မိတ္ထီလာ (ကျောက်ပန်းတောင်းအဝေးပြေးလမ်းမပေါ်သိန္ဓိအောင်လမ်းထောင့်)
ရန်ကုန် - မန္တလေးအမြန်လမ်း (လှည်းကူး TOLL-GATE/၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော်REST CAMP/ နေပြည်တော်အဝင်ဝိလမ်းဆုံ)
KING MAKER
၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

TET NAY AUNG
ကားနေအောင် ကုမ္ပဏီ
ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ် / ယန္တရားများ ငှားရမ်း ရန်ရှိပါသည်၊
ph ;0973246390, 09250386430

ဘဏ္ဍာရေးသုတေသန
ကြည်စိုး I.C
ဇူလိုင်(၃၀)နေ့ ၀၉၅၁၀၄၀၄၁၊၀၉၅၁၀၅ ၁၉၇၂
ဆွေးနွေးသည်၊ အဝေးသင်သည်။ PAGE Kyisoe ic

အမှားပြင်ဆင်ချက်

၂၃-၇-၂၀၁۶ရက်(စနေနေ့)ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)တွင် ဒေါက်တာဇေဖြိုးမြင့်နှင့် မအမရာမြတ်တို့၏ မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ၌ လက်မှတ်ရေးထိုးမော်ကွန်းတင်ပေးပါသော ဒေါ်ခိုင်ခိုင်လေး(လက်ထောက်ညွှန်ကြားရေးမှူး)ဟု ဖော်ပြရမည့်အစား (ဒုတိယညွှန်ကြားရေးမှူး)ဟု ဖော်ပြမိပါသဖြင့် ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဇေဖြိုးမြင့်-မအမရာမြတ်

JEWEL HOTEL Yangon

ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

အလင်းသစ်စာပေ
တရုတ်သမ္မတရေးသားထားသည့် တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များဖြစ်ပြီး ကမ္ဘာပေါ်တွင် အုပ်ရေးပိုးသန်းကျော် ရောင်းချပြီးဖြစ်သော ...
တရုတ်စီမံခန့်ခွဲမှုနှင့် နိုင်ငံအုပ်ချုပ်ရေး
ရှီကျင့်ဖျင်
ရဲထက်
(မြန်မာဘာသာသို့ မြန်ဆိုသည်) ဆိုင်များတွင်ရပြီ
အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀ ၂၊ ၀၉ ၈၇၀၃၀၄၇

နိုင်ငံခြားသားများအတွက် တိုက်ခန်းနှင့် Condo များ ငှားလိုပါသည်။ 5 သိန်းမှ 15 သိန်းအတွင်း။ အမြန်ဆုံး ငှားထွက်သွားအောင်အကျိုးဆောင်ပေးမည်။ဝိုင်ရှင်တိုက်ရိုက် သာဆက်သွယ်ပါ။(မှတ်ချက်-နိုင်ငံခြားသားအများစု မှာ ဥရောပ နိုင်ငံသား များဖြစ်ပါသည်) 09 2529 222 07

City Mart

City Mart
Supermarket
1996 - 2016

နှစ် ၂၀
တိုင်ခဲ့ပါပြီ

လေးစား
တန်ဖိုးထားရပါသော
ဈေးဝယ်သူမိဘပြည်သူများ၊
စီးပွားဖက်ကုမ္ပဏီများနှင့် အတူတကွ
လက်တွဲကျော်ဖြတ်ခဲ့ကြရတဲ့ နှစ် ၂၀ ကာလ
ဆိုတာ တကယ့်ကိုအံ့မခန်းပါပဲ။

ဈေးဝယ်သူမိဘပြည် သူများရဲ့ မိသားစုဝင်တစ်ယောက်လို
အတူတကွဖြစ်တည် လာခဲ့ရတာတွေအတွက်
CMHL City Mart Holding Co., Ltd. နှင့်
ဝန်ထမ်းများအားလုံးမှ
လှိုက်လှိုက်လှဲလှဲ
ကျေးဇူးအထူးတင်
ရှိပါတယ်။

City Mart Supermarket ဆိုင်ခွဲများအားလုံးမှာ
ကျင်းပတဲ့ နှစ် ၂၀ ပြည့်အထိမ်းအမှတ် အထူး
ဈေးရောင်းပွဲတော်ကိုလည်း လာရောက်အားပေးဖို့
ဖိတ်ခေါ်အပ်ပါတယ်။
သတင်းအသေးစိတ်အချက်အလက်များကို
Facebook စာမျက်နှာတွင်လည်း
ကြည့်ရှုနိုင်ပါသည်။

www.facebook.com/
CityMartSupermarketMyanmar

City Mart

20th Anniversary Celebration

Come Celebrate

28th July ~

20 Anniversary ~ 20% off

Top
Cashew Nut Without Skin/ Skin 100g
~~Ks. 2,250/~~
1,800

CJ
Pure Soybean Oil 0.9Ltr
~~Ks. 1,950/~~
1,560

Coca-Cola
Coke 1.5Ltrx3's ks.800/ each
~~Ks. 2,400/~~
1,920

Head & Shoulders
Shampoo 350ml Men 315ml
~~Ks. 3,800/~~
3,000

LUX
Shower Cream 500ml
~~Ks. 3,650/~~
2,900

Luminarc
Sterling Tumbler 6's x 33CL
~~Ks. 6,450/~~ set
5,100

Johnson's baby
JOHNSON'S All Range

REVLON
REVLON
All Ranges Of Skin Care
All Ranges Of Photo Ready
Color Cosmetics

BEAUTE LIFE
Shower Scrub 320ml
~~ks.4,200/~~
3,350

C'CARE
Ultra Body Lotion 200ml
~~ks.4,650/~~
3,700

AMBIPUR
Air Freshener Spray 275g
~~ks.4,650/~~
3,700

KAO
Magic Bathroom Cleaner 900ml
~~ks.2,150/~~
1,700

GATSBY
Hair Styling Wax 75g
~~ks.3,200/~~ each
2,550

EVA
Napkin Wing Maxi 10's
~~ks.1,300/~~ each
1,000

KANGAROO
Induction Cooker KG-365I
~~ks.46,000~~
36,800

One Week Special

28th July ~ 3rd August, 2016

ORION
Choco Pie 12's 336g
Buy 2 Get 20% Off
~~Ks. 5,300~~
4,240

TIPCO
100 % Juice Sai Nam Phueng Orange 1Ltr
~~Ks. 2,450/~~
1,950

GLICO POCKY
Biscuit Stick Chocolate 40g Strawberry 38g
Buy 2 Get 20% Off
~~Ks. 1,200~~
960

MUNCHY'S
Lexus Sandwich Calcium Cracker Cheese/ Chocolate Vegetable 200g
~~Ks. 2,200~~
1,800

SHOKUBUTSU
Body Foam 900ml
~~Ks. 6,700/~~ each
5,350

NAUTILUS
Tuna Chunks In Spring Water Steak In Oil
~~Ks. 2,150/~~ each
1,800

MYBABY
Diaper Pants (S/M/L)
~~Ks. 6,600~~
5,300

NIVEA
Lady Roll On 50ml
~~Ks. 2,850/~~ each
2,300

JUMBO
Vape Insect Killer Spray 600ml
~~Ks. 2,550/~~ each
2,000

LACTACYD
Feminine Wash White Intimate Revitalize 150ml
~~Ks. 2,850/~~ each
2,300

FARFALLA
Coffee Maker FCM-SC12 730 Watt Made In China
~~Ks. 25,200~~
20,000

KANGAROO
Hot & Cold Table Water Dispenser KG-33TN 600 Watt Made In Vietnam
~~Ks. 79,000~~
63,200

WE ACCEPT TELEPHONE ORDER
email: enquiry@city.com.mm
Hot line: 01-253022
Prices may change without prior notice.While Stocks Last!
All items limited to 6pcs per customer.

DELIVERY ORDER CONTACT
Phone : (+95) 01- 253022
Email : bm-aungsan@city.com.mm
Orders before 1 pm will be delivered within the same day
Orders received after 1 pm will be delivered the next day (within the afternoon).

www.citymart.com.mm citymart_supermarket @citymartmm www.facebook.com/CityMartSupermarketMyanmar

With Us!

10th August, 2016

Free Gift

20% Off

Fun

20% Off

BROCCOLI (Imported)
~~ks.1,100/- Po~~
880

NEW ZEALAND Kiwi Gold
~~ks.820/- 100g~~
650

FRESH Chicken Breast Boneless
~~ks.660/- 100g~~
530

CP Smoked Chicken/Pork 200g
~~ks.2,900/-~~ each
2,320

C & B Chicken/Pork 200g
20 % Off

BETAGEN Fermented Milk Low Fat 4x85ml/6x85ml Drinking Yogurt Assorted Flavour 85ml
20 % Off

IMPERIAL Cream Crackers Wholewheat 480g
~~ks.4,250~~
3,400

WHITE CASTLE Butter Cookies 454g
~~ks.4,400~~
3,520

OVALTINE Sandwich Cookies Chocolate Cream 360g
~~ks.2,300~~
1,850

SAMUDRA Butterflies Puff Pastry 100g, Toy Mix Asst Cookies 150g
~~ks.1,200~~
960

PEPPERIDGE FARM Distinctive Butter Chessmen 206g, Milano Chocolate Cookies Dark/Milk 170g
~~ks.3,750/-~~ each
3,000

FERRERO ROCHER Chocolate Hazelnut T-30 375g
~~ks.11,900/-~~ each
9,520

MISTER Potato Crisps Original/Barbecue/Hot & Spicy Sour Cream & Onion 160g
~~ks.1,600~~
1,280

GAYA FARM Juice 100% Tangerine & Carrot 1.5Ltr
~~ks.3,550/-~~ each
2,840

KOKA Instant Noodle Singapura Laksa 90g, Spicy Migoreng Fried 85g
~~ks.500~~
400

SAW MO Pickled Tea Leaves Tips /Spicy 311g
~~ks.4,500/-~~ each
3,600

Special Gift

Colgate Toothpaste Twin 145g/180g
Buy 1 Get 1
2,850Ks.

ROYAL Canin Dog Food Mini Junior 800g
Buy 1 Get 1 Free
8,200Ks.

OVALTINE Malted Milk 400g (Bof)
Buy 1 Get 1 Free
4,350Ks.

SUNKIST Sparkling Orange 330ml
Buy 3 Get 1 Free
450Ks./each

PHILIPS Air Fryer HD-9220
Buy 1 Get 1 Free
~~ks.255,000~~
249,000Ks.

PANASONIC Jar Pot 2.2L NC-EM22P/EH22P (NS)
46% Off
~~ks.75,000~~
40,000Ks.

One Week Special

28th July ~ 3rd August, 2016

YOYAR Instant Noodle Chicken Curry 59g, Pork Bamboo Curry 58g
Buy 4 Get 1 Free
250Ks.

DUTCH LADY UHT Milk Full Cream 1Ltr
Buy 1 Get 1 Free
1,900Ks.

RICH 3 In 1 Coffee Mix 30's 600g
Buy 1 Get 1 Free
2,500Ks.

PILOT Gel Pen/Ball Pen Mechanical Pencil
Buy 1 Get 1 Free
2,100Ks.

GAIN IQ Milk Powder Intelli Pro 850g
~~Ks. 39,600~~
36,600Ks.

SUNAR Sunflower Oil 2Ltr
~~Ks. 4,900/-~~ each
4,200Ks.

Special Price

Ensure Life Milk Powder Vanilla/Strawberry Chocolate Flavour 850g
~~Ks. 36,350/-~~
32,000

TAO KAE NOI Big Sheet Seaweed Original/ Spicy Japaness Sauce 12's 48g
~~ks.1,900~~
1,700

HAMMER Butter 454g
~~ks.6,300~~
5,500

COOK & LOBSTER Fish Sauce 750ml (Glass)
~~ks.1,200~~
1,100

THA BAR WA Organic Paw San Hmwe Rice 10Kg
~~ks.13,000~~
11,000

AUNG SAN	☎ 01-253022, 394765 (9:00AM to 9:00PM)
47th STREET	☎ 01-200026, 298746 (9:00AM to 9:00PM)
JUNCTION 8	☎ 01-650778 (9:00AM to 9:00PM)
FMI CITY	☎ 01-682323 (9:00AM to 9:00PM)
YANKIN CENTRE	☎ 01-400284 (9:00AM to 9:00PM)
MYAY NI GHONE	☎ 01-510697 (24 HOURS)
ZAWANA	☎ 01-564532 (9:00AM to 9:00PM)
SHWE MYA YAR	☎ 01-294063 (9:00AM to 9:00PM)
CHINATOWN POINT	☎ 01-215560~63 (9:00AM to 10:00PM)
JUNCTION MAW TIN	☎ 01-218159 (9:00AM to 9:00PM)
THAMINE	☎ 01-654566 (9:00AM to 10:00PM)
JUNCTION SQUARE	☎ 01-527053 (9:00AM to 9:00PM)
STAR CITY (THANLYIN)	☎ 056-23150/51/52/53 (9:00AM to 9:00PM)
AKK (SHOPPING MALL)	☎ 01-8500515 (9:00AM to 9:00PM)
SOUTH DAGON	☎ 01-8100727 (9:00AM to 9:00PM)
19th STREET (MANDALAY)	☎ 02-61139, 61240 (9:00AM to 9:00PM)
SHWE PINLON	☎ 01-580139, 6010246 (9:00AM to 9:00PM)
